မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂)
အမှတ် (၁၂၀)

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ တနင်္လာနေ့။

ထူးခြားသည့် ညအပူချိန်များ

၂၇-၁-၂၀၁၃

လွိုင်လင်မြို့	၀	ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၀	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၂	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၃	ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၃	ဒီဂရီစင်တီဂရိတ်

သာယာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

၂၀၁၃ ခုနှစ် ပထမအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ပေးအပ်ချီးမြှင့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၇

၂၀၁၃ ခုနှစ် ပထမအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၃၂ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၆ နာရီတွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ဖွင့်လှစ်ပေးပြီး ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲဝင်မှုများကို ကြည့်ရှုအားပေးသည်။

အစီအစဉ်အရ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က Flashing Ball အား ရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြပြီး ပထမနေ့(၁၈)ကျင်းပြိုင်ပွဲများကို ပြိုင်ပွဲဝင်အသင်းများမှ ဂေါက်သီးရိုက်အားကစားသမားများသည် မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ အလှည့်ကျ ယှဉ်ပြိုင်ကစားကြသည်။

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၆ နာရီတွင် မြို့တော်ဂေါက်ကွင်းနှင့်ရေပြာဂေါက်ကွင်းတို့၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ကျင်းပသည့် ပြိုင်ပွဲများသို့ တက်ရောက်အားပေးသည်။

ညနေပိုင်းတွင် ၂၀၁၃ ခုနှစ် ပထမအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၄ ✻

အင်းလေးကန်ကို ကမ္ဘာ့အမွေအနှစ်ဥယျာဉ်များ စာရင်းသွင်းနိုင်ရေးကြိုးစားနေ

နေပြည်တော် ဇန်နဝါရီ ၂၇

မြန်မာ့ရေမြေတွင် သဘာဝအလှအပများစွာတည်ရှိသည်။ မြန်မာ့တောတောင်ရေမြေအလှအပများစွာရှိသည့်အနက် အင်းလေးကန်သည်လည်း အဓိကနေရာတစ်ခုအဖြစ်တည်ရှိနေသည်။ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစားလာရောက်လည်ပတ်ကြည့်ရှုရာ နေရာတစ်ခုဖြစ်သဖြင့် ပျက်ယွင်းမှုမရှိစေရန် ထိန်းသိမ်း စောင့်ရှောက်လျက်ရှိရာ ယခုအခါ အင်းလေးကန်ကို ကမ္ဘာ့အမွေအနှစ်ဥယျာဉ်များ စာရင်းတွင် ထည့်သွင်းနိုင်ရေး ကြိုးစားလျက်ရှိနေပြီဖြစ်သည်။

"အင်းလေးကန်ကို ကမ္ဘာ့အမွေအနှစ်ဥယျာဉ်များစာရင်းမှာ ထည့်သွင်းနိုင်ရေးကြိုးစားနေပါတယ်။ ဒါကြောင့် လိုအပ်တဲ့နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ယူနက်စကိုနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေပြုလုပ်ဖို့ စီစဉ်နေပြီး ဖြစ်မြောက်အောင်ကြိုးစားသွားမှာပါ"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်းလေးကန်ကို ကမ္ဘာ့အမွေအနှစ်ဥယျာဉ်များစာရင်းတွင် ထည့်သွင်းနိုင်ရေးအတွက် လိုအပ်သည့်နည်းပညာပိုင်းများကို ယူနက်စကိုနှင့် နော်ဝေနိုင်ငံအခြေစိုက် Nordic World Heritage Foundation တို့နှင့် ညှိနှိုင်းရေးများ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။

အရုဏ်ဦး-ရေးသည်

တစ်ဖန် အင်းလေးကန်ရေရှည်တည်တံ့နိုင်ရေးအတွက် သစ်တောဦးစီးဌာနနှင့် UN HABITAT တို့ပူးပေါင်းကာ စီမံချက်ရေးဆွဲနိုင်ရေးအတွက်လည်း ဆောင်ရွက်နေပြီ ဖြစ်သည်။ မြန်မာ့တောတောင်ရေမြေသဘာဝအလှတရားနှင့် ပြည့်စုံနေသော အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် UNDP နှင့် ပူးတွဲကာ အချိန်ကာလ ထပ်မံတိုးချဲ့ဆောင်ရွက်ရေးကိုလည်းကြိုးစားလျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၆ ✻

ရှမ်းပြည်နယ်ရှိ အင်းလေးကန်၏ လှပသောမြင်ကွင်းကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကြီးပွားတိုးတက်ရေးအရည်အချင်းကောင်း

ကြီးပွားတိုးတက်ရန်အတွက် အရည်အချင်းကောင်းတစ်ခုမှာ မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ခြင်းဖြစ်သည်။ တစ်ဦးအပေါ်တစ်ဦး ကောင်းကျိုးလိုလားကာ မေတ္တာတရားရှိနေသမျှ ပဋိပက္ခ မည်သည့်အခါမျှ ဖြစ်ပေါ်မည်မဟုတ်။ တစ်ဦးပျက်စီးရာ ပျက်စီးကြောင်းကို တစ်ဦးကလိုလားပြီး မေတ္တာတရားမထား နိုင်ပါက ပဋိပက္ခသဏ္ဌာန်ဖြစ်ပေါ်နေလိမ့်မည်။ လူတိုင်းသည် စိတ်ဓာတ်ကောင်းမွန်ရန် အရေးကြီးဆုံးဖြစ်သည်။ စိတ်ဓာတ်ကောင်းကောင်းနှင့် လုပ်ဆောင်ပါက အရာရာကို အောင်မြင်ကျော်လွှားနိုင်သည်။

လူတိုင်းသည် စိတ်ဓာတ်၊ အတွေးအခေါ်၊ ခံယူချက်များ ထားတတ်ရန်လိုပေသည်။ လူတိုင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်သည်။ တစ်ပါးနိုင်ငံများ တိုးတက်မှုကို ထိုင်ကြည့်ပြီး အားကျနေရုံနှင့်မပြီး။ ပြောနေရုံနှင့်မပြီး။ ယင်းသို့ တိုးတက်ရန် မည်သို့လုပ်ဆောင်ရမည်ကို အားကျအတုယူပြီး လူတိုင်းသည် မိမိကိုယ်မိမိ အရည်အချင်းများပြည့်ဝနေရန် လုပ်ဆောင်ကြရမည်ဖြစ်သည်။ ကြိုးစားကြရမည်ဖြစ်သည်။ စိတ်ဓာတ်၊ အတွေးအခေါ် အယူအဆကောင်းများနှင့် ကြံစည်အားထုတ်ပြီး မိမိကိုယ်မိမိ အရည်အချင်းပြည့်ဝနေရန် လုပ်ဆောင်ကြရမည်ဖြစ်သည်။ အခြားသူ၏ တိုးတက်မှုကို မစ္ဆရိယစိတ်မထား ကိုယ်ကိုယ်တိုင် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။

မိမိစိတ်ကို မိမိကိုယ်တိုင်သာ ပြုပြင်ဖန်တီးနိုင်သည်။ စိတ်ဓာတ်ယုတ်ညံ့သိမ်ဖျင်းပါက မိမိ၏ ဆောင်ရွက်မှုများသည် အခက်အခဲတွေ့ရှိပြီး အောင်မြင်မှုရလဒ်ကို မခံစားရနိုင်ပေ။ စိတ်ကောင်းစေတနာထားရှိပြီး ဆောင်ရွက်ပါက တိုးတက်မှု၊ အောင်မြင်မှုရလဒ်ကို ရရှိခံစားရမည်ဖြစ်သည်။ သက်ရောက်မှုတိုင်းတွင် တူညီသောတန်ပြန် အကျိုးသက်ရောက်မှုကို ပြန်လည်ခံစားရသည်။

နေ့စဉ်လူတို့သည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်တည်းမဟုတ်။ အစုအဖွဲ့၊ အုပ်စု၊ အသင်းအဖွဲ့၊ ဌာန စသည်ဖြင့် တူရာတူရာစုစည်းမှုဖြင့် ပြောဆိုဆောင်ရွက်ကြရသည်။ ဘာသာရေးအရ နှီးနှောယ်ပြောလျှင် ဗုဒ္ဓဘာသာတို့၏ တရားတော်အရ ပဋ္ဌာန်းဆက်ကြောင့် အားလုံး လာရောက်ဆုံစည်းကြရခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြရာဝယ် မိသားစုဆွေမျိုးကဲ့သို့ သဘောထားပြီး မတူတာများ ဘေးဖယ်ထားပြီး တူတာများနှင့် ညှိနှိုင်းတိုင်ပင်စည်းစည်းလုံးလုံးဆောင်ရွက်ကြလျှင် ကိစ္စအားလုံးသည် အဆင်ပြေချောမွေ့သွားနိုင်သည်။ ပဋိပက္ခအသွင်ကိုမဆောင်။

လောကတွင် မည်သည့်အရာမျှ မတည်မြဲ။ လူ့ဘဝသည် အလွန်တိုတောင်းသည်။ ယင်း တိုတောင်းသော ကာလတွင် လူတို့သည် အရာရာကို စိတ်ကောင်းစေတနာမှန်နှင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အတ္တနှင့်ပရမျှတနေစေရမည်။ သူတစ်ပါး အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်း၊ မနာလိုဝန်တိုစိတ်များ၊ မစ္ဆရိယစိတ်များကို ပယ်ရှားကြရမည်ဖြစ်သည်။ ယင်းအကုသိုလ်စိတ်များသည် သံသရာအထိပါသွားမည်ဖြစ်သည်။ သံသရာအထိ ပါသွားမည်မှာ ကုသိုလ်နှင့် အကုသိုလ်သာဖြစ်သည်။ တိုတောင်းသော အချိန်ကာလလေး၏ နေ့စဉ်ဆောင်ရွက်မှုများတွင် မိမိအကျိုးစီးပွား၊ အများအကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားများ တိုးတက်ရာတိုးတက်ကြောင်း လုပ်ဆောင်ခြင်းသည် မြတ်သောမင်္ဂလာဖြစ်သည်။

လူတိုင်းသည် ဗြဟ္မစိုရ်တရားလက်ကိုင်ထားပြီး ကြီးပွားတိုးတက်ရန် မိမိကိုယ်မိမိ အရည်အချင်းပြည့်ဝရန် စဉ်ဆက်မပြတ်လေ့လာမှတ်သား၍ ကောင်းသောယှဉ်ပြိုင်မှုများနှင့် ကြိုးစားအားထုတ်ကြလျှင် လိုရာခရီးသို့ မလွဲဧကန်ရောက်ရှိမည်ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်း

အနုပညာစင်တင်ပွဲနှင့် စျေးရောင်းပွဲတော်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၇

၂၀၁၂-၂၀၁၃ ပညာသင်နှစ် အနုပညာစင်တင်ပွဲနှင့် စျေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီခွဲက ပုသိမ်တက္ကသိုလ်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းစိုးတို့က အနုပညာစင်တင်ပွဲနှင့် စျေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့်အတူ အထူးပြုဘာသာရပ်အသီးသီးမှ ဖွင့်လှစ်ထားသည့် စျေးဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။ ပုသိမ်တက္ကသိုလ် အနုပညာအသင်းကြီးက ကြီးမှူးကျင်းပသော ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အနုပညာစင်တင်ပွဲ အခမ်းအနားကို ညနေ ၆ နာရီခွဲ၌ ကျင်းပရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေကြပြီး ပုသိမ်တက္ကသိုလ် အနုပညာအသင်းအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်မိသားစုနှင့် အစိုးရအဖွဲ့မိသားစုတို့၏ ချီးမြှင့်ငွေကျပ်ငါးသိန်းနှင့် တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းမိသားစု၏ ချီးမြှင့်ငွေကျပ် တစ်သိန်းတို့ကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးတင်စိုးက ပုသိမ်တက္ကသိုလ် အနုပညာအသင်း ဥက္ကဋ္ဌ ဒေါက်တာမြင့်မြင့်စန်းထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်တန်ခွဲခန့်ရှိ ခေါင်းလောင်းကြီး ရွှေတိဂုံဘုရားသို့ လှူဒါန်း

ဇန်နဝါရီ ၁၈ ရက်၌ အမေရိကန်နိုင်ငံတွင်အခြေစိုက်သော ဗုဒ္ဓဘာသာအဖွဲ့က လှူဒါန်းသည့် နှစ်တန်ခွဲခန့်ရှိ ခေါင်းလောင်းကြီး ရွှေတိဂုံစေတီတော်သို့ ရောက်ရှိသည်။

ဂျာမနီနိုင်ငံမှ ပညာရှင်များက သွန်းလောင်းခြင်းဖြစ်သည်။ ဆင်ရန်တန်းများ၊ တိုင်များပါ တစ်ပါတည်းပါလာသည့်အတွက် ၎င်းနိုင်ငံမှ ပညာရှင်များကိုယ်တိုင် လာရောက်တပ်ဆင်ပေးမည်ဖြစ်သည်။ အနောက်ဘက်ထောင့် အောက်ပစ္စယာရှိ အိန္ဒိယနိုင်ငံမှ လှူဒါန်းထားသော ဘုရားအနီးတွင် ထားရှိမည်ဖြစ်သည်။

ဘုရားပေါ်၌ တတိယအဆင့် အကြီးဆုံးခေါင်းလောင်းကြီး ဖြစ်လာမည်။ ပထမအကြီးဆုံးသော ခေါင်းလောင်းကြီးမှာ သာယာဝတီမင်း လှူဒါန်းခဲ့သော ၄၂ တန်ရှိ ခေါင်းလောင်းကြီးဖြစ်သည်။ ဒုတိယအကြီးဆုံးခေါင်းလောင်းကြီးမှာ စဉ့်ကူးမင်း လှူဒါန်းထားသော ၂၄ တန်ရှိ ခေါင်းလောင်းကြီးဖြစ်သည်။

မှတ်တမ်းနှင့်ဓာတ်ပုံ - ကိုကြီးတင်

ဘုရားကြီးပေါ်တွင် ဝိုင်ဖိုင်သုံးစွဲခြင်းနှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများအား ၄၅ မိနစ်စာ အခမဲ့ သုံးစွဲခွင့်ပြုမည်ဖြစ်သည်။

ဇန်နဝါရီ ၂၄ ရက်မှစ၍ အနောက်မုခ်စက်လှေကားများကို စမ်းသပ်အသုံးပြုနေပြီဖြစ်သည်။ ကုန်ကျမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ငါးသိန်း ကုန်ကျခဲ့သည်။

ဘုရားကြီးပေါ်သို့ နိုင်ငံခြားသား ဧည့်သည်ဝင်ရောက်မှုမှာ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၃ ရက်အထိ ၃၆၈၃၅ ဦးဖြစ်သည်။ အများဆုံး ဝင်ရောက်ခဲ့သောလူမျိုးများမှာ ထိုင်းလူမျိုး ၄၉၁၄ ဦး၊ တရုတ်လူမျိုး ၃၄၁၆ ဦး၊ ကိုရီးယားလူမျိုး ၂၈၈၁ ဦး၊ ဂျပန်လူမျိုး ၁၆၃၇ ဦး၊ အမေရိကန်လူမျိုး ၁၄၉၈ ဦး ဖြစ်သည်။

ဧည့်ဝင်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၁၈၁၁၃၀၊ အက်(ဖ်)အီးစီ ၁၀၄၅ ရရှိပြီး အလှူငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၃၆၀၂ နှင့် အက်(ဖ်)အီးစီ ၄၄ ရရှိခဲ့သည်။

ပြင်ဦးလွင် မြို့မစျေးကြီးဝန်းကျင် ဆိုင်ကယ်၊ သုံးဘီးများစည်းကမ်းရှိစေချင်

ပြင်ဦးလွင်မြို့ နာရီစင်လမ်းနှင့် ရုံးပေါ်စုံလမ်း အချက်အချာကျသော လမ်းနှစ်လမ်းတို့ဆုံရာ နေရာသည် မန္တလေး-လားရှိုး ကုန်စိမ်း၊ ကုန်ခြောက် ကုန်ပစ္စည်းများ အတင်အချပြုလုပ်ရာ နေရာလည်းဖြစ်သည့်အပြင် အနယ်နယ်အရပ်ရပ်မှ ကုန်သည်များ၊ မြို့နေပြည်သူများ အဓိကထား ရောင်းဝယ်ကြသည့် မြို့မစျေးကြီး တည်ရှိရာနေရာ လမ်းဆုံတစ်ခုလည်းဖြစ်သည်။ ယခု လမ်းဆုံနေရာကို တစ်လမ်းမောင်းနေရာအဖြစ် သတ်မှတ်ထားပြီး သုံးဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့် စျေးဝယ်လာသော ကားသေးများ ဝင်ရောက်ခြင်းမပြုရသည့် နေရာလည်းဖြစ်သည်။ နံနက် ၄ နာရီမှ စ၍ စည်ကားရောင်းဝယ်နေသော နေရာလေးသည် ပြင်ဦးလွင်မြို့၏ စီးပွားရေးအချက်အချာ စားဝတ်နေရေးအဆင်ပြေစေသည့် ကုန်စည်ဖလှယ် ရောင်းဝယ်နေကြသည်မှာ နေ့စဉ်မင်္ဂလာရှိစွာ မြင်တွေ့နေရသည်။

လူအများအတွက် အကျိုးပြုသော နေရာလေးတွင် တစ်လမ်းမောင်းလမ်းကို ပိတ်ဆို့၍ အနှောင့်အယှက်ဖြစ်စေသော ဆိုင်ကယ်၊ သုံးဘီးများမှာ ဂိတ်မရှိဘဲ လမ်းလယ်ကောင်ရပ်၍ လူအတင်အချပြုလုပ်ခြင်း၊ စျေးဝယ်ခြင်း၊ သုံးဘီးကား၊ ထော်လာဂျီနှင့် စျေးဝယ်လာသော ကားသေးတို့က သတ်မှတ်နေရာ သတ်မှတ်အချိန် မဟုတ်ဘဲ ဝင်ရောက်အတင်အချပြုလုပ်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင်အခြေကျ စျေးဆိုင်များအနေဖြင့် လမ်းပိတ်ဆို့မှုဖြစ်၍ စျေးမရောင်းရခြင်း၊ စျေးဝယ်လာသော စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးကားများနှင့် ပွတ်တိုက်ခြင်းများ မကြာခဏ ဖြစ်ပေါ်နေသည်မှာ ကာလအတန်ကြာပြီဖြစ်သည်။

ပြင်ဦးလွင်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ချမှတ်ထားရာတွင် (၂)လမ်းမှ (၁)လမ်းသို့

ထင်သာမြင်သာ ပြုပြင်စရာ

စတင်ဝင်ရောက်ရာတွင် တစ်လမ်းမောင်းအဖြစ် သတ်မှတ်ထားရာ လမ်းပိတ်ဆို့မှုကြောင့် လမ်းပြောင်းပြန်မောင်းမိ၍ ယာဉ်ကြောပိတ်မိခြင်း၊ ယာဉ်အချင်းချင်း ချိတ်မိခြင်းများ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။ ထို့ထက်ပိုဆိုးသည်က မြို့မစျေးကြီးနှင့်ကပ်လျက်တွင် မီးသတ်ယာဉ်များထားရာတွင် မီးသတ်ဦးစီးဌာနရှိနေခြင်းပင် ယခုအခါသည် ဆောင်းအကုန်နွေအကူးကာလဖြစ်၍ မီးဘေးအန္တရာယ်ကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ မြို့၏ကျက်သရေဆောင် မြို့မစျေးစည်ပင်သာယာရေးအတွက်လည်းကောင်း စည်းကမ်းများ ချမှတ်ဆောင်ရွက်ပေးခြင်းကို ပြည်သူများမှ လိုလားလျက်ရှိကြောင်း ထင်သာမြင်သာကဏ္ဍမှ ရေးသားတင်ပြလိုက်ရပါသည်။

(ဝ၃၂)

သွေး သည်အသက်

သံဝေဇနီယလေးဌာန-အိန္ဒိယ-နီပေါ ဘုရားဖူးအဖွဲ့
(၁၄) ညအိပ် (၁၅) ရက်ခရီး ကျပ် (၈ သိန်း) စရိတ်ငြိမ်း
ဒေါ်ခင်စင်း ကိုယ်တိုင်ဦးဆောင်၍ ခရီးစဉ်တစ်လျှောက်
နွေးထွေးသော ဝန်ဆောင်မှုများဖြင့် ကူညီလိုက်ပါမည်။
အမှတ် (၆)၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၂၁၅၈၆၊ ၂၂၂၅၂၇၊ ၀၉ - ၅၃၇၀၁၅၆၊ ၀၉ - ၇၃၁၉၆၄၃၆

INTERNET journal
FTTH
Facial recognition Privacy Visor
Firefox Mozilla Geeksphone
Windows 8 & Windows Phone 8 Products

မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ပါရီကလပ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များတွေ့ဆုံ ကြွေးမြီအားလုံး၏ ၆၀ ရာခိုင်နှုန်း သက်သာစေရန်အတွက် အထူးကောင်းမွန်သည့် ရလဒ်တစ်ခုရရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ပါရီကလပ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဇန်နဝါရီ ၂၅ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာမှ အောင်မြင်မှုအဖြစ် ကြွေးမြီအားလုံး၏ ၆၀ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာသန်း ၆၀၀၀ နီးပါးသက်သာစေရန်အတွက် အထူးကောင်းမွန်သည့် ရလဒ်တစ်ခုရရှိခဲ့သည်။ ထို့ပြင် အခြားနိုင်ငံများကလည်း ကြွေးမြီများကို သက်သာစွာ လျှော်ပစ်ပေးရန်အဆင်သင့်ရှိရာ လာမည့်ခြောက်လအတွင်း ကြွေးမြီများကို လျှော်ပေးကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီများကို ဖြေရှင်းရန် သဘောတူညီချက်အနေဖြင့် ပါရီကလပ်မြီရှင်များသို့ ပေးရန်ကျန်ကြွေးငွေ၏ ၅၀ ရာခိုင်နှုန်းကို အထူးအစီအစဉ်တစ်ရပ်အဖြစ် မြီရှင်နိုင်ငံများက လျှော်ပေးမည်ဖြစ်ကာ ကျန်အကြွေးကို ဆိုင်းငံ့ကာလ (၇)နှစ်အပါအဝင် (၁၅)နှစ်အတွင်း ပြန်လည်ပေးဆပ်ရန် အားလုံးသဘောတူညီခဲ့ကြသည်။

အလားတူ နော်ဝေနိုင်ငံက ၄င်းတို့ရရန် ကြွေးငွေအမေရိကန်ဒေါ်လာ ၅၃၄ သန်းကို လျှော်ပေးရန်သဘောတူခဲ့ပြီး ဂျပန်နိုင်ငံကလည်း ကျန်ကြွေးမြီ အမေရိကန်ဒေါ်လာ သန်း ၃၀၀၀ ကျော်ကို လျှော်ပေးရန် လုပ်ဆောင်လျက်ရှိသည်။

အစည်းအဝေးများအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုနှင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့အပေါ် ပါရီကလပ်အဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြုခဲ့ကြသည့်အပြင် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်စီစဉ်ထားရှိမှုကိုလည်း ပါရီကလပ်က ကြိုဆိုခဲ့သည်။

ကြွေးမြီလျှော့ပေးရာမှ ဖြစ်ပေါ်ရရှိလာမည့် အရင်းအမြစ်များကို ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုဘောင်ကို အခြေခံ၍ အားတက်သရောတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဆိုပါအစည်းအဝေးများ တက်ရောက်စဉ် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ တောင်ငူခရိုင်နှင့် ပဲခူးခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ရှင်းလင်းတင်ပြချက်များကို ခရိုင်လေးခရိုင်မှ အုပ်ချုပ်ရေးမှူးများက ဖြည့်စွက်တင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့
မြန်မာ့အလင်းမှာ ကြော်ငြာစို့

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးဟံစိန် သွားရောက်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်သည် ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)သို့ ရောက်ရှိလာရာ အစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဒဂုံဆိပ်ကမ်း သင်္ဘောကျင်းသစ်သို့ ပြောင်းရွှေ့မှုလုပ်ငန်းအခြေအနေများ၊ ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဒဂုံဆိပ်ကမ်းတွင် သင်္ဘောကျင်းသစ်တည်ဆောက်နေမှုနှင့် ပြီးစီးမှု၊ ဝန်ထမ်းနှင့် အရာထမ်းအိမ်ရာများ၊ သင်္ဘောကျင်းစတိုများ၊ အလုပ်ရုံ၊ စက်ရုံများ၊ သင်္ဘောကျင်းရုံးခန်းများ၊ သင်တန်းခန်းမ၊ သောက်သုံးရေသိုလှောင်ကန်နှင့် ရေစင်တည်ဆောက်ပြီးစီးမှု၊ လွှန်းလမ်းများ၊ လွှန်းကျင်းများ၊ ဆိပ်ခံတံတားများ တည်ဆောက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

မြန်မာနိုင်ငံအပေါ်တင်ရှိနေသော အာရှဖွံ့ဖြိုးရေးဘဏ်၏ ကြွေးမြီများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန် ၁၉၇၃ ခုနှစ်ခန့်ကစ၍ အာရှဖွံ့ဖြိုးရေးဘဏ်မှ ဖွံ့ဖြိုးမှုချေးငွေများရယူခဲ့ပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရသည် အဆိုပါချေးငွေများအနက် ပေးဆပ်ရန် အချိန်စေ့ရောက်ပြီးနောက် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိခဲ့သည့် ကြွေးမြီလက်ကျန်များကို အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဘဏ်တို့နှင့် ညှိနှိုင်း၍ စာရင်းရှင်းလင်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ ကြိုးပမ်းခဲ့သည်နှင့်အညီ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၅၁၂ သန်းကို ပေါင်းကူးချေးငွေရယူ၍ အာရှဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည်ပေးဆပ်နိုင်ခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ပြန်လည်ရရှိသည့် နှစ်ပေါင်း ၃၀ အတွင်း ပထမ အများဆုံးချေးငွေဖြစ်သော အမေရိကန်ဒေါ်လာ ၅၁၂ သန်းဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဘဏ်၏ ပေါင်းကူးချေးငွေအား ယင်းနေ့တွင်ပင် ပြန်လည်ပေးဆပ်ခြင်းဖြင့် ကြွေးမြီလက်ကျန်စာရင်း ရှင်းလင်းခြင်းလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းတစ်ခုဖြစ်သော အာရှဖွံ့ဖြိုးရေးဘဏ်၏ ကြွေးမြီလက်ကျန်များကို ရှင်းလင်းနိုင်ခြင်းကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းတွင် တာဝန်သိ နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသော ဖွံ့ဖြိုးမှုဆိုင်ရာအတိုးနှုန်းသက်သာသည့် ချေးငွေအစီအစဉ်အသစ်များကိုလည်း ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်မှလည်း မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုများအတွက် ခိုင်မာသောအခြေခံအုတ်မြစ် တည်ဆောက်နိုင်ရန် လိုအပ်သော လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီများကို ပေးအပ်နိုင်ရန် ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အရှေ့ပိုင်းဒေသများတွင် နေရာကွက်၍ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၀ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။



နိုင်ငံတကာသတင်း

ချက်သမ္မတ မီလော့စ်ဇီမန်း ဖြစ်လာ

ပါရာဂွီ ဇန်နဝါရီ ၂၇

ချက်သမ္မတ ရွေးကောက်ပွဲတွင် ယခင်ဝန်ကြီးချုပ်ဟောင်း မီလော့စ်ဇီမန်း**(ယာပုံ)**က ပြိုင်ဘက်ကာရယ် ရှုဝါဇန်ဘာအား အနိုင်ရပြီး ရွေးချယ်ခံခဲ့ရကြောင်း ချက်မီဒီယာများက ဇန်နဝါရီ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆန္ဒမဲများကို ချက်ရွေးကောက်ပွဲကော်မရှင်က ရွေးချယ်စိစစ်ပြီးနောက် ဝန်ကြီးချုပ်ဟောင်း မီလော့စ်ဇီမန်းက ၅၄ ဒသမ ၈ ရာခိုင်နှုန်း ထောက်ခံမဲရရှိပြီး ပြိုင်ဘက် ကာရယ်ရှုဝါဇန်ဘာက ၄၅ ဒသမ ၂ ရာခိုင်နှုန်းရရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

ချက်နိုင်ငံသမ္မတသစ်ဖြစ်လာမည့် ဇီမန်းသည် သူ၏အစိုးရအဖွဲ့ မကြာမီရက်များအတွင်း ရွေးချယ်ဖွဲ့စည်းမည်ဖြစ်သည်။ နိုင်ငံခြားရေး၊ ဗဟိုဘဏ်နှင့် တရားစီရင်ရေးတို့တွင်လည်း လူသစ်များဖြင့် ရွေးချယ် တာဝန်ပေးသွားမည်ဖြစ်သည်။

မီလော့စ်ဇီမန်းသည် ချက်နိုင်ငံသမ္မတအဖြစ် လာမည့် မတ်လ ၈ ရက်၌ ကျမ်းသစ္စာကျိန်ဆိုရမည် ဖြစ်သည်။ ချက်သမ္မတအဖြစ် တရားဝင်တာဝန်ထမ်းဆောင်ပါက ပထမဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် ဆလိုဗက်ကီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ၎င်းကထုတ်ဖော် ပြောကြားသည်။ ချက်သမ္မတဟောင်း ဗက်လက်ကလုစ်က သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရသည့် မီလော့စ်ဇီမန်း၏ အောင်မြင်မှုအတွက် ဝမ်းမြောက်ကြောင်း၊ သမ္မတတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည် ဟု ယုံကြည်ကြောင်းပြောကြားသည်။

(ဆင်ဟွာ)

တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ လန်ဒန်မြို့၌ ကျင်းပ

လန်ဒန် ဇန်နဝါရီ ၂၇

တရုတ်နိုင်ငံအား တစ်ကမ္ဘာလုံးက ယုံကြည်မှုများ တိုးတက်ဖြစ်ပေါ်စေမည့် ဆွေးနွေးပွဲတစ်ရပ်ကို လန်ဒန်မြို့၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပပြုလုပ်ခဲ့သည်။

ပညာရှင်များနှင့်ကျွမ်းကျင်သူ ၂၆ ဦးတို့ ပါဝင်ဆွေးနွေးခဲ့သော ၂၀၁၃ ခုနှစ်ဆိုင်ရာ တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်ကို တစ်ရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ အာရှ-ပစိဖိတ်ဆက်ဆံရေး၊ တရုတ်နှင့်အနောက်နိုင်ငံများ ဆက်ဆံရေး၊ လူငယ်ကဏ္ဍဖွံ့ဖြိုးရေး၊ လူဦးရေ တိုးလာမှုအလိုက် အာမခံမှုပေးနိုင်သော တရုတ်နိုင်ငံစီးပွားရေး အလားအလာများ၊ ဥပဒေများ ပြုပြင်ပြောင်းလဲရေးနှင့် တရုတ်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများ၏ ဆက်ဆံရေး အခြေအနေများကို ပါဝင်ဆွေးနွေးသူများက အမြင်ချင်းဖလှယ်ခဲ့ကြသည်။ " ကျွမ်းကျင်ပညာရှင်များ ဦးဆောင်တဲ့ အဲဒီဆွေးနွေးပွဲက ကျွန်တော်တို့အတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ရဲ့ အတွင်းသဘောအနှစ်သာရကို ကောင်းကောင်းသဘောပေါက်စေခဲ့ပါတယ်"ဟု ၂၀၁၃ ခုနှစ် တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အကြီးအကဲ ကျီလင်းက ပြောကြားသည်။

" ဆွေးနွေးပွဲရဲ့ အဓိက ရည်မှန်းချက်က တရုတ်နိုင်ငံကို တစ်ကမ္ဘာလုံးက နားလည်ယုံကြည်ပေးစေဖို့အပြင် တရုတ်နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတွေကိုပါ တိုးတက်ဖြစ်ထွန်းလာစေဖို့ ဖြစ်ပါတယ်" ဟု ဆက်လက်ပြောကြားသွားခဲ့သည်။

(ဆင်ဟွာ)

ဂျပန်နိုင်ငံမှ နယူးကိုမီတိုပါတီခေါင်းဆောင် ယာမာဂူချီ နှစ်နိုင်ငံဆက်ဆံရေးအတွက် တရုတ်သို့သွားရောက်ခဲ့

တိုကျို ဇန်နဝါရီ ၂၇

ဂျပန်ဝန်ကြီးချုပ်အာဘေး၏ မဟာမိတ်ပါတီဖြစ်သည့် နယူးကိုမီတိုပါတီခေါင်းဆောင် ယာမာဂူချီသည် နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး တိုးတက်ရန်အတွက် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးအဖြစ် သွားရောက်ခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။

ယာမာဂူချီသည် တရုတ်နိုင်ငံ၌ တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင် စီကျင်ပင်းနှင့် ဇန်နဝါရီ ၂၅ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။ တရုတ်နှင့် ဂျပန်နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန်အတွက်လည်း စီကျင်ပင်းနှင့် ယာမာဂူချီတို့ ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကလည်း တရုတ်နှင့်ဂျပန် နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ရန် ဆောင်ရွက်သွားမည့် ဆန္ဒရှိနေသည်။ တရုတ်နိုင်ငံနှင့်အတူ အရေးကြီးသော နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးမှုများ ပြုလုပ်သွားရန် အစီအစဉ်ရှိသည်။ ယာမာဂူချီ၏ နယူးကိုမီတိုပါတီသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)၏ အဓိက မဟာမိတ် ပါတီတစ်ခုဖြစ်သည်။ တရုတ်နှင့် ဂျပန်နှစ်နိုင်ငံအကြား ပြဿနာများကို တွေ့ဆုံဆွေးနွေးဖြေရှင်းမှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။

(ဆင်ဟွာ)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ အထည်ချုပ်စက်ရုံမီးလောင်

ဒါကာ ဇန်နဝါရီ ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ အထည်စက်ချုပ်ရုံတစ်ရုံ ဇန်နဝါရီ ၂၇ ရက်နံနက်က မီးလောင်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး အလုပ်သမားအချို့ ဒဏ်ရာရရှိခဲ့ကြောင်း ဒါကာမြို့ မီးသတ်တပ်ဖွဲ့မှ အရာရှိများက ပြောကြားသည်။

အဆိုပါ အထည်ချုပ်စက်ရုံမှာ စမတ်အထည်ချုပ်စက်ရုံဖြစ်ပြီး မီးလောင်မှု နှစ်နာရီခန့်ကြာဖြစ်ပွားပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ခဲ့သည်။ ယင်းစက်ရုံ မီးလောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

စက်ရုံမီးလောင်မှုကြောင့် အထည်ချုပ်စက်ရုံအဆောက်အအုံနှင့် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ မီးလောင်ခံခဲ့ရပြီး အလုပ်သမားခုနစ်ဦး သေဆုံးကာ အလုပ်သမား ငါးဦးဒဏ်ရာရရှိခဲ့သည်။ ယင်းစက်ရုံသည် ဒါကာမြို့မိုဟာမက်ပူရာ ခရိုင်အတွင်း တည်ရှိပြီး စက်ရုံအပေါ်ထပ်၌ သေဆုံးသူများကို မီးသတ်တပ်ဖွဲ့ဝင်များကတွေ့ရှိခဲ့သည်။

(ဆင်ဟွာ)

ဗင်နီဇွဲလားအနောက်မြောက်ပိုင်းအကျဉ်းထောင်တွင်း အဓိကရုဏ်းဖြစ်ပွား

ကရာကာ့စ် ဇန်နဝါရီ ၂၇

ဗင်နီဇွဲလားနိုင်ငံ အနောက်မြောက်ပိုင်းရှိ အကျဉ်းထောင်တစ်ခုတွင် ဇန်နဝါရီ ၂၆ ရက်က ထောင်တွင်း တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားမှုကြောင့် ၅၄ ဦး သေဆုံးပြီး အခြား ၈၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါပစ်ခတ်တိုက်ခိုက်မှုသည် နိုင်ငံအနောက်မြောက်ပိုင်း လာရာပြည်နယ် ဘာကွီစီမီတိုမြို့အပြင်ရှိ ယူရီဘာနာ အကျဉ်းထောင်၌ ဖြစ်ပွားခြင်းဖြစ်သည်။

ယင်းအကျဉ်းထောင်၌ တာဝန်ရှိသူများက လက်နက်များအလစ်ဝင်စစ်ဆေးမှုတစ်ရပ်ကို အကျဉ်းသားအချို့က ခုခံရာမှ ထိုသို့တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြောကြား

ပေါက်ကွဲသံများကို အဆိုပါ အကျဉ်းထောင်အနီးမှ ကြားခဲ့ရကြောင်း၊ ယင်းထောင်အတွင်းလောလောဆယ် အကျဉ်းသား ၂၆၀၀ ကို အကျဉ်းချထားကြောင်း ဗင်နီဇွဲလား အရာရှိ တစ်ဦး၏ပြောကြားချက်အရ သိရသည်။ အချင်းဖြစ်ပွားသည့်နေရာသို့ လူနာတင်ကား ၁၉ စီး ရောက်ရှိလာခဲ့ကြောင်း၊ သေဆုံးသူများတွင် ဘာသာရေးဆိုင်ရာအကြီးအကဲတစ်ဦးနှင့် အစိုးရတပ်ဖွဲ့ဝင်တစ်ဦးတို့လည်း ပါဝင်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

မြင့်တက်ခဲ့

ဗင်နီဇွဲလားနိုင်ငံသည် လက်တင်အမေရိကတွင် အကြမ်းဖက်မှုအများဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် လူသတ်မှုပေါင်း ၂၁၀၀၀ ရှိခဲ့ပြီး ၂၀၁၁ ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် ၁၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

(ဆင်ဟွာ)

တင်မောင်လွင်-စုစည်းသည်

ပေါ်တူဂီနိုင်ငံပညာရေးစရိတ်လျှော့ချမှု ဆရာဆရာမများလမ်းပေါ်ထွက်အရေးဆိုမှုပြု

လစ္စဘွန်း ဇန်နဝါရီ ၂၇

ပေါ်တူဂီနိုင်ငံ၏ ၂၀၁၃ ခုနှစ် ဘတ်ဂျက်ကာလ ပညာရေးအသုံးစရိတ်အား ယူရို ၄ ဒသမ ၃သန်း လျှော့ချမှုအပေါ် တားဆီးပေးရေးအတွက် ကျောင်းဆရာ ဆရာမ သောင်းကျော်တို့သည် လမ်းမများပေါ်ထွက်ကာ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

လမ်းပေါ်ထွက်ဆန္ဒဖော်ထုတ်ကြသော ဆရာ ဆရာမများ ၄၀၀၀၀ ခန့်ရှိကြောင်း၊ စာတန်းများကိုင်ဆောင်ကာလစ္စဘွန်းမြို့လယ်တွင် စုဝေး၍ ဆန္ဒထုတ် ဖော်ပြခဲ့ကြကြောင်း ဇန်နဝါရီ ၂၆ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြ သည်။

အဆိုပါ ဆရာဆရာမလူအုပ်ကြီးသည် ပညာရေးဝန်ကြီး နျူနိုကာရာတိုအား အလုပ်မှ အနားပေးရန် တောင်းဆိုကြသည်။ ကျောင်းဆရာဆရာမများ သမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သူ ဖီအန်ပီရုဖ်က စာသင်ကျောင်းများအပေါ် အစိုးရ၏ဆောင်ရွက်ချက်များနှင့်ပတ်သတ်ပြီး ဝမ်းနည်းကြောင်း ဖော်ထုတ်သွားမည် ဟု ဆိုသည်။

(ဆင်ဟွာ)

ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကန့်အသတ်များ လျှော့နည်း ၂၀၁၃ ခုနှစ် ကမ္ဘာ့စီးပွားရေး ဦးမော့လာမည်

တိုး
ရေးသည်

ပြီးခဲ့သည့်နှစ်ကနှင့်နှိုင်းစာလျှင် ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးမှာ အတော်အတန် တိုးတက်နိုင်မာလာမည်ဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေး အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ကြေညာသည်။ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကန့်အသတ်များ တဖြည်းဖြည်း လျော့နည်းလာသည့်အတွက် ကမ္ဘာ့စီးပွားရေးမှာ ၂၀၁၃ ခုနှစ်တွင် တဖြည်းဖြည်းတက်ရိပ်ပြတော့မည်ဖြစ်ကြောင်း၊ သို့သော် အန္တရာယ်များရှိနေသေးသည့်အတွက် စီးပွားရေးမူဝါဒချမှတ်ရာ၌ မိမိဘာသာအားရကျေနပ်ကာမနေရန် သတိဖြင့် တားဆီးကာကွယ်ရမည် ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ယမန်နေ့က ထုတ်ပြန်သည့် ကမ္ဘာ့စီးပွားရေးအလားအလာ(ဒဗလျူအီးအို) အစီရင်ခံစာ၌ သတိပေးနှိုးဆော်ထားသည်။

ထွန်းသစ်စ စီးပွားရေးနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့တွင် ဖွံ့ဖြိုးမှုအရှိန်တိုးလာသည့်အတွက် ၂၀၁၂ ခုနှစ် တတိယသုံးလပတ် အတွင်းတွင် စီးပွားရေးအခြေအနေ အသင့်အတင့် တိုးတက်လာသည်ကို မြင်တွေ့ရသည်ဟု အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

အင်အားချည့်နဲ့သည့် ယူရိုဇုန်နိုင်ငံများအတွင်း ငြိတိန်သုံးငွေ ထပ်ဆင့် အတိုးနှုန်းများ သိသိသာသာ လျော့နည်းကျဆင်းမှုနှင့်အတူ ၂၀၁၂ ခုနှစ် စတုတ္ထသုံးပတ်အတွင်း ကမ္ဘာ့ငွေကြေးအခြေအနေ တိုးတက်လာခဲ့သည်။

သို့သော်လည်း ယူရိုဇုန်အတွင်း၌ စီးပွားရေးနာလန်ထူမှု နှေးကွေးနေခြင်းနှင့် ၂၀၁၂ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း ဂျပန်နိုင်ငံ၏ စီးပွားရေးက သိပ်အရေးမလှ ဖြစ်သည်ကိုလည်း သတိပြုရပေမည်။

အဖွဲ့ဝင် ၁၈၈ နိုင်ငံပါဝင်သည့် အိုင်အမ်အက်ဖ်က ကမ္ဘာ့ ကုန်ထွက်မှာ ၂၀၁၃ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်မည်ဟု ခန့်မှန်းသည်။

၂၀၁၂ ခုနှစ်က ကမ္ဘာ့ကုန်ထွက် ၃ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိသဖြင့် အတန်အသင့် ပိုမြင့်သည့် လက္ခဏာရှိသည်။

သို့သော် အဆိုပါ ၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်မည် ခန့်မှန်းခြင်းမှာ အိုင်အမ်အက်ဖ်ကပင် ၂၀၁၂ ခုနှစ် အောက်တိုဘာလ ခန့်မှန်းထားသည်ထက် အနည်းငယ် လျော့နည်းကြောင်း တွေ့ရသည်။

ကမ္ဘာ့စီးပွားရေးနှင့် စပ်လျဉ်း၍ လောလောဆယ် အကောင်းမြင်ခြင်းမှာ အထူးသဖြင့် ငွေကြေး ဈေးကွက်များ၌ တွေ့ရကြောင်း အိုင်အမ်အက်ဖ် စီးပွားရေးပညာရှင် အောလီဘလန်ချက်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများ အနေဖြင့် ၂၀၁၃ ခုနှစ်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၁ ဒသမ ၄ ရာခိုင်နှုန်းရှိမည် မျှော်မှန်းသည်။ ယင်းမှာလည်း အိုင်အမ်အက်ဖ်က ၂၀၁၂

အဖွဲ့ဝင် ၁၈၈ နိုင်ငံ ပါဝင်သည့် အိုင်အမ်အက်ဖ်အဖွဲ့ကြီးက ကမ္ဘာ့စီးပွားရေး တက်ရိပ်ပြသော်လည်း သတိဖြင့် တားဆီးကာကွယ်ရမည်ဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေး အလားအလာ (ဒဗလျူအီးအို) အစီရင်ခံစာ၌ ထုတ်ပြန်ထားသည်။

ခုနှစ် အောက်တိုဘာလခန့်မှန်းသည်ထက် ဝ ဒသမ ၂ ရာခိုင်နှုန်းလျော့နည်းသည်ကို တွေ့ရပြန်သည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးမှာ ၂၀၁၃ ခုနှစ်တွင် ၂ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းသည်။ ဂျပန်နိုင်ငံတွင် ကုန်ထုတ်တွန်းအားပေးနှင့် ငွေကြေးဆိုင်ရာ ကန့်သတ်မှုလျှော့ချခြင်းတို့ကြောင့် မကြာမီ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်ပြီး နိုင်ငံကို စီးပွားရေးအကျပ်အတည်းမှ ဆွဲထုတ်နိုင်မည်ဖြစ်ရာ ၂၀၁၃ ခုနှစ်အတွင်း ဂျပန်စီးပွားရေး ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းသည်။

ထွန်းသစ်စ ဈေးကွက်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ၂၀၁၂ ခုနှစ်တွင် ၅ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၅ ဒသမ ၁၅ ရာခိုင်နှုန်းအထိ အရှိန်မြှင့် တိုးတက်မည်ဟု ခန့်မှန်းသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုမှာ ၂၀၁၂ ခုနှစ်က ၇ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်သည်။

ချုပ်၍ဆိုရသော် ပြီးခဲ့သည့်နှစ်ကနှင့်နှိုင်းစာသောအခါ ၂၀၁၃ ခုနှစ်တွင် ကြီးမားသော အန္တရာယ်များ လျော့နည်းသွားမည်ကို တွေ့နိုင်ခြေများရောင်နီပျိုးနေပြီဖြစ်သည်။

သို့သော် အချို့သော စိန်ခေါ်မှုများရှေ့တွင် ရှိနေသေးသည့်အတွက် ပေါ့ပေါ့တန်တန်နေ၍ မဖြစ်သည်ကိုမူ သတိပြုရမည်ဖြစ်သည်။

အကျပ်အတည်းအန္တရာယ်များ အကောင်အထည် ပေါ်မလာတော့ဘဲ ဘဏ္ဍာငွေကြေးအခြေအနေများ ဆက်လက်တိုးတက်ကောင်းမွန်လာမည် ဆိုလျှင် ၂၀၁၃ ခုနှစ် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုမှာ မျှော်မှန်းသည်ထက်ပင် ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။ ။

ကမ္ဘာမြေ၏ အကောင်းဆုံးပုံရိပ်များ ရရှိရန် ဂျပန်နိုင်ငံက ရေဒါဂြိုဟ်တုလွှတ်တင်

ဝေယံဦး-ရေးသည်

တိုကျို ဇန်နဝါရီ ၂၇

ဂျပန်နိုင်ငံက ရေဒါပါရှိသော ဆက်သွယ်ရေးဂြိုဟ်တု တစ်လုံးကို ဇန်နဝါရီ ၂၇ ရက်က လွှတ်တင် လိုက်ကြောင်း၊ယင်းဂြိုဟ်တုကိုH-2Aဒုံးပျံဖြင့် သယ်ဆောင်သွားခြင်း ဖြစ်ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်သည်။ အဆိုပါဂြိုဟ်တုကို ဂျပန်အာကာသရေးရာ အေဂျင်စီနှင့်မီဆူ ဘီရှိ အကြီးစားစက်မှုလုပ်ငန်းတို့က ပူးတွဲဆောင်ရွက်လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။ ယင်းဂြိုဟ်တုကို ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကာဂိုရှီးမားစီရင်စုတာနေဂါရှီးမားကျွန်းပေါ်ရှိ တာနေဂါရှီးမား အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဇန်နဝါရီ ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ယင်းဂြိုဟ်တုသည် သတင်း ဆက်သွယ်ရေး၊ မြေပြင်ရှိ အကောင်းဆုံး ပုံရိပ်များရရှိရေးတို့အတွက် စွမ်းဆောင်ရည်မြင့်မားသည့် နည်းစနစ်များထည့်သွင်း တည်ဆောက်ထားခြင်းဖြစ်သည်။ မြေပြင်စခန်းသို့ နေ့ညမရွေး အကောင်းဆုံးပုံရိပ်များနှင့် သတင်းအချက်အလက်များ ပေးပို့နိုင်မည်ဖြစ်သည်။

လွှတ်တင်ထား

ဂျပန်နိုင်ငံသည် လောလောဆယ်တွင် ရေဒါဂြိုဟ်တုတစ်လုံးနှင့် အခြားဂြိုဟ်တုသုံးလုံးကို လွှတ်တင်ထားသည်။ ယင်းဂြိုဟ်တုများသည် ဂြိုဟ်တုတစ်လုံးနှင့်တစ်လုံး ကွန်ရက်သဖွယ်လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

စီစဉ်လျက်

ဂျပန်နိုင်ငံသည် အာကာသရေးရာ လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရန် ကြိုးစားလျက်ရှိရာ လမျက်နှာပြင်သို့ လှေ့လာရေးအာကာသယာဉ် လွှတ်တင်ရန်လည်း စီစဉ်လျက်ရှိသည်။

ထို့အတူ ဂျပန်အာကာသ အေဂျင်စီအတွက် အာကာသရေးရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာငွေများတိုးမြှင့် ခွင့်ပြုရန် စီစဉ်လျက်ရှိသည်။ **(ဆင်ဟွာ)**

နိုင်ငံတကာသတင်း

ဂျော်ဒန်တစ်ဝန်းအဓိကရုဏ်းများ ဖြစ်ပွား

ဂျော်ဒန်နိုင်ငံတစ်ဝန်း ပြည်နယ်လေးခုတွင် ပါလီမန်ရွေးကောက်ပွဲအငြင်းပွားဖွယ် ရလဒ်များ ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ဆန္ဒပြအဓိကရုဏ်းများ ပျံ့နှံ့ ဖြစ်ပွားလျက်ရှိကြောင်း ဇန်နဝါရီ ၂၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြခဲ့သည်။

ဂျော်ဒန်ရဲတပ်ဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ ဆန္ဒပြပြည်သူများအကြား ဇန်နဝါရီ ၂၄ ရက်က အကြမ်းဖက် အဓိကရုဏ်းများ ဖြစ်ပွားခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များက အစိုးရရုံးများကို မီးရှို့ရန် ကြိုးစားနေသော ဆန္ဒပြ လူအုပ်ကို မျက်ရည်ယိုဗုံးများသုံးပြီး လူစုခွဲခဲ့ရသည်။ အနည်းဆုံး လူသုံးဦးလည်း ဖမ်းဆီးထားသည်။

မြောက်ကိုရီးယားက တောင်ကိုရီးယားကိုခြိမ်းခြောက်

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြီးယမ်း၏ ဒီဇင်ဘာလအတွင်း ဒုံးပျံလွှတ်တင်ခဲ့ခြင်းကို အရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ချမှတ်လိုက်ပြီးနောက် မြောက်ကိုရီးယားနိုင်ငံက အိမ်နီးချင်း တောင်ကိုရီးယားနိုင်ငံအား ရုပ်ပိုင်းဆိုင်ရာ တန်ပြန်အစီအမံများဖြင့် ကိုင်တွယ်သွားမည်ဟု ခြိမ်းခြောက်ပြောကြားလိုက်သည်။

တောင်ကိုရီးယားအနေဖြင့် ကုလသမဂ္ဂအရေးယူမှုတွင် ပါဝင်လာမည်ဆိုပါက လက်တွေ့ကျသော တုံ့ပြန်မှု အစီအမံများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးကော်မတီက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။ လုံခြုံရေးကောင်စီက ဇန်နဝါရီ ၂၂ ရက်တွင် မြောက်ကိုရီးယားအား အရေးယူပိတ်ဆို့မှု အသစ်ပြုလုပ်သွားရန် ဆုံးဖြတ်လိုက်သည်။

ကွန်ဂိုသူပုန်များကိုတိုက်ရန် ကုလတပ်များလွှတ်မည်

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ သူပုန်အဖွဲ့အား တိုက်ထုတ်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုအတောအတွင်း အာဖရိကသမ္မတ ရှစ်ဦးကလည်း ဒေသတွင်း တည်ငြိမ်စေရန် ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုးမည်ဟု ဆိုသည်။ ကုလသမဂ္ဂက အမ် ၂၃ သူပုန်များအားတိုက်ထုတ်ရန် တပ်ဖွဲ့ဝင် ၂၅၀၀ စေလွှတ်ရေး စီစဉ်လျက် ရှိသည်။

ဟွမ်ဘိုရီမြို့ကို မာလီတပ်များ ပြန်သိမ်း

မာလီနှင့် ပြင်သစ်တပ်ဖွဲ့ဝင်များသည် ဟွမ်ဘိုရီမြို့ကို ပြန်လည်သိမ်းယူနိုင်ပြီဖြစ်ကြောင်း၊ မာလီမြောက်ပိုင်းကိုသူပုန်လက်မှ ပြန်လည်ရယူရန် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

ဟွမ်ဘိုရီမြို့သည် ဂါအိုမြို့ သူပုန်ခံတပ်မှ မိုင် ၁၀၀ ခန့်အကွာတွင် တည်ရှိသည်။ စောစောပိုင်းက ပြင်သစ်လေယာဉ်များသည် ဂါအိုမြို့အနီး သူပုန်စခန်းများ၊ လောင်စာဆီ သိုလှောင်ကန်များနှင့် လက်နက်ခဲယမ်းတိုက်များကို ဗုံးကြဲချခဲ့သည်။

မြင့်မောင်စိုး-စုစည်းသည်

ဆီးချိုဝေဒနာရှင်များကျောက်ကပ်ကျန်းမာရေး အထူးဂရုစိုက်ရန်လို

ဆီးချိုသွေးချိုရှိသူများအနေဖြင့် သက်တမ်းရှည်ရှည် နေထိုင်သွားနိုင်ရေး အကောင်းဆုံး နည်းလမ်းမှာ ကျောက်ကပ်ကျန်းမာရေးကို အထူးဂရုစိုက်ရန်လိုကြောင်း သုတေသနပညာရှင်များက အကြံပြုတင်ပြသည်။

ဆီးချိုဝေဒနာရှင်များတွင် ကျောက်ကပ်ရောဂါဖြစ်ပွားပါက အချိန်မတိုင်ခင် ကွယ်လွန်နိုင်မည့် ဘေးအန္တရာယ် အလွန်များသည်ဟု သုတေသနပြု တွေ့ရှိကြောင်း ဝါရှင်တန်တက္ကသိုလ်မှ ပညာရှင်များကဆိုသည်။

ဆီးချိုရောဂါဖြစ်ပွားရာမှ ကျောက်ကပ်ချို့ယွင်းမှုများ ဖြစ်လာခဲ့ပါလျှင် ကုသပေးရန် ဆေးဝါးများမတိုးနိုင်တော့ကြောင်း ယူနိုက်တက်ကင်းဒမ်းမှ ပါရဂူများက ပြောသည်။

၂၀၁၂ ခုနှစ် ကျန်းမာရေးစာရင်းအရ နှစ်စဉ်အထူးကျန်းမာရေးစစ်ဆေးမှုကို လူနာ ၁၀ ဦးတွင် ခုနစ်ဦးသာ ခံယူကြသည်ဟု သိရှိရသည်။ ယူနိုက်တက်ကင်းဒမ်းတွင် ပြည်သူ ငါးရာခိုင်နှုန်းခန့် ဆီးချိုရောဂါခံစားနေရလျက်ရှိသည်။ ထိုသူများ၏ ကျန်းမာရေးအခြေအနေကို ထိန်းညှိပေးခြင်း၊ ဆေးဝါးကုသမှုနှင့်နေထိုင်မှုပုံစံများ ပြောင်းလဲစေခြင်းတို့သည် ဝေဒနာရှင်များ၏ လူ့ဘဝသက်တမ်းကို အကျိုးသက်ရောက်မှုအနည်းငယ် ရရှိစေနိုင်သည်ဟု ဆိုသည်။

သို့သော်လည်း ရောဂါကျွမ်းနေခြင်း သို့မဟုတ် ကြည့်ရှုစောင့်ရှောက်ကုသမှုညံ့ဖျင်းခြင်းတို့သည် အသက်အန္တရာယ်ကို ထိပါးစေနိုင်သည့် နောက်တိုးရောဂါများ ဝင်ရောက်စေနိုင်သည်။ မျက်စိကျန်းမာရေး၊ ခြေလက်အင်္ဂါမသန်စွမ်းခြင်းနှင့် ကျောက်ကပ်ပြဿနာ စသည့် ရောဂါများ ဖြစ်ပွားလာနိုင်သည်ဟု ပညာရှင်များက ပြောကြားသည်။

မောင်သံဆင့်-ရေးသည်

လွှတ်တော်ရေးရာကဏ္ဍ

ရေးဖြေအောင်မြင်သူများ နှုတ်ဖြေစစ်သည့်အခါ ဝေးလံပြည်နယ်ဒေသမှလူများကို သက်ညှာစွာစစ်ဆေးပေး အခုချိန်မှာ တတ်နိုင်သလောက် ပြည်သူလူထုရဲ့ လိုအပ်ချက်ကို ပြည့်စုံအောင် ခန့်သွားပေးဖို့ပဲဖြစ်

ဇန်နဝါရီလ၂၁ ရက်နေ့တွင်ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂) ဦး မေးမြန်းသည့် မေးခွန်းများနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဖြေကြားချက်များကို ဆက်လက်ဖော်ပြလိုက်ပါသည်။

ဝေးလံသီခေါင်ပြီး သွားလာရေးခက်ခဲသည့်ဒေသမှ ဆရာဝန်ဘွဲ့ရရှိပြီး ဆမရထားသူ ဒေသခံလူငယ်များ ဝန်ထမ်းရွေးချယ်မှု ခေါ်ယူစစ်ဆေးသည့်စာမေးပွဲတွင် အကြိမ်ကြိမ်ဖြေဆိုသော်လည်း ရွေးချယ်ခံရခြင်းမရှိ၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုအခက်ကြုံနေရသည်ကို ဖြေရှင်းပေးမည့်အစီအစဉ်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)။ ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ဝေးလံသီခေါင်ပြီး သွားလာရေးခက်ခဲလှတဲ့ဒေသမှ ဆရာဝန်ဘွဲ့ရပြီး ဆမ ရရှိထားသူ ဒေသခံလူငယ်များ ဝန်ထမ်းရွေးချယ်မှု ခေါ်ယူ စစ်ဆေးသည့်စာမေးပွဲတွင် အကြိမ်ကြိမ်ဖြေဆိုသော်လည်း ရွေးချယ်ခံရခြင်းမရှိ၍ နိုင်ငံတော်၏ဝေးလံခက်ခဲသည့် ဒေသများရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခက်ကြုံနေရသည်ကို မည်ကဲ့သို့ ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး သွားလာရေးမလွယ်ကူခြင်း၊ မြို့နဲ့ အလှမ်းဝေးတဲ့၊ ဝေးလံသီခေါင်တဲ့ဒေသဟူ၍ နိုင်ငံတော်မှသတ်မှတ်ထားတဲ့ ဒေသများမှာ အရေအတွက်ပင်လျှင် လက်ဆယ်ချောင်းပင်မပြည့်တဲ့ ဆမရပြီးဆရာဝန်လေးများ ခက်ခဲလှတဲ့မိမိဒေသတွင် တာဝန်ထမ်းဆောင်လို၍ ဝန်ထမ်းရွေးချယ်စာမေးပွဲကို အကြိမ်ကြိမ်ဖြေဆိုသော်လည်း အရွေးချယ်မခံရ၍ ဆင်းရဲပင်ပန်းကြီးစွာငွေရှာပြီး ထောက်ပံ့ပေးကြတဲ့ မိဘဆွေမျိုးများ ငွေကိုကုတ်ခြစ်ပြီး ချွေတာလျက် ဆေးပညာကိုမဖြစ်မနေကြိုးစားပြီး ခက်ခဲပင်ပန်းစွာ ဆေးပညာဘွဲ့ရရှိလာပြီး အလုပ်သင်ဆရာဝန် (၁)နှစ်ဆင်းပြီး ဆမရ (၄)နှစ်တိုင် အလုပ်စောင့်နေရဆဲ ဒေသခံပြည်သူများမှလည်း မိမိတို့ဒေသဆရာဝန်များကို မျှော်လင့်တောင့်တနေကြပါလျက် ခေတ်စနစ်ပြောင်းလဲလာပြီး ဒီမိုကရေစီစနစ်ဖြင့် လွှတ်လပ်ပွင့်လင်းစွာဖြင့် ပြည်သူများ၏ အမှန်တကယ်လိုအပ်နေသော အခက်အခဲကို လူကြီးချင်း ညှိနှိုင်းတိုင်ပင်ပြီး ဦးစားပေးအဆင့်သတ်မှတ်၍ ဒေသအခက်အခဲကို ဖြေရှင်းပေးနိုင်ရန် များစွာလိုအပ်နေပြီဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခက်ခဲတဲ့ ဒေသများအတွက် လွယ်လွယ်နဲ့ ဖြေရှင်းလို့ရမယ့်အလုပ်ကို ယခင်ကလိုမူဥပဒေ၊စည်းမျဉ်းများကို တစ်သမတ်တည်း လက်ကိုင်ကျင့်သုံးနေဦးမယ်ဆိုရင်တော့ ဒေသရဲ့လိုအပ်တဲ့ အခက်အခဲတွေကို လွယ်လွယ်နဲ့ဖြေရှင်းနိုင်ဦးမှာ မဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ လက်ထောက် ဆရာဝန် ရွေးချယ်ရာမှာလည်း ကျန်းမာရေးဝန်ကြီးဌာနမှ တိုက်ရိုက်ရွေးချယ်ခန့်ထားပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဝန်ကြီးဌာနက ဒီအခက်အခဲကို အသေးစိတ်သိရှိနေလို့ပဲဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခုတင်ပြနေတာက ပြည်မမှာမွေး ပြည်မမှာကြီးပြီး ပြည်မမှာ မိဘတွေ အခြေချတဲ့ ကိုယ့်ဒေသရဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆန္ဒမရှိတဲ့ ဆရာဝန်တွေအတွက် ကျွန်တော်တင်ပြနေတာမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ချင်းပြည်နယ်မှာမွေး ချင်းပြည်နယ်မှာကြီးပြင်းပြီး ဆရာဝန်ဘွဲ့ရ ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးလိုတဲ့ ဆန္ဒပြင်းပြနေကြတဲ့ လူငယ်တွေအတွက် ကျွန်တော်တင်ပြနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ မင်းတပ်မြို့မှာ ခုတင်(၁၀၀)ဆေးရုံရှိပါတယ်။ ၂၀၀၉ မှာ လက်ထောက်ဆရာဝန် (၇)ဦးခန့်ပေးပါတယ်။ (၃)လလောက်မှာ (၆)ဦးက ထွက်ပြီးတော့မှ အပြီးအပိုင် ပြန်သွားကြပါတယ်။ ဆရာဝန် (၁) ဦးပဲ ကျန်ခဲ့ပါတယ်။ လက်ထောက်ဆရာဝန် (၁)ဦးပဲ ကျန်ခဲ့ပါတယ်။ ဒီဆရာလေးဟာလည်း လွန်ခဲ့တဲ့ ၂၀၁၂ နိုဝင်ဘာလက ပြောင်းသွားပါတယ်။ အစားခန့်တဲ့ ဆရာဝန်လည်း ရုံးချုပ်မှာပဲ ထွက်စာ တင်တယ်လို့ ကြားရပါတယ်။ ဒီကိစ္စဟာဒေသခံတိုင်းရင်းသားပြည်သူတွေ အတွက် ကျန်းမာရေးစောင့်ရှောက်မှုမှာ ပြည်သူတွေရဲ့ တင်ပြချက်အရ ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ယုံကြည်ပြီး ဒီအခက်အခဲအတွက် မင်းတပ်မြို့ဒေသခံ လက်ထောက်ဆရာဝန်လေး (၂) ယောက်ရဲ့ကိစ္စကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ဝန်ထမ်းရွေးချယ်ကို အချက်အလက်အပြည့်အစုံနဲ့ ကျွန်တော်တင်ပြ အကူအညီတောင်းခံခဲ့ပါတယ်။ ဒါပေမဲ့ ဝန်ထမ်းရွေးချယ်မှုခေါ်ယူတဲ့ စာမေးပွဲကို(၂) ကြိမ်တိုင်ဖြေဆိုသော်လည်း ရွေးချယ်ခြင်းမခံရပါ။ ယင်းလူငယ်ဒေသခံ ဆရာဝန် (၂)ယောက်ဟာ ၂၀၀၈ ကျောင်းဆင်း၊ မန္တလေးဆေးတက္ကသိုလ် ကျောင်းဆင်းများ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိဘတွေလည်း ကျေးလက်ကဖြစ်တယ်။ မိမိဒေသမှာ ဆရာဝန်ထမ်းဆောင်လိုတဲ့ ဆန္ဒလည်း ပြင်းပြနေကြတယ်။ ဒေသခံပြည်သူတွေကလည်း မျှော်လင့်နေကြတယ်။ ဒါပေမဲ့ အကြိမ်ကြိမ်ဖြေဆိုသော်လည်း ရွေးချယ်ခံရခြင်းမရှိပါဘူး။ ပြည်မက ရွေးပြီးခန့်ထားတဲ့သူတွေမလာချင်၊ မလုပ်ချင်ကြပါလျက်နဲ့ မိမိဒေသခံ လုပ်နိုင်သူတွေ ရှားရှားပါးပါး ရှိနေပါလျက်နဲ့ ရွေးချယ်မခန့်ထားပေးနိုင်တာဟာ ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းကို များစွာထိခိုက်စေတယ်လို့ သုံးသပ်ပါတယ်။ဒါကြောင့် ဝေးလံသီခေါင်ပြီး ခက်ခဲလှတဲ့ဒေသမှာ လုပ်နိုင်သူ၊ လုပ်ချင်သူရှိနေပါလျက် ဒေသအခက်အခဲပေါ် လက်တွေ့ဘဝနဲ့ ကိုက်ညီအောင် တာဝန်ရှိလူကြီးမင်းများမှ လျှော့ပေါ့စဉ်းစား ပေးသင့်ပါကြောင်း အကြံပြုရင်း လာမယ့်ဘတ်ဂျက်မှာ ဒီလိုအခက်အခဲတွေကို ဘယ်လို ဖြေရှင်းပြီး ခန့်ထားပေးနိုင်ပါမလဲဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဖြေကြားချက်

ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ချင်းပြည်နယ်အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေကမေးတဲ့ ဝေးလံသီခေါင်ပြီးတော့ သွားရေးလာရေးခက်ခဲတဲ့ ဒေသကနေ ဆရာဝန်ဘွဲ့ရရှိပြီးတော့ ဆမရထားတဲ့သူ ဒေသခံလူငယ်များ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အခုကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ပေါ့လေ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ခေါ်ယူစစ်ဆေးတဲ့ စာမေးပွဲမှာ အကြိမ်ကြိမ်ဖြေဆိုပေမယ့် ရွေးချယ်ခြင်းမခံရဘဲနဲ့ နိုင်ငံတော်ရဲ့ ဝေးလံခက်ခဲတဲ့ဒေသမှာရှိတဲ့ တိုင်းရင်းသားပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အခက်ကြုံနေရသည်ကို ဘယ်လိုဖြေရှင်းပေးမလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေပုဒ်မ ၇(က) မှာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှာ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ထားရာထူးနေရာလစ်လပ်မှုရှိသည့်အပြင် ပြင်ပ ပုဂ္ဂိုလ်ကို ခန့်ချင်ရင် အဖွဲ့ကသာ ရွေးချယ်ခန့်ထားပေးရမယ်။ ပုဒ်မ ၈ မှာလည်း ဝန်ထမ်းအဖွဲ့အစည်းများသည် လစ်လပ်သော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ရာထူးခန့်ထားနေရာများတွင် ပြင်ပပုဂ္ဂိုလ်အား ခန့်အပ်လိုပါက ရွေးချယ်ပေးရမယ့်အရေအတွက်၊ သတ်မှတ်ချက်များဖော်ပြ၍ ရွေးချယ်ပေးရန် အဖွဲ့သို့အဆိုပြုရမည်လို့ သတ်မှတ်ထားတဲ့အတွက် ကျန်းမာရေး ဝန်ကြီးဌာန အနေနဲ့ရော၊ အခြားဝန်ကြီးဌာနများအနေနဲ့ရော ပြန်တမ်းဝင်အရာရှိ ကာကွယ်ရေးဝန်ကြီးဌာနက လွဲလို့ပေါ့။ ပြန်တမ်းဝင်အရာရှိအဆင့် ခန့်တဲ့အခါမှာ ရာထူးဝန်အဖွဲ့ကို တင်ပြပြီးတော့မှ ကျွန်တော်တို့ ခန့်အပ်နေရတာ ဖြစ်ပါတယ်။

တစ်ချိန်တစ်ခါတုန်းကတော့ ကျွန်တော်တို့က ဖွဲ့စည်းပုံကို ကျွန်တော်တို့ ဒီ ၁၉၈၈ နောက်ပိုင်းမှာ ဖွဲ့စည်းပုံတွေ တအားတိုးချဲ့လိုက်တဲ့အခါမှာ ဆရာဝန်လိုအပ်ချက်တအားများလာတဲ့အတွက်ကြောင့်မို့လို့ မဝင်မနေရ အနည်းဆုံး သုံးနှစ်လုပ်ရမယ်ဆိုတဲ့ အခြေအနေတွေ ပေါ်ပေါက်လာပြီးတော့ အောင်သမျှအားလုံးကိုကျွန်တော်တို့ အလုပ်ခန့်နိုင်တဲ့ခေတ်မှာ Batch the Best က အောင်တဲ့သူအားလုံးကို ခန့်တဲ့အတွက် ရာထူးဝန်အဖွဲ့မှာ စာမေးပွဲသွားမဖြေဘဲနဲ့ ရာထူးဝန်အဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ အဲဒီကနေ Form တွေကို ယူပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနမှာ ဖြည့်ပြီးတော့၊ အားလုံးကို ရွေးလိုက်ပြီးတော့ ဒီ Form တွေကို ရာထူးဝန်အဖွဲ့ကို ပေးလိုက်တဲ့အခါမှာ ရာထူးဝန်အဖွဲ့က အားလုံးကို အတည်ပြု ခန့်အပ်လိုက်ပါတယ်။ ကျွန်တော်တို့က အဲဒီအချိန်မှာ ကျန်းမာရေးဝန်ကြီးဌာနက တိုက်ရိုက်ခန့်အပ်တာ မဟုတ်ဘဲနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ရာထူးဝန်အဖွဲ့ရဲ့ကိုယ်စား တစ်တန်းလုံးကို တစ် Batch လုံးကို ခန့်မှာဖြစ်တဲ့ အတွက် ကျွန်တော်တို့က Form တွေယူဖြည့် တာဝန်ယူဖြည့်ခိုင်းလိုက်ပြီး ပေးလိုက်ပါတယ်။

တကယ်ကတော့ ပြန်တမ်းဝင်အရာရှိအဆင့်သည် ရာထူးဝန်အဖွဲ့ကပဲ ခန့်ရမယ်ဆိုတာ ဥပဒေနဲ့ ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ ဒီအရင် (၃၊၄)နှစ်က အဲဒီလိုလုပ်ခဲ့ပေမယ့် ၂၀၀၉ ခုနှစ်မှာ ဖွဲ့စည်းပုံချဲ့လိုက်တာတွေက တဖြည်းဖြည်း Securited ဖြစ်လာတဲ့အတွက် Batch တစ်ခုလုံးကို ခန့်အပ်နိုင်ခြင်း ကျွန်တော်တို့ မရှိတော့ပါဘူး။ အောင်တဲ့လူအားလုံးကို ခန့်အပ်နိုင်ခြင်း မရှိတော့တဲ့အတွက်ကြောင့်မို့လို့ ရာထူးဝန်အဖွဲ့ကို တင်ပြပြီးတော့ ကျွန်တော်တို့ဘတ်ဂျက်ခွင့်ပြုချက်အရ ခန့်အပ်နိုင်မယ့် အနေအထားတွေကို တင်ပြပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က စစ်ဆေးတဲ့ စာမေးပွဲမှာ ရွေးချယ်ခံရတဲ့ လူတွေကိုပဲ ကျွန်တော်တို့က ခန့်အပ်လာကြရတာ ဖြစ်ပါတယ်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အနေနဲ့လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၅၂ မှာ နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ် တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနဲ့ ပြည့်စုံပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရဆိုတဲ့ ဒီ Discriminate မလုပ်ဖို့ ပြဋ္ဌာန်းထားနဲ့အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့လည်း တရားမျှတအောင် စစ်ဆေးရွေးချယ်မှုများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

အဲဒီတော့ ရေးဖြေအောင်မြင်သူများကို နှုတ်ဖြေစစ်တဲ့အခါမှာ ဝေးလံတဲ့ ပြည်နယ်ဒေသတို့က လာရောက်ဖြေဆိုတဲ့လူတွေကိုလည်း အတတ်နိုင်ဆုံး သက်ညှာစွာ စစ်ဆေးရွေးချယ်ပေးလျက်ရှိပါတယ်။ စစ်ဆေးရွေးချယ်ပေးလျက်ရှိတဲ့ အခါမှာ မနှစ်ကကျွန်တော်တို့ (၅၀၀) ခန့်ပါတယ်။ ဒီနှစ်က (၁၅၀၀) ခန့်ပါတယ်။ ယခုအခါမှာ ဝန်ထမ်း၂/၃ ဆိုတဲ့ မူကိုလည်း ကျန်းမာရေးဝန်ကြီးဌာနအတွက်ကို အစိုးရအဖွဲ့ကနေ ပယ်ဖျက်ပေးပြီး ဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ လိုအပ်တဲ့ဝန်ထမ်းတွေကို လိုအပ်သလောက်ကို ခန့်ထားနိုင်ဖို့ ကျွန်တော်တို့လုပ်ပါတယ်။ မနှစ်ကစပြီးတော့ ၂၀၁၂-၂၀၁၃ ဘတ်ဂျက်ကရတယ်။ ရတဲ့အခါမှာ ကျွန်တော်တို့ဆီမှာ အဲဒီရတဲ့အချိန်ကျတော့မှ (၁၅၀၀) ကိုစခန့်ဖို့ ကျွန်တော်တို့လုပ်ရတယ်။ လုပ်တဲ့အခါမှာ လူ (၃၀၀၀) လောက် ဝင်ဖြေတယ်။ ဝင်ဖြေပြီးတော့ အခု Viva ကို (၁၉၀၀) ကျော်ပါတယ်။ (၁၉၀၀) ကို Viva မေးဖို့ဆိုတာ အင်မတန်ကြာတဲ့အရာဖြစ်ပါတယ်။ ရာထူးဝန်အဖွဲ့မှာလည်း မေးနိုင်တဲ့မေးဖို့က အဖွဲ့ဝင်(၅)ယောက်ပဲရှိတဲ့အတွက် ဒီ(၅)ယောက်နဲ့သာ ကျွန်တော်တို့က စစ်ရင် တစ်နေ့မှာ တစ်ယောက်ကို (၁၅) ယောက်ထက်ပိုပြီးတော့ မမေးနိုင်တဲ့အတွက် ရက်တွေကသိပ်ကြာတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ချုပ်နဲ့ ဒုညွှန်ချုပ်အဆင့်ရှိတဲ့ ဟိုဘက်မှာလည်း သင်ကြားရေးဘက်က ပြောရင်တော့ ပါမောက္ခချုပ်နဲ့ ဒုတိယပါမောက္ခချုပ်အဆင့်ရှိတဲ့ ပုဂ္ဂိုလ်များကို အလှည့်ကျ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရာထူးဝန်အဖွဲ့ဝင်တွေနဲ့ တွဲဖက်ပြီးတော့ လူတွေ့မှာ ရေးဖြေကတော့ ရာထူးဝန်အဖွဲ့ကပဲ စစ်တာဖြစ်ပါတယ်။ နှုတ်ဖြေကိုကျတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန ပညာရှင်များပါ ပူးပေါင်းပြီးတော့ မေးကြပါတယ်။ အဲဒါကြောင့်မို့လို့ သတ်မှတ်အရည်အချင်း ပြည့်မီပြီးတော့ ကျွန်တော်တို့ ဆေးတက္ကသိုလ်တွေက နေပြီးတော့ ကျွန်တော်တို့ Final Part 2 ပေါ့။ စာမေးပွဲလည်း အောင်တယ်။ အလုပ်သင်ဆရာဝန်ကိုလည်း ပြီးမြောက်တဲ့လူတွေကို MBBS ဘွဲ့ပေးပြီးတော့ ကျွန်တော်တို့အရင်တုန်းကလို သုံးနှစ် တာဝန်ထမ်းဆောင်ပြီးမှတို့ အမြဲတမ်း တာဝန်ထမ်းဆောင်မှု ဆမပေးတာ မဟုတ်ဘဲနဲ့ ကျွန်တော်တို့က အခုချိန်မှာ အောင်တဲ့လူတွေကို ဆမ သင်တန်းလွှတ်ပြီး ချက်ချင်း ဆမ ထုတ်ပေးနေပြီဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဒုတိယအချက်ကို ပြောရရင်ဒီမိုကရေစီ ကျင့်စဉ်များအရကတော့ ယှဉ်ပြိုင်အရွေးခံရမှာပဲ ဖြစ်ပါတယ်။ အရေအတွက်အစား အရည်အချင်းကို ဦးစားပေးရမယ်။ အခုအချိန်မှာ Quality Drive ကို လုပ်ရမယ်လို့ တစ်ဖက်က ပြောလာတဲ့အချိန်မှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းရမယ်လို့ ပြောလာတဲ့အချိန်မှာ သတ်မှတ် အရည်အချင်း ပြည့်မီရေးအတွက် ယှဉ်ပြိုင်အရွေးခံရသူများမှာ ကိုယ့်ကိုယ်ကို ဖြည့်ဆည်းလေ့ကျင့်ဖို့ တာဝန်ရှိပါတယ်။ အရည်အသွေး၊ အရည်အချင်းမပြည့်မီသူ တစ်ဦးတစ်ယောက်ကို စိစစ်ခြင်းမရှိဘဲနဲ့ တိုက်ရိုက်ခန့်ထားလိုက်လို့ရှိရင် ဒေသခံလူထုရဲ့ ကျန်းမာရေး၊ အသက်အန္တရာယ် တစ်စုံတစ်ခု ပေါ်ပေါက်လာပါက ပေါ်ပေါက်လာမယ်ဆိုရင် ဘယ်သူက တာဝန်ခံမှာလဲ၊ ဘယ်သူက တာဝန်ယူမှာလဲ၊ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နစ်နာသူဖြစ်တဲ့ ဒေသခံလူထု လက်ခံနိုင်အောင် ဖြေရှင်းပေးဖို့ အခက်အခဲ ရှိနေမယ်ဖြစ်ပါတယ်။

အဲဒီတော့ ဒီအခုအချိန်မှာတော့ ဒေသခံလူထုအတွက် ကျန်းမာရေးဆိုင်ရာလုံခြုံမှုနဲ့ပတ်သက်ပြီးတော့ အားနည်းချက် အနည်းဆုံးဖြစ်အောင် ကျွန်တော်ပြောတာက ဘယ် System မှ Perfect မဖြစ်ပါဘူး။ အားနည်းချက် အနည်းဆုံး ဖြစ်အောင် အခုအချိန်မှာ ကျွန်တော်တို့ စဉ်းစားနေပါတယ်။ ကျွန်တော်တို့ အချိန်ကုန်၊ ငွေကုန်၊ အပင်ပန်းခံပြီးတော့လည်းလုပ်ပေးနေပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တော်ကြီး ပြောသလို အခုအချိန်မှာ ရှားရှားပါးပါး ဆမရပြီးသား ဆရာဝန်လေးတွေ လုပ်ချင်လာကြတယ်။ ကိုယ့်တိုင်းပြည်မှာကိုယ် တာဝန်ထမ်းဆောင်လာကြတာ ကျွန်တော့်အနေနဲ့ အများကြီး ဝမ်းသာပါတယ်။

ကျွန်တော်တို့ ဆရာဝန်ဘဝတုန်းကတော့ ကျွန်တော်တို့ သူငယ်ချင်းတွေ အကုန်ဆရာဝန်ဖြစ်ရင် အမေရိကားသွားတာပဲ။ ချင်းတောင်က ဆရာဝန်ဖြစ်ပြီဆိုရင် အခုအချိန်မှာ နိုင်ငံရဲ့အခြေအနေလည်း ပြောင်းလဲလာပြီဖြစ်တဲ့အတွက် ချင်းပြည်နယ်မှ ချင်းအမျိုးသားဆရာဝန်များသည် ကိုယ့်ပြည်နယ်ကိုယ် အကျိုးပြုချင်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ အများကြီးပဲဝမ်းသာကြိုဆိုပါတယ်။ နောက် တစ်ခုရှိတာက ဘယ်နိုင်ငံမှာမဆို ဆေးတက္ကသိုလ်ကအောင်တဲ့ ဆရာဝန်တိုင်းကို ဘယ်အစိုးရမှ ရာနှုန်းပြည့် အလုပ်မခန့်နိုင်ပါဘူးခင်ဗျ။ Private Sector ဆိုတာရှိပါတယ်။ International NGO တွေ Run လုပ်နေတဲ့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းမှာလည်း ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ နိုင်ငံမှာလည်း ကျွန်တော်တို့ အပြင်ဆေးခန်းတွေ၊ အပြင်ဆေးရုံတွေရှိသလို INGO ၊ NGO တွေ တာဝန်ယူ ဆောင်ရွက်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ အစိုးရရဲ့ အလုပ်ကို ကြိုးစားပြီး ဖြေနေတုန်းမှာ တကယ်ကိုယ့်ဒေသခံပြည်သူလူထုရဲ့ အကျိုးကို ဆောင်ချင်တယ်ဆိုရင် General Practitioner ပဲ ဖြစ်ဖြစ် GP တစ်ယောက်သည်လည်း စိတ်ကောင်းစေတနာကောင်းထားပြီးတော့ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှပြည်သူလူထုရဲ့ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့် Community၊ ကိုယ့် Society ကိုယ့်ဒေသလူထုအကျိုးဆောင်မယ်ဆိုရင် ဒါဟာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ကျွန်တော်တို့ အတန်းတွေတုန်းက (၃) နှစ်တစ်ခါ ခေါ်တာတောင် လူ (၅၀)ပဲ ခန့်တဲ့ခေတ်က ဖြစ်ပါတယ်။ အများစုကြီးသည် ကိုယ့်ဒေသမှာကိုယ် ဒီပြင်ပဆရာဝန်တွေအနေနဲ့ ဒေသရဲ့ အကျိုးကိုဆောင်ရွက်ပြီးတော့ အခုအချိန်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေဖြစ်နေတဲ့သူတွေလည်း ရှိပါတယ်။ ဒါ တစ်ချိန်တုန်းကလည်း ကျွန်တော်တို့မခန့်နိုင်ပါဘူး။ အခုချိန်မှာတော့ တတ်နိုင်သလောက် ပြည်သူလူထုရဲ့ လိုအပ်ချက်ကို ပြည့်စုံအောင် ကျွန်တော်တို့ခန့်သွားပေးဖို့ပဲဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့

လျှော်ပေါ်ရေးရာကဏ္ဍ

စာမျက်နှာ ၆ မှ

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကို လာမယ့်ဘတ်ဂျက်မှာဖြင့် ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ ကျွန်တော်တို့တွေသည် အရင်တုန်းက Backlog ရှိပါတယ်။ (၃) နှစ်မှာတစ်ခါလောက်ခန့်တာ၊ အခုကျွန်တော် မနှစ်က (၅၀၀) ခန့်တယ်၊ ဒီနှစ် (၁၅၀၀)ခန့်တယ်။ လာမယ့်(၂) နှစ် (၃)နှစ်အတွင်းမှာ ကျွန်တော်တို့က Backlog မကျန်အောင်ပေါ့။ အခုအောင်ပြီးတဲ့သူကို မကြာမတင်အတွင်းမှာ ခန့်နိုင်အောင် ကျွန်တော်တို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့က (၂၀၀၀) ကျော်ထုတ်နေတယ်။

ဒါနဲ့ဆက်စပ်ပြီး ပြောရရင် ပြောကြတာတွေရှိပါတယ်။ ခန့်လည်း မခန့်နိုင်ဘဲနဲ့ ဒီလောက်အများကြီးထုတ်လဲ ဘာညာပေါ့။ ကျောင်းသားနဲ့ဆရာဝန်နဲ့ ကျောင်းနဲ့ မမျှဘူးတို့၊ ဆရာနဲ့ ကျောင်းသားနဲ့ မမျှဘူးတို့၊ လျှော့ပါဆို လတ်တလော အစီအစဉ်အနေနဲ့ (၁၂၀၀) ကို လျှော့ပြီးတော့ လက်ခံပါတယ်။ ဒါသည် ရေရှည်တော့မဟုတ်ပါဘူး ခင်ဗျ။ ဘာဖြစ်လို့လဲဆို ကျွန်တော်တို့နိုင်ငံတွေမှာ အာဆီယံတွေရဲ့ ဆရာဝန်၊ လူနာ Ratio မျှအောင် ကျွန်တော်တို့ ပြည်သူလူထုနဲ့ဆို တကယ်တော့ကျွန်တော်တို့(၂၀၀၀) လောက်လိုပါတယ်။ သို့သော် (၂၀၀၀) လောက်ကို တက္ကသိုလ် (၁၀) ခု၊ ဖြစ်နိုင်ရင် အခု (၂၀) လောက်က မွေးထုတ်မယ်ဆိုရင် အင်မတန်မျှတပါတယ်။ ကောင်း လည်းကောင်းပါတယ်။

နိုင်ငံတကာတက္ကသိုလ်ကြီးတွေ၊ ဆေးတက္ကသိုလ်ကြီးတွေ ကြည့်လို့ရှိရင် တစ်နှစ်ကို(၁၀၀)၊ (၁၂၀) အလွန့်အလွန် (၂၀၀)ဆိုတာအများဆုံးပါပဲ၊ မွေးထုတ်တာ ကျွန်တော်တို့က (၂၄၀၀) လက်ခံပြီးတော့ တက္ကသိုလ်(၄)ခုက မွေးထုတ်နေရတဲ့အတွက် တက္ကသိုလ်တစ်ခုက (၆၀၀)လောက် ထုတ်နေရပါတယ်။ အဲဒီအခါမှာ ဆရာနဲ့ ကျောင်းသားမမျှမှု စာသင်ခန်းတွေမမျှမှုဆိုတာတွေ ရှိလာပါတယ်။ ဒီလိုပဲဆရာနဲ့ ကျောင်းသား မမျှတာကို ဆရာတွေတိုးခန့်လို့ ရနိုင်ပေမယ့် ကျောင်းသားနဲ့ လူနာနဲ့ မမျှတာကိုတော့ လူနာကို အတင်း ဆေးရုံတက်ခိုင်းဖို့ လေ့လာမယ့် ကျောင်းသားတွေ များနေတယ်။ လူနာတွေ ဆေးရုံတက်ကြလို့ ကျွန်တော်တို့ ပြောလို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လတ်တလောအစီအစဉ်မှာ လူကို လျှော့ယူထားပေမယ့် မကြာခင်မှာ ဆေးတက္ကသိုလ် ဆေးကျောင်းအသစ်များဖွင့်ပြီးတော့ ကျွန်တော်တို့ ရေးနှစ်ကစပြီးတော့ ဒါဥက္ကဋ္ဌကြီးလည်း သိမှာပါ။ ကျွန်တော်တို့ တောင်ကြီးမှာ စတင်ပြီးတော့ ဆောက်ပြီးတော့ ဒီလုပ်ငန်းကို စတော့မှာပါ။ ပြီးရင် ပြည်နယ်တွေမှာ ဖွင့်ခွင့်ရဖို့ ဒါပြီးရင် မော်လမြိုင်၊ မကွေးစသည်ဖြင့် ဆက်တိုက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဘက်က အပြည့်အဝ မွေးထုတ်လာနိုင်တဲ့အခါ ခန့်အပ်မှုကိုလည်း အခုအချိန်မှာ နိုင်ငံတော်ကနေပြီးတော့ ဖြေလျှော့ပေးလိုက်ပြီးတော့ ၂/၃ မဟုတ်ဘဲနဲ့ အပြည့်ခန့်ဖို့ ပြောတဲ့အခါမှာ ပြေလည်သွားနိုင်စရာရှိပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တော်ကြီးကို ကျွန်တော် တစ်ချက် ကိုယ်စားလှယ်တော်ကြီး အပါအဝင် ဝေးလံခေါင်ဖျား ဒေသက ကိုယ်စားလှယ်များကို ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ထမ်းများရဲ့ ကိုယ်စား မေတ္တာရပ်ခံလိုတာက လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါတယ်။ စားဝတ်နေရေး ကျပ်တည်းပါတယ်။ ဘာသာစကား အခက်အခဲရှိပါတယ်။ ရှင်သန်ဖို့ ခက်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ ဒေသခံတွေမှာတောင်မှ ဒီလိုအခက်အခဲတွေရှိနေတဲ့ အခါမှာ ကိုယ်စားလှယ်တော်ကြီးတွေတောင်မှ ဒီလိုအခက်အခဲမျိုးတွေ တွေ့နေရတဲ့ အခါမှာ ကျွန်တော်တို့ ပြည်မက ဆရာဝန်၊ ဆရာမအပါအဝင် အခြားသော ဝန်ထမ်းများကို လွှတ်တဲ့အခါမှာ သူတို့ မလွဲမသွေ ဒီဒုက္ခကို တွေ့ရမှာ အမှန်ပါပဲ။ ဒါကြောင့်မို့လို့ ဒေသခံကိုယ်စားလှယ်များရဲ့ ဒေသခံပြည်သူလူထုရဲ့ ပါဝင်ပူးပေါင်းစောင့်ရှောက်မှု မရှိဘူးဆိုရင် မစောင့်ရှောက်ဘူး၊ သူတို့ကို မပံ့ပိုးဘူး။ သူတို့ဘက်ကို မစဉ်းစားပေးဘူးဆိုရင်တော့ ထွက်ပြေးတာတွေက ရှိနေဦးမှာပဲ၊ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများကနေတစ်ဆင့် ပြည်နယ်လူထုကလည်း သူတို့ပြည်နယ်ကို လာရောက်တာဝန်ထမ်းဆောင်ပေးတဲ့ ဆရာဝန်၊ ဆရာမပဲဖြစ်ဖြစ်၊ အခြားဝန်ထမ်းပဲဖြစ်ဖြစ်ကို တတ်နိုင်သလောက် ပံ့ပိုးပေးကြစေချင်ပါတယ်။

အရင်တုန်းက ကျွန်တော်တို့တွေက မသွားရင် DE၊ PE စစ်ပြီးတော့ အလုပ် ထုတ်ပါတယ်ခင်ဗျ။ ပြီးတော့ ဆမသိမ်းပါတယ်။ အဲဒီတော့ အဲဒီအခါကျတော့ ဘယ်သူပဲနစ်နာလဲဆိုတဲ့အခါကျတော့ ကာယကံရှင်နဲ့ ကာယကံရှင်မိသားစု၊ ဆရာဝန်မိသားစု နစ်နာတယ်။ ဒေသခံပြည်သူလူထုနစ်နာတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနလည်း နစ်နာတယ်။ နိုင်ငံတော်မှာ နစ်နာပါတယ်။ အဲဒီတော့ Carrot and Stick Approach မှာ ကျွန်တော်တို့ တစ်ချိန်တုန်းက Stick ကို ပေးခဲ့တဲ့အခါမှာ ကျွန်တော်တို့ဆရာဝန်တွေဆုံးရှုံးသွားပြီးတော့ အလုပ်ထွက်သွားပြီး ဆမသိမ်းခံရတာ လျော်ကြေးပေးရတာတွေက လွဲပြီးတော့ အကျိုးမရှိတဲ့အတွက် အခုအချိန်မှာ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးကို တင်ပြပြီးတော့ ကျွန်တော်တို့သွားချင်အောင် ပထမ Incentive အနေနဲ့ ကျွန်တော်တို့က တောင်းတာကသုံးဆပါခင်ဗျ။ ကျွန်တော်တို့ကလည်း တစ်ဆပေးမယ်။ ဗိုလ်ချုပ်တို့ (နတလ) ကလည်း တစ်ဆပေးမယ်။ ဒေသကလည်း တစ်ဆပေးမယ်ဆိုရင် သုံးဆဆိုရင်တော့ လုပ်နိုင်ကြလိမ့်မယ်။

နောက်တစ်ချက်က ဘွဲ့လွန်ဖြေတဲ့ အခါမှာ လောက်လောက်လားလား အရွေးခံနိုင်ဖို့ အမှတ်ပေးမယ်။ အာမခံချက် ကျွန်တော်တို့ အခုပေးပါတယ်။ နောက်တစ်ခုကလည်း ပြည်နယ်မှာ တာဝန်ကျထမ်းဆောင်ပြီးလို့ နှစ်ပြည့်လို့ရှိရင် တောင်းတဲ့နေရာ ကျွန်တော်တို့ ပြန်ပေးပါတယ်။ First Choice မရရင်တောင်မှ Second Choice ပြန်ပေးပါတယ်။ ဒီနည်းလမ်းအားဖြင့် ကျွန်တော်တို့တွေသည် ဒီပြည်နယ် ဝေးလံခေါင်ဖျားဒေသတွေမှာ သွားချင်အောင်၊ ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ချင်အောင် လုပ်ပါတယ်။ လောလောဆယ်တော့ နှစ်ဆက အောင်မြင်ပါသေးတယ်။ နှစ်ဆတော့ အောင်မြင်ပါပြီ။ လစာသက်ဆိုင်ရာဒေသက ပေးမယ့် တစ်ဆကတော့ ဒေသရဲ့ အခြေအနေအရ မရသေးပါဘူး။ ဒီလို အစီအမံတွေနဲ့လည်း ကျွန်တော်တို့ ဆောင်ရွက်ပေးနေပါတယ်ဆိုတာ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

ကန်တော်ကြီးရေပြင်အောက်မှ မြေ၊ သဲနုန်းများ စုပ်ယူဖယ်ရှား

ရန်ကုန်မြို့၏ သဘာဝအလှအပ ပန်းဥယျာဉ်များတွင် ကန်တော်ကြီး သဘာဝပန်းဥယျာဉ်သည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ ဖူးမြော် ကြည်ညိုမဝနိုင်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရွှေရောင်ကရဝိက်ဖောင်တို့၏ ပုံရိပ်က ကန်ရေပြင်ကျယ်အပေါ် အလှအပေါ် အယဉ်ဆင့်သည့် သဘာဝပန်းချီကားချပ်ကြီးသဖွယ် ဖြစ်နေသည်။ ကန်တော်ကြီးရေပြင်ကျယ်ပေါ်တွင် တည်ဆောက်ပေးထားသည့် ပတ်ပတ်လည် ကျွန်းကူးသစ်သားတံတားများအပေါ်တွင် နေ့စဉ်နံနက်တိုင်း ကျန်းမာရေးလမ်းလျှောက်သူများ၊ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်သူများ၊ နေ့လယ်နေ့ခင်း ကန်ရေပြင်ကျယ်၏ သဘာဝ လတ်ဆတ်သောလေကို ရှူရှိုက်ရင်း အပန်းဖြေလာသူများနှင့် အစဉ်အမြဲ စည်ကားလျက်ရှိသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာနကလည်း အပန်းဖြေဥယျာဉ်တစ်ခု၏ အသွင်သဏ္ဌာန် အနှစ်သာရ ပြည့်ဝစေရန် ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ပေးနေသကဲ့သို့ ရေနှင့် သန့်ရှင်းမှုဌာနကလည်း ကန်ရေပြင်ကြည်လင်သန့်ရှင်းမှုရှိစေရေး အမြဲမပြတ် ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့မြင်ရသည်။

ဆောင်းရာသီတွင် ဖြစ်ပေါ်လေ့ရှိသော ရေညှိပုပ်များကြောင့် အနံ့ဆိုး မထွက်ပေါ်စေရေးအတွက် ကမ်းကပ်လာသော ရေညှိများကို ဂျပန်နိုင်ငံလုပ် ခေတ်မီရေညှိစုပ်စက်များဖြင့် လည်းကောင်း၊ ရေပြင်ပေါ်မှ ရေညှိပါးများကို ရေနှင့်သန့်ရှင်းရေးဌာန ဝန်ထမ်းအင်အားဖြင့် လည်းကောင်း ဆယ်ယူဖယ်ရှားလျက်ရှိသည်။ ယခုတစ်ဖန် ကန်တော်ကြီး ရေပြင်အောက်တွင် ဖြစ်ပေါ်နေသော မြေကြီး၊ သဲနုန်းများ၊ သစ်ရွက်ကြွေနှင့် အမှိုက်သရိုက်များကို အီတလီနိုင်ငံလုပ် (D.RUG. FLOW) ခေတ်မီဟိုက်ဒရောလစ်ပန့် (နုန်းစုပ်စက်)ကြီးဖြင့် စုပ်ယူကာ အချင်း ရှစ်လက်မရှိ ရေပေါ်နုန်းစုပ်ပိုက်များဖြင့် သွယ်ယူ၍ ပေ ၈၀၀ ခန့်အကွာအဝေးရှိ ရေလယ်ကျွန်းမြေကြီးတွင်းထဲသို့ စုပ်ယူဖယ်ရှားနေသည်ကို ဇန်နဝါရီ ၂၂ ရက်က တွေ့မြင်ရသည်။ **(ဓာတ်ပုံ)**

ဆောင်ရွက်နေခြင်း

ရေငြိမ် ရေတိမ်ပိုင်းကို နေရောင်ခြည်ထိတွေ့မှုများလာလျှင် သဘာဝအရ ရေညှိများ ဖြစ်ပေါ်ရှင်သန်လေ့ရှိကြောင်း၊ မိုးရာသီဆိုလျှင် ရေညှိဖြစ်ပေါ်မှုမရှိသော်လည်း ဆောင်းရာသီနှင့် နွေရာသီဆိုလျှင် လျှို၊ ချောင်၊ ကမ်းစပ်များ၌ ပေါ်ထွက်လာစမြဲဖြစ်ကြောင်း၊ မိုးရာသီ၌ ပြင်ပမှ စီးဝင်လာသော ရေများတွင် မြေမှုန်၊ သဲမှုန်များ ပါဝင်စီးဝင်လာသဖြင့် ကာလရှည်ကြာလာပါက မြေ၊ သဲနုန်းထုထည်များကြီးမားကာ ရေအနက်ကို ရေအတိမ် ဖြစ်ပေါ်စေကြောင်း၊ ကန်တော်ကြီးရေပြင် သန့်ရှင်းရေးနှင့်အနံ့ဆိုးများ ထွက်ပေါ်လာမှုမရှိစေရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရခိုင်ပြည်နယ်တွင် ကွမ်းဈေးအတက်ဘက်သို့ ပြနေ

စစ်တွေ ဇန်နဝါရီ ၂၇

၂၀၁၂ ခုနှစ် ဒီဇင်ဘာလလယ်ပိုင်းမှစ၍ ကွမ်းဈေးတက်မှု လျင်မြန်လာသည်ကို လေ့လာသိရှိရသည်။ စစ်တွေဈေးကွက် ကွမ်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၄၀၀၀- ၄၂၀၀- ၄၃၀၀- ၄၃၅၀- ၄၅၀၀- ၄၇၀၀ထိ တက်လာသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၁ ရက် ဈေးဖွင့်ချိန်တွင် ဒေသထွက် ကွမ်းတစ်ပိဿာလျှင် ကျပ် ၄၈၀၀ ထိလည်းကောင်း၊ ရိုးမအရှေ့ဘက်မှ လာသော အညံ့စား ကွမ်းတစ်ပိဿာလျှင် ကျပ် ၃၅၀၀ထိလည်းကောင်း ရောင်းချလျက်ရှိသည်။

"ဒီနှစ် ကွမ်းဈေးက အတက်ပဲရှိပါတယ်။ ကျတယ်ဆိုတာ မရှိပါဘူး။ ဈေးငြိမ်တယ်၊ ပြန်တက်တယ်၊ ဒီလိုပဲဖြစ်နေတာ။ ဒါကလည်း အကြောင်းသုံးရပ် ရှိတယ်လို့ကျွန်တော် ထင်ပါတယ်။ (၁)ဒေသ အခြေအနေကြောင့် မျိုးရှားပါးလို့ ကွမ်းစိုက်တောင်သူတွေ ခါတိုင်းလို ကွမ်းမစိုက် နိုင်တာရယ်၊ (၂) ဒီနှစ်မှာ မိုးအလွန်များခဲ့တာကြောင့် ကွမ်းပင်တွေ ပျက်စီးတာရယ်၊ (၃) ရိုးမအရှေ့ဘက်မှ အညံ့စား ကွမ်းများ (ပယ်ကွမ်းများ) ဈေးတက်နေတာတွေကြောင့်ပါ။ နောက်လည်း တက်နေမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဖေဖော်ဝါရီလကုန်ထိတော့ တက်မှာပါ။ မတ်လ အလယ်တော့ ခါတိုင်းနှစ်တွေဆို ဈေးနည်းနည်းကျလာပြီ။ ဒီနှစ်တော့ စောင့်ကြည့်ရမှာပေါ့"ဟု စစ်တွေမြို့မဈေးကြီးမှ ရွှေလဝန်းကွမ်းပွဲရုံပိုင်ရှင် ဦးစံရွှေမောင်က ပြောပြသည်။

ရခိုင်ပြည်နယ်တွင် ဆားငန်ရေဝပ်သောနေရာများမှအပ နေရာတိုင်းလိုလို ကွမ်းစိုက်ပျိုးဖြစ်ထွန်းသည်။ စစ်တွေကွမ်းဈေးကွက်သို့ ပုဏ္ဏားကျွန်းမြို့နယ် တောဖျားချောင်းနှင့် စမ်းမတီးချောင်းရှိ ကျေးရွာများမှ အများအပြား နေ့စဉ် ဝင်ရောက်လျက်ရှိသည်။ ရိုးမ အရှေ့ဘက်မှ ဈေးနိမ့်ကွမ်းများ (အညံ့ စားကွမ်းများ)လည်း နေ့စဉ် လိုလိုဝင်ရောက်လျက်ရှိသည်။ ၎င်း အညံ့စား ကွမ်းများလည်း ဈေးရှိသည်။

"ဒီရာသီကတော့ နှစ်တိုင်းလိုလို ကွမ်းဈေးတက်ပါတယ်။ တိုက်တဲ့လေတွေက အေးပြီး ခြောက်သွေ့တော့ ကွမ်းရွက်တွေ အထွက်ကျသွားပါတယ်။ ဒါ့ကြောင့် ကွမ်းထွက်နည်းတာပါ၊ ကျွန်တော်တို့တွေ ဒီရာသီ နှစ်စဉ် ဒီလိုပဲအထွက်နှုန်း ညံ့တာခံရတာပါ"ဟု ပုဏ္ဏားကျွန်းမြို့နယ် ပိုးရှိပြင်ကျေးရွာမှ ကွမ်းခြံပိုင်ရှင် ဦးစိန်ကျော်ဝင်းကလည်း ကွမ်းထွက်ညံ့ရပုံကို သူတို့အတွေ့အကြုံအရ ပြောပြသည်။

လေးဝတီထွန်းစောခိုင်

ကျောင်းသား၊ ကျောင်းသူ ဦးရေ နည်းနည်းသာ လက်ခံ၍ တစ်ဦးချင်းစီ၏
ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် မိဘများကဲ့သို့ အထူးဂရုစိုက်မှု၊ စည်းကမ်းရှိမှု၊ အောင်မြင်မှုတို့တွင်
ပြိုင်စံမပေါ် နိုင်ငံကျော်
ကံ့ကော်ရွှေမြည်
ဆရာကြီး ဒေါက်တာသန်းထွန်း
B.A, H.G.P, R.L, D.I.L, DMA, D.B.A (USA), Ph.D (Law)(USA)
မတ်လ အလယ်တွင် ဖွင့်လှစ်မည်
၈တန်း၊ ၉တန်း၊ ၁၀တန်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်
နေ့တက်အဆင့်မြင့်တန်း နှင့် အဆင့်မြင့်ဘော်ဒါ (ကျောင်းသား၊ ကျောင်းသူ သီးသန့်ခွဲ)
အမှတ် ၃(A)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
အခန်း (၁၀၀၇)၊ YUZANA BUSINESS TOWER, ၂၅ မွေစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၇၃၁၅၆၀၉၉၊ ၀၉ ၇၃၀၅၅၉၉၃၊ ၀၉ ၅၀၇၇၇၅၅၊ ၀၉ ၅၁၁၁၆၀၂
ကျောင်းကား Ferry စီစဉ်ပေးသည်

Seoul Tower KOREA LANGUAGE CENTRE

ယာဉ်မောင်းသင်တန်း
09 5117226, 501812
(Fri to Sun)

ပြည်တွင်းသတင်း

ဖွင့်လှစ်ပေး

ပြည်ထောင်စုအစိုးရအဖွဲ့ ဖလား ဂေါက်သီး ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က နေပြည်တော် မြို့တော် ဂေါက်ကွင်း၌ ကျင်းပရာ ဒုတိယ သမ္မတ ဒေါက်တာစိုင်း မောက်ခမ်း Flashing Ball အား ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

※ ***ရှေ့ဖုံးမှ***

အဆိုပါဆုပေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများမှ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းလိုက်(အကျော့ပေး) ပြိုင်ပွဲနှင့် အသင်းလိုက်(အကျော့မဲ့) ပြိုင်ပွဲများတွင် အကောင်းဆုံးအရှုံးသမားဆုရရှိကြသည့်အသင်းများ၊ Most Birdie, Most Par, Longest Drive နှင့် Nearest Pin ဆုရရှိကြသူများ၊ တစ်ဦးချင်း(အကျော့ပေး) ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ တစ်ဦးချင်း (အကျော့မဲ့) ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ အသင်းလိုက် အကောင်းဆုံးရိုက်ချက်ဆု ရရှိကြသူများအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများက ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အသင်းလိုက်(အကျော့ပေး)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၆၇၂ ချက်ဖြင့် ဒုတိယဆုရ စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် စုစုပေါင်းရိုက်ချက် ၆၉၀ ဖြင့် တတိယဆုရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့အား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်ကလည်းကောင်း၊ အသင်းလိုက်(အကျော့မဲ့) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၈၄၇ ချက်ဖြင့် ဒုတိယဆုရ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စုစုပေါင်း ရိုက်ချက် ၈၄၈ ချက်ဖြင့် တတိယဆုရ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့အား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းကလည်းကောင်း ဆုများကို အသီးသီးပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၃ ခုနှစ် ပြည်ထောင်စုအစိုးရအဖွဲ့ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျော့ပေး) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၆၄၃ ချက်ဖြင့် ပထမဆုနှင့် အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၈၀၁ ချက်ဖြင့် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ပြည်ထောင်စုအစိုးရအဖွဲ့ ဖလားကို ပေးအပ်ချီးမြှင့်သည်။

၂၀၁၃ ခုနှစ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအပြီးတွင် ဂုဏ်ပြုညစာစားပွဲကိုကျင်းပရာ တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ဖျော်ဖြေခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုအစိုးရအဖွဲ့ ဖလား ဂေါက်သီး ရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Flashing Ball အားရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

※ ***ရှေ့ဖုံးမှ***

အင်းလေးကန်သည် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်းတည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၉၀၀ ခန့်၌ တည်ရှိသော သဘာဝရေကန်တစ်ခုဖြစ်သည်။ အင်းလေးကန်သည် အကျယ်အဝန်း ၄၄ဒသမ ၉ စတုရန်းမိုင်ရှိပြီး မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး သဘာဝရေအိုင်လည်း ဖြစ်သည်။ နွေရာသီတွင် အင်းလေးကန်ရေပြင် ပျမ်းမျှအနက်မှာ ခုနစ်ပေခန့်ရှိပြီး ရေအနက်ဆုံးနေရာမှာ ၁၂ ပေခန့်ရှိသော်လည်း မိုးရာသီ၌ ရေအနက်ဆုံးနေရာ၌ ၁၇ ပေခန့်အထိရှိလေ့ရှိသည်။အင်းလေးကန်တွင် ဇီဝမျိုးကွဲများစွာရှိပြီး မြွေမျိုးစိတ်ပေါင်း ၂၀ ကျော်၊ ကမ္ဘာပေါ်တွင် မတွေ့ရှိနိုင်သည့် ငါးမျိုးစိတ်ပေါင်း ကိုးမျိုးကျော်တို့ ထူးခြားစွာ တည်ရှိနေသည့် နေရာအပြင် အခြားဇီဝမျိုးစုံလည်း ပေါများသည့် နေရာတစ်ခု ဖြစ်သည်။ သဘာဝသစ်ပင်မျိုးစိတ်များလည်း ထူးခြားစွာ ပေါက်ရောက်သည့် နေရာတစ်ခုလည်းဖြစ်ရာ ထိန်းသိမ်းမှုလုပ်ငန်းများ ပြုလုပ်လျက်ရှိသည်။ ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ အင်းလေးကန်မိုင် ၂၀ ဝန်းကျင်ရှိ သစ်တော၊ ရေ၊ မြေနှင့် သားငှက်များအား ထိန်းသိမ်းစောင့်ရှောက်ရန် ငါးနှစ်စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

ခင်ဦး ကြံစိုက်တောင်သူများ တာဝန်မကျေမှာ စိုးရိမ်

ခင်ဦး ဇန်နဝါရီ ၂၇

ကသာခရိုင်၊ ရွှေဘိုခရိုင်နှင့် စစ်ကိုင်းခရိုင်တို့သည် စစ်ကိုင်းတိုင်းဒေသကြီးတွင်ရှိသော မိုးခေါင်ရေရှား ရပ်ဝန်းဒေသများဖြစ်သည်။ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးရာသီ၌ မိုးခေါင်ခြင်း၊ မိုးနည်းခြင်း၊ မိုးရွာနောက်ကျခြင်းများနှင့် ကြုံတွေ့ရသော နှစ်တစ်နှစ်ဖြစ်သည်။

မန္တလေး-မြစ်ကြီးနား မီးရထားလမ်း၏အရှေ့ဘက်ခြမ်းတွင် မိုးကောင်းစွာ မရရှိသဖြင့် လယ်နှင့် ယာမြေများ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစွမ်းအား လျော့နည်းခဲ့ရသည်။

မိုးစပါးများ စိုက်ဧကအပြည့် မစိုက်ပျိုးနိုင်ခြင်း၊ စပါးအထွက်လျော့ကျခြင်း၊ ပဲအမျိုးမျိုးနှင့် စီမံကိန်းသီးနှံဖြစ်သော ကြံများထွက်ရှိမှုလျော့နည်းသည့်ဒဏ်ကို ခံစားရသည့်အတွက် တောင်သူလယ်သမားများ စားဝတ်နေရေး မချောင်လည်ဘဲ စီးပွားရေးအကျပ်အတည်း တွေ့သဖြင့် ညည်းတွားသံများ ကြားနေရသည်။

ချေးငွေပေး

ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အရှေ့ဘက်ခြမ်း၌ရှိသော ရှားလွင်ရွာသား ဦးသန်းထွန်းက “မိမိတို့ဒေသသည် မိုးနည်းပါးသည့်အတွက် လယ်နှင့် ယာမြေများမှ စပါး၊ ပဲအမျိုးမျိုးနှင့် ကြံများအထွက်နှုန်းနည်းခဲ့ကြောင်း၊ ဇီးကုန်းသကြားစက်သို့ ကြံများရောင်းချပေးသွင်းရန် တာဝန်မကျေမှုဖြစ်မှာစိုးရိမ်သဖြင့် ပေးသွင်းရန်ကျန်နေသည့် ကြံတန်ချိန်ကို လာမည့်နှစ်(၂၀၁၃-၂၀၁၄)အထိ စဉ်းစားစေချင်ပါကြောင်း၊ နိုင်ငံတော်အစိုးရမှ ကြံတစ်ဧကလျှင် ငွေကျပ်တစ်သိန်းအထိ တိုးတက်ချေးငွေပေးမှုကိုလည်း ကျေးဇူးတင်ပါကြောင်း” ဖြင့် ပြောပြသည်။

ရောင်နီတင်ဝင်း

နက်ပြာရောင်လွှမ်းလာသော မိုးညှင်း နန့်ရင်းချောင်းရေ

မိုးညှင်း ဇန်နဝါရီ ၂၇

သဘာဝအနေအထားအရ ဖြစ်တည်နေသော နန့်ရင်းချောင်းသည် တောင်မှ မြောက်သို့ ကချင်ပြည်နယ် မိုးညှင်းမြို့လယ်ကို ဖြတ်သန်းစီးဆင်းလျက်ရှိပြီး နန့်ရင်းချောင်းစီးဆင်းရာ တစ်နံတစ်လျားကမ်းဘေးဝဲယာရှိ မြို့ရွာ ရပ်ကွက်ပြည်သူတို့ အဝတ်လျှော်ရေချိုးရေ၊ သုံးရေ၊ သီးနှံဟင်းသီးဟင်းရွက်စိုက်ပျိုးရေး သုံးရေအတွက် များစွာအားထား အသုံးပြုလျက်ရှိသည်။ ယခုမြင်ကွင်းတွင် နန့်ရင်းချောင်းရေမှာ နက်ပြာရောင်လွှမ်းလျက် ညစ်ညမ်းနေသည်။ **(ယာပုံ)**

ပတ်ဝန်းကျင် သဘာဝအခြေအနေအရပ်ရပ်ကြောင့်လည်း ယခုအခါ နွေနှင့်ဆောင်းဥတုရာသီတွင် နန့်ရင်းချောင်းရေမှာ ယခင်ကထက် တိမ်ကောလာလျက်ရှိနေပြီ ဖြစ်သည်။ တိမ်ကောနေသော ချောင်းရေတွင် အသုံးပြုနေရသည့် ပြည်သူတို့က “နန့်ရင်းချောင်းရေတွေ ရွံ့ဗွက်ရေလို နက်ပြာရောင် ဖြစ်နေတယ်၊ အရင်လို ကြည်ကြည်လင်လင် မရှိတော့ဘူး၊ အရင်ကလိုပဲ ကြည်လင်စေချင်ပါတယ်၊ ချောင်းရေကိုကြည့်ပါဦး” ဟု နယ်မြေသတင်းထောက်ကို ပြောပြသည်။

ဘာကြောင့် ဒီလိုဖြစ်နေတာပါလဲခင်ဗျာ။ “အစက ငါးဖမ်း ငါးဆေးခတ်၊ ချောင်းထဲက ကျောက်တွေ သယ်ယူကြလို့ပဲထင်မိတယ်။ ခုလိုဖြစ်နေတာ ဆယ်မိုင်ရွာသစ်အထက် နန့်ဟူးချောင်းဝန်းကျင်မှာ ရွှေ တူးကြလို့ နန့်ရင်းချောင်းထဲ စီးဝင်ပြီး ရေပြာရောင်တွေပေါ်ခဲ့တယ်လို့ ဆိုကြပါတယ်” ဟု နန့်ပုတ်နှင့် ညောင်ကိုင်းကျေးရွာမှ ချောင်းရေအသုံးပြုသူ တောင်သူများက ပြောပြသည်။အခုလို နက်ပြာရောင်ရေဆိုတော့ အသုံးပြုတုန်းပါလားခင်ဗျာ။ “ကျွန်မတို့ငယ်ငယ်ကလေးတည်းက အသုံးပြုခဲ့တော့ ခုလည်း အသုံးပြုကြတာပါပဲ၊ တချို့က အမှတ်တမဲ့ သွားတိုက်ပါးစပ်ဆေးကြပေမယ့် ကျွန်မတော့ ရေတွေ ညစ်ညမ်းနေတာမြင်နေရလို့ ကြာရင် ကျန်းမာရေးအတွက် တစ်ခုခုဖြစ်မှာ စိုးရိမ်လို့ သွားတိုက်ပါးစပ်ဆေးတာကိုတော့ မလုပ်ဖြစ်အောင် သတိထားနေမိပါတယ်” ဟု ကျေးရွာအမျိုးသမီးတစ်ဦးက ဖြေကြားသည်။

နက်ပြာရောင်ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲခင်ဗျာ။ တစ်လနီးပါးတော့ ကြာနေပါပြီ၊ ရေကလည်းနည်း၊ နက်ပြာရောင်လည်း ဖြစ်နေတော့ တစ်စုံတစ်ခု လုပ်ရပ်ကြောင့် အများအကျိုးမပြုစေတဲ့ ညစ်ညမ်းရေတော့ မဖြစ်စေချင်ဘူး။ သဘာဝအတိုင်း အကျိုးပြုစေမယ့် ကြည်လင်နေတဲ့ရေ ဖြစ်နေချင်တာပါပဲဟု ကျေးရွာပြည်သူတို့ ဖြေကြားပြောဆိုလျက်ရှိသည်။ မိုးညှင်းမြို့ကို ဖြတ်သန်း စီးဆင်းလျက်ရှိနေသည့် နန့်ရင်းချောင်းရေလည်း ကြည်ကြည်လင်လင်မရှိတော့ဘူး၊ ဘာကြောင့် အရောင်တွေ ပြောင်းနေတာလဲဟု မြို့ခံပြည်သူတွေက ပြောဆိုကာ သို့လော သို့လော ပဟေဠိဖြစ်လျက်ရှိသည်။ **(ဝဇိရ)**

❄ *ကျောဖုံးမှ*

ဒုတိယသမ္မတသည် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အထိ ကွန်ဂရက်စင်တာ Par-senn/Pishca ခန်းမ၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေး ခေါင်းဆောင်များ အလွတ်သဘော တွေ့ဆုံခြင်း-၂၀၁၃ ခုနှစ်အတွက် အရေးပါမှုများကို အနက်ဖွင့်ဆိုခြင်း (Informal Gathering of World Economic Leaders-Defining the Imperatives for 2013) ခေါင်းစဉ်ဖြင့် နေ့လယ်စာ စားသုံးရင်း ဆွေးနွေးသည့် ဆွေးနွေးပွဲသို့ တက်ရောက်သည်။ အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

ဒုတိယသမ္မတသည် ယင်းနေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ကွန်ဂရက်စင်တာ အခန်းအမှတ် ME-23 ၌ ဆွစ်ဇာလန်နိုင်ငံ ဒုတိယသမ္မတ H.E. Mr. Didier Burkhalter နှင့် တွေ့ဆုံခဲ့သည်။ ယင်းသို့ တွေ့ဆုံရာသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် မြန်မာ အမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီး ဦးမောင်ဝေတို့ တက်ရောက်ခဲ့ကြသည်။ ယင်းသို့တွေ့ဆုံ ဆွေးနွေးရာတွင် နှစ်နိုင်ငံဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိစ္စများ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ၏ အကူအညီပေးမှုကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင် သဘာပတိ Professor Klaus Schwab နှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတသည် မွန်းလွဲ ၂ နာရီခွဲတွင် ကွန်ဂရက်စင်တာရှိ Rinerhorn Club ခန်းမ၌ ကျင်းပသော Business Interaction-Group on Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် ဆွေးနွေးပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက မြန်မာနိုင်ငံတွင် ကဏ္ဍအသီးသီးမှ လာရောက်ရင်းနှီးမြှုပ်နှံမှုကိစ္စများနှင့် ပတ်သက်၍ မေးမြန်းသည်များကို ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က ပြန်လည် ရှင်းလင်းပြောကြားခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ စီးပွားရေးကုမ္ပဏီကြီးများ၏ အမှုဆောင်အရာရှိများအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဒုတိယသမ္မတသည် ညနေ ၃ နာရီ ၅၅ မိနစ်တွင် ကွန်ဂရက်စင်တာရှိ အခန်းအမှတ် ME-23 ၌ နယ်သာလန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Mark Rutte နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြသည်။ ယင်းဆွေးနွေးပွဲ၌ နှစ်နိုင်ငံဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဒုတိယသမ္မတသည် ညနေ ၄ နာရီ ၁၅ မိနစ်မှ ၅ နာရီ ၁၅ မိနစ်အထိ ကျင်းပသည့် Resilience in Diversity ခေါင်းစဉ်ဖြင့် ပြုလုပ်သော ဆွေးနွေးပွဲသို့ အခြားအာဆီယံနိုင်ငံ အကြီးအကဲများဖြစ်သည့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Somsavat Lengsavad၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mohd Najib Bin Tun Abdul Rzak၊ ဖိလစ်ပိုင်နိုင်ငံသမ္မတ H.E. Benigno Siemeon Cojuangco Aquino III၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Kittiratt NaRanong တို့နှင့်အတူ ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။ CNN နိုင်ငံတကာသတင်းဌာနမှ Ms. Ellana Lee က Moderator အဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆွေးနွေးရာတွင် အာဆီယံစီးပွားရေးပေါင်းစည်းမှုမြင့်တင်ရေး၊ အာဆီယံဒေသတွင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေးတို့နှင့် ပတ်သက်သည့်ကိစ္စရပ်များအပေါ် ဆွေးနွေးပြောကြားခဲ့ကြသည်။ ဒုတိယသမ္မတက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ အာဆီယံအသိုက်အဝန်းအတွက် မြန်မာနိုင်ငံ၏ အထောက်အကူပေးနိုင်မည့် ကဏ္ဍများ၊ ဒေသအတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်လာမည့် ကိစ္စများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဒုတိယသမ္မတသည် မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mohd Najib Bin Tun Abdul Rzak ၏ ဖိတ်ကြားချက်အရ ယင်းနေ့ညပိုင်းတွင် Central Sporthotel ၌ ကျင်းပသည့် Malaysian Night ညစာခံပွဲသို့ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့သည် သက်ဆိုင်ရာအစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။

ဒုတိယသမ္မတ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ဒါးဗို့စ်မြို့မှဇူးရစ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဇူးရစ်မြို့မှ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ လေဆိပ်၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီး ဦးမောင်ဝေနှင့် အဖွဲ့ရုံးဝန်ထမ်းများက ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

ဒုတိယသမ္မတ ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗန်ကောက်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံရုံးမှ Counsellor Mrs. Corinne Henchaz Pianani နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင်အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့သည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

၂၀၁၃ခုနှစ်၊ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး၊

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး၊

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေး။

ဒုတိယ ဗိုလ်ချုပ်ကြီး ဝေလွင် စက်ခလုတ်နှိပ်ကာ ရတနာပိုင်တိုင်အား ရိုက်သွင်းစိုက်ထူပေးစဉ်။ (သတင်းစဉ်)

အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ပန္နက်တော်တင် အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် စီမံကိန်းတစ်ခုအနေဖြင့်ပါဝင်သည့် အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားတည်ဆောက်ရေးစီမံကိန်း၏ ပန္နက်တော်တင်ရတနာပိုင်တိုင်စိုက်အခမ်းအနားအား ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် အလုံမြို့နယ် ဆိပ်ခံတံတားတည်ဆောက်မည့် နေရာဖြစ်သည့် မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပန္နက်တော်တင်၊ တွင်းတော်ဝန်းအစီအစဉ်အား စတင်ဆောင်ရွက်ပြီး မင်္ဂလာအချိန် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က စက်ခလုတ်နှိပ်ကာ ရတနာပိုင်တိုင်အား ရိုက်သွင်းစိုက်ထူပေးသည်။ အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားသည် မြန်မာ စီးပွားရေးကော်ပိုရေးရှင်း၏ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သော လုပ်ငန်းဖြစ်ပြီး ဆိပ်ခံတံတား၏ အရှည်မှာ မီတာ ၆၀၀ ဖြစ်သည်။ တည်ဆောက်ပြီးသွားပါက တန်ချိန် ၁၅၀၀၀ မှ ၂၀၀၀၀ အထိ ကွန်တိန်နာတင်သင်္ဘောသုံးစင်းမှ လေးစင်းအထိ တစ်ပြိုင်တည်းဆိုက် ကပ်နိုင်ပြီး ကုန်တင်/ကုန်ချလုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ကာ သုံးရက်လျှင် ကုန်သေတ္တာ ၁၀၀၀၀ အထိ ကိုင်တွယ်နိုင်စွမ်းရှိမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်ကြီးနား-ပူတာအို ကားလမ်းပေါ်၌ KIA အဖွဲ့က မိုင်းဆွဲတိုက်ခိုက်၊ အပြစ်မဲ့အရပ်သား ၁ ဦး သေဆုံး

မြစ်ကြီးနားမှ ပူတာအိုသို့ ထွက်ခွာလာသည့် ဆိုင်ကယ်သုံးစီးအား ဇနန်ကျေးရွာ မိုင်တိုင် ၁၁၀ အနီး၌ KIA အဖွဲ့က မိုင်းဆွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားတစ်ဦး သေဆုံးနေစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမှ ပူတာအိုသို့ ထွက်ခွာလာသည့် ဆိုင်ကယ်သုံးစီးအား ဇနန်ကျေးရွာ မိုင်တိုင် ၁၁၀အနီး၌ KIA အဖွဲ့က မိုင်းဆွဲတိုက်ခိုက်မှုကြောင့် မြစ်ကြီးနားမြို့ အောင်မြင်သာကျေးရွာနေကိုကျော်စိုး(၂၅)နှစ်သေဆုံးခဲ့ကြောင်း သိရှိရသည်။**(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၈-၁-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၃ တရားတော်
၇း၁၆ ဓမ္မပူဇာတေး
၇း၂၁ မျိုးချစ်တပ်မတော်
၈း၀၀ မြဝတီရုပ်မြင်သံကြား သတင်း

ညပိုင်း

၄း၀၇ မျိုးချစ်တပ်မတော်
၄း၃၀ လျှပ်တစ်ပြက်
၄း၄၅ ဗွီစီဒီကျော်ကြားတေးများ
၄း၅၀ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (အင်္ဂလိပ်စာ)
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- **ဟာသလွင်ပြင် ဒုတိယတွဲ** (အပိုင်း-၇၃)
၆း၀၀ မြဝတီရုပ်မြင်သံကြား သတင်း
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- **တိမ်လွှာထက်ကဖန်ရဲတိုက်** (အပိုင်း-၂၀)
၈း၀၀ မြဝတီရုပ်မြင်သံကြား သတင်း
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ကြယ်ကလေးတို့ရဲ့ ဂီတ မိုးကောင်းကင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- **ပြည်သူ့တရားရှင်ပေါင်ချိန်** (အပိုင်း-၃)
- မြဝတီရုပ်မြင်သံကြား သတင်း

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသဘာဝ တစ်စိတ်တစ်ဒေသရှုမြင်ခြင်း

နိုင်ငံတော်အဆင့်ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာသည် ၂၀၁၁ နှစ်ဦးပိုင်းကာလတွင် စတင်သန္ဓေတည် ပေါက်ဖွားလာခဲ့ပြီးနောက် အဆင့်ဆင့်ပြုပြင်ပြောင်းလဲရေးများသည် ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာခဲ့ရာ နိုင်ငံရေး၊ စီးပွားရေးတို့၏ ပြောင်းလဲမှုများမှာ နိုင်ငံတကာမှပင် စိတ်ဝင်တစား ဖြစ်ပေါ်လာကာ ၂၀၁၂ ခုနှစ် ကုန်ဆုံးချိန် မြန်မာ့နိုင်ငံရေးခေတ်ဆန်းချိန်၊ လူမှုစီးပွားဘဝ ရေချိန်မြင့်မားလာခဲ့ပြီးနောက် တတိယအဆင့်ပြုပြင်ပြောင်းလဲရေးအတွက် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးစနစ် ပြုပြင်ပြောင်းလဲမှုများကို ဖြတ်သန်းရန် အားသန်လျက်ရှိနေပေပြီ။

ပြည်သူ အခြေပြု(လူထုအခြေပြု) ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ ဖော်ဆောင်ရန်၊ လူထုစီးပွားရေးလုပ်ငန်းများဖော်ဆောင်ရန် လိုအပ်လာပေသည်။ နိုင်ငံတော်မှ မူဝါဒများကို တစ်ချိန်တည်းတစ်ပြိုင်တည်း အလျင်အမြန် ပြောင်းလဲချမှတ်လျက် လုပ်ငန်းဆောင်တာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ကြသူများအနေဖြင့် လက်တွေ့အချိန်နှင့်နယ်ပယ်များက ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အခြေအနေကောင်းများပေးနေသည်ကို နိုင်ငံရေးနှင့် စီးပွားရေး ဒွန်တွဲသုံးသပ်သူများ ကောင်းစွာရိပ်စားမိကြလေပြီ။

ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်း၊ ကျေးရွာပေါင်း ၆၃၃၁၇ တို့ရှိ လူထု၏ နိစ္စဓူဝ လူမှုစီးပွားဘဝမြင့်တင်ရေး ဖော်ဆောင်ရန် Top Down Policy (အစား) Bottom Up Inititative ဟူသည် လူထုအခြေပြုမူဝါဒနှင့် နိုင်ငံအုပ်ချုပ်မှုစနစ် အသက်ဝင်ခြင်းပင်ဖြစ်သည်။

ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေးနှင့် နှီးနွှယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ တစ်ပြိုင်တည်းပေါ်ပေါက်ရန် တာစူနေပြီး ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၈)ရပ်ဖြစ်သည့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက် စွမ်းအင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဖော်ဆောင်ရန် ၂၀၁၁ ခုနှစ်တွင် ကျင်းပခဲ့သည့် မြန်မာ့လူမှုစီးပွားမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်ခဲ့သည်ကို တွေ့ရှိရပေသည်။

နိုင်ငံရေးဖြစ်စဉ် ဖြစ်ထွန်းမှုများတွင် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအရေးပါမှုကို တွေ့ရှိခဲ့ရသည်မှာ ကြာမြင့်လှပြီဟု ဆိုနိုင်သော်လည်း ယခင်ကရွေးချယ် အသုံးပြုခံ အရပ်ဘက် ကုမ္ပဏီ၊ အဖွဲ့အစည်းအချို့ကိုသာ မြင်တွေ့ခဲ့ကြရပြီး ယှဉ်ပြိုင်ရွေးချယ်ခံသော စနစ်ထွန်းကားခြင်းမရှိသေးပါ။ ယခုအချိန်တိုကာလအတွင်း စံနှုန်းမြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သဖြင့် ယှဉ်ပြိုင်စွမ်းအား အထူးမြင့်မားလာခဲ့ပါသည်။

ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကဏ္ဍတွင် ပါဝင်သော နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ စည်ပင်သာယာရေး၊ မြို့ရွာနှင့်အိုးအိမ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကုမ္ပဏီ၊ အဖွဲ့အစည်းများ၏ ယှဉ်ပြိုင်မှုစံနှုန်းမြင့်မားလာခဲ့သည်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတင်းစာများတွင် ကြော်ငြာပြီး တင်ဒါခေါ်ယူခဲ့သည့် ကျေးလက် လမ်း၊ တံတားလုပ်ငန်း ၂၈ ခု၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၂၂ ခု၊ ကျေးလက် မီးလင်းရေးနှင့် စံပြအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း ၁၂၆ ခု၊ စုစုပေါင်း ငွေကျပ်သန်း ၃၇၇၆၂ ဒသမ ၇၀ တန်ဖိုးရှိ လုပ်ငန်းကြီး လေးခုတွင် ကုမ္ပဏီ ၉၅ ခုနှင့် အဖွဲ့အစည်း နှစ်ဖွဲ့တို့မှ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်အထိ ပြည်တွင်း ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ယဉ်ကျေးမှုထွန်းကားလာခဲ့သည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပြီဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တင်ဒါခေါ်ယူရေး အခမ်းအနားများတွင် ပြည်သူ့ဘဏ္ဍာငွေနှင့် စီမံခန့်ခွဲသည့်လုပ်ငန်းများဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များ၏ အတည်ပြုချက်ဖြင့် သုံးစွဲသည်ကို ပြည်သူများထဲမှ ကုမ္ပဏီ၊ အဖွဲ့အစည်းများက Open Tender စနစ်ဖြင့်ပါဝင်၍ ပူးပေါင်းဆောင်ရွက် ဖော်ဆောင်ခဲ့သည်အထိ စီမံခန့်ခွဲမှု အပိုင်းနှင့် အကောင်အထည်ဖော်သူများ ပူးပေါင်းပါဝင်သည်မှာ လွတ်လပ် ပွင့်လင်းသော လူမှုအဖွဲ့အစည်းများတွင် တွေ့ရှိရသော မြင်ကွင်းပင်ဖြစ်ပြီး လာဘ်ပေးလာဘ်ယူ ကိစ္စရပ်များ တိုက်ဖျက်ရေးလမ်းကြောင်းပေါ်သို့ အလိုက်သင့်တွန်းလွှတ်ထားသည်ကို တွေ့မြင်ရပေသည်။

အောင်မာယ(ယောမြေ)

ယခင် ခေတ်ကာလများအတွင်း တွင်ရှင်သန်ခဲ့သော Hard Power နှင့် Order တို့ နိဂုံးချုပ်ပြီးသည့်နောက် Soft Power နှင့် Negotiation အစားထိုး ဝင်ရောက်လာခဲ့သည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာအားသာမှု ဖြစ်ထွန်းနေခဲ့ရာမှ အမာထည်နှင့် အပျော့ထည် နှစ်မျိုးစလုံး ပေါင်းစပ်အသုံးပြုခြင်းဖြင့် အကောင်းဆုံး စွမ်းဆောင်ရည်နှင့် အကောင်းဆုံး ရလဒ်ပေါ်ပေါက်သည်မှာ မျက်မှောက်ခေတ်နည်းပညာများတွင် အထင်အရှားဆုံး သာဓကပင်ဖြစ်သည်ကိုယုံယုံကြည်ကြည်လက်ခံလာကြပြီ ဖြစ်ပါသည်။

နိုင်ငံတကာမှ စိတ်ဝင်တစားရှိလှသည့် မြန်မာ့နိုင်ငံရေး ရေစီးကြောင်း ပြောင်းလဲမှု အရှိန်အဟုန်နှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများက အကူအညီပေးရန် ခြေလှမ်းများ စတင်လာခဲ့ရာ World Bank ၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ အစီအစဉ်မှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ခုစီရှိ မြို့နယ်တစ်မြို့နယ်စီ၊ စုစုပေါင်း ၁၅ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ ဖွံ့ဖြိုးရေးဆောင်ရွက်ပုံစည်းစနစ်မှာ အထူးစိတ်ဝင်စားစရာကောင်းသည်။

ဆင်းရဲနွမ်းပါးမှုအခြေခံ၍ ဒေသအာဏာပိုင်များက စိတ်အားထက်သန်သော ကျေးရွာနေ အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှ အခွင့်အရေးရပြီး အမျိုးသမီးထုကတင်ပြသော စီမံကိန်း အနည်းဆုံးတစ်ခု ပါဝင်မည့်အပြင် ကျေးရွာအုပ်စု တစ်စု၏ အခြေခံလိုအပ်ချက်များကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၇၀၀၀ နှုန်းဖြင့် သုံးနှစ်ထောက်ပံ့မည့် အသေးစိတ် အစီအစဉ်ဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ လူထုအနေဖြင့် မြန်မာ့စိတ်ရင်းဖြင့် ဆောင်ရွက်ကြပါက ကောင်းမွန် စနစ်ကျသော စည်းအဆင့်ဆင့်ကို အလွယ်တကူ ဖြတ်သန်းနိုင်မည်ဖြစ်ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆောင်ရွက်ရာတွင် ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချရန် ရည်မှန်းချက်ထားရှိပြီးဖြစ်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရများ၊ ပြည်နယ်အစိုးရများနှင့် နေပြည်တော်ကောင်စီတို့ ကိုယ့်အားကိုယ်ကိုးအပြိုင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့ကြရပေမည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသည် ပြည်သူ့ဘဏ္ဍာငွေဖြင့် ပြည်သူများအတွက် ထိုက်တန်သော အရည်အသွေးရရှိစေရန်၊ စံနှုန်းသတ်မှတ်ချက်များ ပြည့်မီစေရန်၊ လုပ်ငန်းကြီးကြပ်စီမံခန့်ခွဲသည့် ဦးစီးဌာနနှင့် ကုမ္ပဏီ၊ အဖွဲ့အစည်းများ အပြန်အလှန် ထိန်းညှိစနစ်ဖြင့် ဆောင်ရွက်ကြရပေမည်။ သို့မှသာ ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ကောင်းဖြင့် ကျော်ကြားပြီး ရေရှည်အခွင့်အလမ်း တစ်ရပ်ကို အမိအရ ဆုပ်ကိုင်သင့်ကြပေသည်။

ကျေးလက်နေ ပြည်သူများမှ ပူးပေါင်းပါဝင်လာစေရန် ကိစ္စမှာ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်သည့် ပူးပေါင်းကော်မတီများ ဖွဲ့စည်းပြီး လမ်း၊ တံတားများ၊ ရေပေးရေးလုပ်ငန်းများ၊ မီးလင်းရေးနှင့် စံပြအိမ်ရာလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုနည်းပါးရေး၊ အလဟဿပြုန်းတီးမှု မဖြစ်ပွားစေရေး၊ အချိန်ကိုက်နေရာတကျ လူမှုစီးပွားဘဝ အကျိုးရှိအောင် အသုံးချတတ်စေရေး၊ နည်းပေးလမ်းပြစနစ်တကျ သင်ကြားပေးရေးကိုလည်း ဦးစီးဌာနနှင့် လက်အောက်ခံ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ တစ်ပြိုင်တည်း ဆောင်ရွက်မှသာ အများအတွက် အကျိုးရှိ၊ ဒေသရပ်ရွာလည်း ဖွံ့ဖြိုးလာကာ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာများကိုပါ ချိတ်ဆက်ရယူနိုင်သည်အထိ မြှင့်တင်ပေးကြရပေမည်။

မြန်မာ့လူ့ဘောင်တွင် ထွန်းကားခဲ့သော ရှေးယခင် လူထုအခြေပြု လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ယဉ်ကျေးမှုသည် ခေတ်သစ်လူထုအခြေပြု လူမှုစီးပွားဘဝသို့ ပြည်သူတစ်ရပ်လုံး နိုးထရှင်သန် အောင်မြင်ပါစေရန် ဆန္ဒပြုအပ်ပါသည်။

တရားမဝင် ကျွန်းတံခါးရွက်များ ဖမ်းဆီးရမိ

ပုသိမ် ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့ မြို့မရပ်ကွက် သရက်တောကျောင်းရှေ့ ပုသိမ်-မုံရွာကားလမ်းပေါ်၌ ဇန်နဝါရီ ၁၉ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ မြို့နယ်သစ်တောဦးစီးမှူး ဦးစိုးရီ ပူးပေါင်းအဖွဲ့က ကြံခင်းမြို့မှ ရန်ကုန်သို့လေးမျက်နှာ- အိုင်သပြု ငါးသိုင်းချောင်းကားလမ်းအတိုင်း ဇော်ဇော်နိုင် (၃၅) နှစ် ယာဉ်မောင်း ရွှေဘုံသာလမ်း လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး နေသူ မောင်းနှင်ပြီး လှမင်း (၂၅)နှစ် ရွှေလင်ဗန်းရပ်ကွက် လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး နေသူ စီးနင်းလိုက်ပါလာသော ယာဉ်အမှတ် ၄က/--- ဒိုင်နာခြောက်ဘီး အဖြူရောင် မော်တော်ယာဉ်ကို စစ်ဆေးရာ ကျွန်းတံခါး (အကြီး/အသေး) ၂၂၂ ချပ်၊ စုစုပေါင်းတန်ချိန် ၅ တန်ကျော်ခန့်အား တွေ့ရှိခဲ့သဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ကျွန်းထွက်ပစ္စည်းများ တရားမဝင် သယ်ဆောင်မှု ဥပဒေပုဒ်မဖြင့် ရေကြည်မြို့ရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၁၈၁)**

ရထားလာစဉ် အရက်မူးပြီး ဖြတ်ကူးသူ ရထားကြိတ်ခံရ

တောင်ငူ ဇန်နဝါရီ ၂၇

တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာမြို့အမှတ် (၁) ရပ်ကွက် ရထားလမ်းမိုင်တိုင်အမှတ် (၁၉၁/၁၂ နှင့်၁၉၃/၁၃)ကြားတွင် ဇန်နဝါရီ ၂၀ ရက်နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က လူတစ်ဦး ရထားကြိတ်ခံရ၍ ခြေထောက် တစ်ဖက်ပြတ်သွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မန္တလေးမှ ရန်ကုန် DF-၁၂၅၄ အမှတ်(၉၀၄) အစုံအတွဲ၂၂ တွဲပါ ကုန်တင်ရထားသည် အရှိန်လျှော့၍ မောင်းနှင်လာစဉ် ဆွာမြို့ဘူတာမြောက်ဘက်အရောက် အရက်မူးနေသည့် ဦးသိန်းအောင် ၄၇ နှစ် ဆွာမြို့နေသူသည် အနောက်ဘက်မှ အရှေ့ဘက်သို့ လမ်းဖြတ်ကူးစဉ် ရထားနှင့်တိုက်မိခဲ့ရာ ယာခြေချင်းဝတ်အထက် ပြတ်ဒဏ်ရာ၊ ဝဲဒူးခေါင်းအောက် ပေါက်ပြဲဒဏ်ရာ၊ ဝဲတံတောင်ဆစ်ဖူးရောင်ပေါက်ပြဲဒဏ်ရာများရရှိသွား၍ ဆွာတိုက်နယ်ဆေးရုံသို့ (စိုးရိမ်ရ) တင်ပို့ထားကြောင်း သိရှိရသည်။

(၁၂၃)

မြန်မာ့အလင်း စာတည်းထံပေးစာများ

လမ်းပေါ်ကျူးကျော် ညော်နံ့နံ

တာမွေမြို့နယ် မအူကုန်းလမ်းကျယ် ၁၃၆ လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်နှစ်ဆိုင်နှင့်စားသောက်ဆိုင်မှ ထွက်ပေါ်လာသော အကြော်နံ့ဆိုးများ ရှူရှိုက်ရသောကြောင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ ကျန်းမာရေးထိခိုက်နေပါသည်။ လူသွားလမ်းများပေါ်တွင် ခုံများခင်းထားသောကြောင့် ရဟန်းရှင်လူ၊ ပြည်သူ၊ ကျောင်းသား၊ ကျောင်းသူများလမ်းမပေါ်မှ သွားလာရသောကြောင့် ယာဉ်အန္တရာယ်စိုးရိမ်ရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ၊ လမ်းသားများ**

ဆေးဆိုးပန်းရိုက်အလုပ်ရုံနှင့် ကျူးကျော်တဲများဖယ်ရှားပေးပါ

တောင်ဒဂုံမြို့နယ် ၂၁ ရပ်ကွက် ချောင်းသာ(၁)လမ်း အတွင်း၌ ဆေးဆိုးပန်းရိုက်အလုပ်ရုံများမှ ညော်နံ့၊ တင်ဒါနံ့၊ ဖယောင်းနံ့၊ အလုပ်သမားများ၏ နေ့ည ဆူပူသံများနှင့် ကျူးကျော် ဝါး၊ ဓနိတဲများကြောင့် ရပ်ကွက်နေလူထုမှာ ကျန်းမာရေးနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံး ဖယ်ရှားရှင်းလင်းပေးစေလိုပါသည်။ **မီးဘေးစိုးရိမ်သူ**

ရေတန်ဖိုးသိစေချင်

ဗဟန်းမြို့နယ် ငါးထပ်ကြီး (မြောက်)ရပ်ကွက်တွင် ဘဏ်ရိပ်သာဝန်ထမ်းအိမ်ရာ လေးထပ်တိုက် လေးလုံးရှိရာ အချို့အပေါ်ထပ်များသည် နံနက်ပိုင်းရေလာချိန်တွင် တောက်လျှောက်ဖွင့်ထားခြင်း၊ ရေဘားမပိတ်ခြင်းတို့ကြောင့် တန်ဖိုးရှိ ရေသန့်များ နေ့စဉ်ဂါလန်ပေါင်းများစွာ အလဟဿ ဆုံးရှုံးနေရပါသည်။ သက်ဆိုင်ရာမှ အမြန်ဆုံး ပြုပြင်ပေးရန် တိုက်တွန်းလိုပါသည်။ **ရေမပြုန်းတီးစေလိုသူ**

အခွန်ထမ်းဈေးခြောက်သွေ့သော်လည်း ပုံကျဈေးစည်ကားလျက်ရှိ

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၈) လမ်း ဈေးဟောင်းကြီးကို ဖျက်သိမ်း၍ ၄င်းဈေးမှ ဈေးသူဈေးသားများအား ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထိပ် မီးရထားဝင်း မြေကွက်လပ်တွင် ချမ်းမြေ့ဈေးအမည်ဖြင့် ဈေးတည်ဆောက်ပြီး နေရာချထားပေးခဲ့ပါသည်။ ဆယ်စုနှစ်ပင် ကျော်လွန်ခဲ့သော်လည်း ချမ်းမြေ့ဈေးမှာ အရောင်းအဝယ်မရှိသလောက် ခြောက်သွေ့နေပါသည်။ သို့သော် (၃၈) လမ်းနှင့် ပလက်ဖောင်းများပေါ်တွင် ပုံကျကျူးကျော်ဈေးသည်များမှာ နေရာပိုင်များဝယ်ယူ၍ စည်းကမ်းမဲ့စွာ ရောင်းချနေကြသဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေပါသည်။

ချမ်းမြေ့ဈေးရှိ အခွန်ထမ်းဈေးသည်များအား ညှာတာသောအားဖြင့် ချမ်းမြေ့ဈေးကြီး ပြန်လည်စည်ကားစေရေး သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဈေးသူဈေးသားများ**

လူနေရပ်ကွက်မှ လုပ်ငန်းများ ပြောင်းပေးပါ

သယ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် ကမာကြည်လမ်းတွင် ကားရေဆေးလုပ်ငန်းကို နံနက်စောစောမှ ညဉ့်နက်ချိန်အထိ လုပ်ကိုင်နေပါသည်။ ကားရေဆေး လုပ်ငန်းမှအလုပ်သမားများ၏ ဆူညံသံများအပြင် လမ်းသွားလမ်းလာသူများ ရေစိုမှာစိုး၍ ရှောင်သွားရခြင်း၊ ကားတိုက်မှာစိုး၍ ရှောင်သွားရခြင်းတို့ ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကားရေဆေးလုပ်ငန်းအား တခြားသင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြပါသည်။ **လမ်းသွားလမ်းလာများ**

စက်သံဆူညံ ဝန်းကျင်ညစ်ညမ်း

မန္တလေးမြို့ အမရပူရမြို့နယ် နန်းတော်ရာစံပြကွက်သစ် နယ်မြေ (၅/ခ)အတွင်းရှိ ခြံတစ်ခြံသည် ပလတ်စတစ်ဘူးခွံ ခြေဖျက်ခြင်းမှ စက်ဆူညံသံကြောင့် ပတ်ဝန်းကျင် စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် လုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများအား ၄င်းခြံအနောက်ဘက်ရှိ အမရပူရ ကျုံးဟောင်းအတွင်းစွန့်ပစ်မှုကြောင့် ရေစီးဆင်းမှုပိတ်ဆို့ပါသဖြင့် ထိုလုပ်ငန်းအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

သတင်းဆောင်းပါးနှင့်ကျော်ငြာ

နေပြည်တော်ကောင်စီနယ်မြေအတွင်း လမ်းများအဆင့်မြှင့်တင်

နေပြည်တော် ဇန်နဝါရီ ၂၇

နေပြည်တော်ကောင်စီနယ်မြေအတွင်း လမ်းများအဆင့်မြှင့်တင်လျက်ရှိသည်။ ကျောက်ကြမ်းလမ်းမှ ကတ္တရာလမ်း၊ မြေသားလမ်းမှ ကတ္တရာလမ်းများသို့တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ နေ့စဉ်ဘဝသွားလာလှုပ်ရှားနေသော ပြည်သူတို့အတွက် ထိရောက်စွာအကျိုးပြုမှုဖြစ်စေသည်။

နေပြည်တော်စည်ပင်သာယာရေးနယ်မြေအတွင်းရှိ တပ်ကုန်းမြို့တွင်လည်း လမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်မှုများ ပြုလုပ်လျက်ရှိရာ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့သည်။ တပ်ကုန်းမြို့သည် ဧရိယာကျယ်ဝန်းပြီး စည်ကားသောမြို့ဖြစ်ရာ ယခုကဲ့သို့ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ကာ ကတ္တရာလမ်းများအဖြစ် အကောင်အထည်ဖော်နေရာ မြို့၏ဂုဏ်ကျက်သရေကို ပိုမိုမြင့်တက်စေသည့်အပြင် ပြည်သူများ နေ့စဉ်သွားလာရေးကို အဆင်ပြေစေလျက်ရှိသည်။ ထို့ကြောင့် လမ်းများကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေသော နေပြည်တော်စည်ပင်သာယာရေးကော်မတီ တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်မောင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ဦးတို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး ။ ။ တပ်ကုန်းမြို့တွင်းမှာ လမ်းတွေကတ္တရာခင်းနေတဲ့အကြောင်း ရှင်းပြစေလိုပါတယ်။

ဦးလွင်မောင်မောင် ။ ။ အဓိကအနေနဲ့ ပြည်သူတွေ နေ့စဉ်သွားလာရေးအတွက် အဆင်ပြေစေဖို့နဲ့ မော်တော်ယာဉ်သွားလာရေး အဆင်ပြေစေဖို့ဖြစ်ပါတယ်။ ဒ့ါအပြင် အချို့လမ်းတွေက ကျေးရွာအထိ ရောက်ရှိလို့ ဒေသခံတွေရဲ့သွားလာရေးအပြင် ထွက်ကုန်သီးနှံတွေပါ အချိန်မရွေးသယ်ယူပို့ဆောင်နိုင်ဖို့အတွက်လည်း ပါဝင်ပါတယ်။နောက်ပြီး နေပြည်တော်အဂ္ဂိရပ်နှင့်အညီ မြို့ထဲလမ်းတွေကို အဆင့်မြှင့်တာလည်းပါဝင်သလို အခုလိုမြို့တွင်း လမ်းကို ကတ္တရာလမ်းခင်းပေးလိုက်တော့ တပ်ကုန်းမြို့ထဲက ဖြတ်သန်းသွားလာတဲ့ ရန်ကုန်-မန္တလေးလမ်းပေါ်မှာလည်း ယာဉ်သွားလာမှုလျော့ကျစေပြီး ယာဉ်မတော်တဆဖြစ်မှုများလည်း ကင်းဝေးသွားနိုင်ပါတယ်။

တပ်ကုန်းမြို့တွင်းလမ်းကို ကတ္တရာလမ်းအဖြစ် ခင်းနေသည်ကို ဤသို့တွေ့ရသည်။

အမေးအရေး- မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-ကျော်သူဝင်း

မေး ။ ။ တပ်ကုန်းမြို့တွင်းက ဘယ်လမ်းတွေကို ကတ္တရာလမ်းခင်းပေးမှုပြုလုပ်ပေးနေတာလဲဆိုတာ ပြောပြပေးပါဦး။

ဦးလွင်မောင်မောင် ။ ။ အောင်ဇေယျရပ်ကွက်မှာရှိတဲ့ သခင်ဖိုးလှကြီးလမ်း၊ မြဝတီရပ်ကွက်မှာရှိတဲ့ ပုန်းညက်လမ်း၊ ဘုရင့်နောင်ရပ်ကွက်မှာရှိတဲ့ ရဲမာန်အောင်လမ်း၊ မြဝတီရပ်ကွက်မှာရှိတဲ့ အောင်စိုးမိုးလမ်း၊ ဗိုလ်မင်းရောင်ရပ်ကွက်မှာရှိတဲ့ ဗိုလ်မင်းရောင်ကျောင်းလမ်းတို့ ဖြစ်ပါတယ်။

မေး ။ ။ အဲဒီလမ်းတွေကအခုအချိန်မှာ အားလုံးကတ္တရာလမ်းခင်းပြီးသွားပြီလားဆိုတာ သိရှိလိုပါတယ်။

ဦးလွင်မောင်မောင် ။ ။ တချို့လမ်းတွေက ကတ္တရာခင်းပြီးသွားပါပြီ။ တချို့က လမ်းတွေကခင်းနေဆဲဖြစ်ပါတယ်။ ကတ္တရာခင်းပြီးသွားတဲ့ လမ်းတွေက အရှည်ပေ ၂၈၀၀၊ အကျယ် ၁၂ ပေရှိတဲ့ သခင်ဖိုးလှကြီးလမ်း၊ အရှည်ပေ ၂၆၄၀၊ အကျယ် ၁၈ ပေရှိတဲ့ အောင်စိုးမိုးလမ်း၊ အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ပေ ရှိတဲ့ ဗိုလ်မင်းရောင်ကျောင်းလမ်းတို့ဖြစ်ပါတယ်။ ကတ္တရာခင်းနေဆဲလမ်းတွေကတော့ အရှည်ပေ ၃၀၀၀ ၊ အကျယ် ၁၂ ပေရှိတဲ့ ပုန်းညက်လမ်းနဲ့ အရှည်ပေ ၃၁၀၀ အကျယ် ၁၂ ပေရှိတဲ့ ရဲမာန်အောင်လမ်းတို့ဖြစ်ပြီး မကြာခင်ပြီးစီးမှာဖြစ်ပါတယ်။

မေး ။ ။ အခုကတ္တရာခင်းနေတဲ့လမ်းတွေကအရင်က ဘယ်လိုလမ်းအမျိုးအစားတွေဖြစ်တယ်ဆိုတာ ရှင်းပြပါဦး။

ဦးသက်နိုင်ဦး ။ ။ သခင်ဖိုးလှကြီးလမ်းက အရင်က ကျောက်ချောလမ်းဖြစ်ပြီး အခုကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းတာပါ။ အောင်စိုးမိုးလမ်းကတော့ အရင်ကကတ္တရာလမ်းဖြစ်ပေမယ့် အခုအချိန်မှာ ကတ္တရာသားလုံးဝမရှိတော့ပါဘူး။ အဲဒါကြောင့် အဲဒီလမ်းကို ကတ္တရာထပ်ပိုးလွှာခင်းပေးတာဖြစ်ပါတယ်။ ဗိုလ်မင်းရောင်လမ်းက အရင်ကကျောက်ခင်းလမ်းဖြစ်ပြီး အခုကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းတာဖြစ်ပါတယ်။ ပုန်းညက်လမ်းကလည်း အရင်ကကျောက်လမ်းဖြစ်ပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်တာဖြစ်သလို ရဲမာန်အောင်လမ်းက အရင်ကျောက်လမ်းကို အခုကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးနေတာဖြစ်ပါတယ်။

မေး ။ ။ အခုလို ကတ္တရာလမ်းတွေအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးလိုက်တော့ ပြည်သူတွေအတွက် ဘယ်လိုအကျိုးပြုမှုတွေ ဖြစ်လာမယ်ဆိုတာ ပြောပြပေးပါဦး။

ဦးသက်နိုင်ဦး ။ ။ သခင်ဖိုးလှကြီးလမ်းက တပ်ကုန်းမြို့နဲ့ ပိန်းတောရွာကို ဆက်သွယ်ပေးထားတဲ့ လမ်းဖြစ်တာမို့ လမ်းဘေးဝဲယာမှာရှိတဲ့ တပ်ပေါက်ရွာနဲ့ အောင်ချမ်းသာရွာက ဒေသခံတွေ ရာသီမရွေးသွားလာရေး လွယ်ကူပြီး ထွက်ကုန်သီးနှံတွေလည်း အချိန်မရွေးသယ်ယူပို့ဆောင်လို့ရမှာ ဖြစ်ပါတယ်။ အောင်စိုးမိုးလမ်းကတော့ တပ်ကုန်းမြို့ရဲ့ တောင်နဲ့မြောက်ကို ဖောက်လုပ်ထားတဲ့ အဓိကလမ်းဖြစ်တာမို့ တပ်ကုန်းဈေးနဲ့ အထက (၁) ကျောင်းတို့ကိုလည်း အဆင်ပြေချောမွေ့စွာ နေ့စဉ်သွားလာ အသုံးပြုနိုင်ကြမှာ ဖြစ်ပါတယ်။ ဗိုလ်မင်းရောင်လမ်းက ရန်ကုန်-မန္တလေးလမ်းနဲ့ အလက (၄) ကို အဓိက ဆက်သွယ်ပေးထားတဲ့လမ်းဖြစ်လို့ ကျောင်းသားကျောင်းသူတွေနဲ့ ပြည်သူတွေအသုံးပြုလို့ရသလို ပုန်းညက်လမ်းက ရန်ကုန်-မန္တလေးလမ်းနဲ့ အောင်ဇေယျရပ်ကွက်ကို ဆက်သွယ်ပေးထားတာမို့ နေ့စဉ်အသုံးပြုမှုများတဲ့ လမ်းဖြစ်ပါတယ်။ ဒီလိုလမ်းတွေ ကတ္တရာခင်းပြီး အဆင့်မြှင့်တင်တာကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာ ဌာန(လမ်း၊တံတား) က အနီးကပ်ကြီးကြပ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်" ဟုဖြေကြားသည်။

(မြန်မာ့အလင်း)

မကွေး နတ်မောက်လမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

နတ်မောက် ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကွေး နတ်မောက်လမ်းမကြီးပေါ် မိုင်တိုင်အမှတ် (၁၉/၁) နှင့် (၁၉/၂) တို့အကြားရှိ ကြယ်တစ်လုံးရွာအနီးတွင် ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းအောင်ဆန်းလင်း အသက် ၅၁ နှစ် ယာဉ်မောင်းအဆင့် (၃) ဆည်မြောင်းအလုပ်ရုံဝင်း ဝန်ဇင်းနယ်မြေ မိတ္ထီလာမြို့နေသူသည် ယာဉ်အမှတ် ၇က/-- နောက်တွဲပါ ၂၂ ဘီးယာဉ်ကို မိတ္ထီလာမှ အောင်လံသို့ မောင်းနှင်လာစဉ် အဆိုပါ နေရာအရောက်တွင် လမ်းဖြတ်ကူးသော ဦးကျော်စိုး ၅၅ နှစ် တောင်သူကြယ်တစ်လုံးကျေးရွာ မကွေးမြို့နယ်နေသူအား ဝင်ရောက်တိုက်မိခဲ့သည်။ ဦးကျော်စိုးမှာ ရရှိသောဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သဖြင့် အောင်ဆန်းလင်းအား မကွေးမြို့နယ် ညောင်ကန်ရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပေါ်ဦး (နတ်မောက်)

မင်းကင်း၊ ကလေး၊ ယင်းမာပင်နှင့် မုံရွာမြို့နယ်များမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်း၊ ကလေး၊ ယင်းမာပင်နှင့် မုံရွာမြို့နယ်တို့မှ သစ်တောဝန်ထမ်းများသည် တရားမဝင်သစ် ဖမ်းဆီးရေးလုပ်ငန်းများကို ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ ဆောင်ရွက်ခဲ့ရာ မင်းကင်းမြို့နယ် မောက်ကတော်ဘိနယ်နှင်းကြီးရွာနှင့် မြောင်းဇင်းရွာ အောက်ဘက်ချင်းတွင်းမြစ်ဘေးနှင့် မြောင်းဇင်းချောင်းအတွင်း နေရာငါးခုမှ တရားမဝင် အင်သစ် ၃၂ လုံး/ ချောင်း (၂၈ ဒသမ ၆၁)တန်၊ ကလေးမြို့နယ် မြောက်ဝိုင်းဘိနယ် ဘုန်းကြီးဝိုင်းဘုန်းချောင်းဖျားမှ ပျဉ်းကတိုးသစ် ၁၂ လုံး (၁၂ ဒသမ ၄၀၂ တန်)၊ ယင်းမာပင်မြို့နယ်ကပိုင်ဘိနယ် ပွင့်ကြီးစခန်း မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ ကျွန်းသစ်(၆) ခားရှေ/လုံး (၁ ဒသမ ၀၉၄ တန်) တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။ ထို့အတူ မုံရွာမြို့နယ် အလုံဘိနယ် ချင်းတွင်းတံတား အရှေ့ဘက် ထိပ်၌ တရားမဝင် အင်တိုင်အလုံး ၅၀ (၁ ဒသမ ၆၅ တန်) နှင့် အင်မျော၁၇၅ လုံး (၁ ဒသမ ၅၀၄၀ တန်) သယ်ဆောင်လာသည့် ဖူးခြောက်ဘီးကား တစ်စီးနှင့် ယာဉ်မောင်း မောင်ရန်နိုင်ထွန်း အမှတ်(၃) ကနီနှင့် မောင်ထွန်းဝင်း ရပ်ကွက်(၂)ကနီတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ရုံးသုံးစာရွက်အသုံးပြုရန်အတွက် နိုင်ငံခြားစက္ကူ Wood Free 70 gsm အမျိုးအစား Size A4, Legal,A3 စက္ကူထုပ်များကို(မြန်မာကျပ်ငွေဖြင့်)တင်ဒါခေါ် ဝယ်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက် - ၄-၂-၂၀၁၃ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၅း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေစာရင်း၊ စာရင်းအင်းနှင့် အထွေထွေဌာနခွဲ၊ ရုံးအမှတ်(၄၆) နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၀၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး
ပစ္စည်းဝယ်ယူရေးအဖွဲ့

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် ဖျက်သိမ်းအဖွဲ့အစည်းများဖြစ်သည့် ကုန်ပစ္စည်းစစ်ဆေးရေးနှင့် ကိုယ်စားလှယ်လုပ်ငန်း၊ မြန်မာ့ထုတ်ကုန်သွင်းကုန်လုပ်ငန်းတို့မှ လာရောက်မဆက်သွယ်သေးသည့် အငြိမ်းစားဝန်ထမ်းများ၏ တိုးမြှင့်ပင်စင်လစာခံစားနိုင်ရေးအတွက် ၂၀၁၃ခုနှစ် ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ နီးစပ်ရာ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂၆၈/၃၁၄)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၂၂၄၈၊ ၀၁-၂၁၆၄၂၁တို့သို့ ဆက်သွယ်ပါရန် အကြောင်းကြားပါသည်။ **ဒုတိယအထွေထွေမန်နေဂျာ၊ စီးမံရေးနှင့်လေ့ကျင့်ရေးဌာနခွဲ**

ယာဉ်မောင်း-၅(လစာနှုန်းကျပ် ၄၁၀၀၀-၁၀၀၀-၄၆၀၀၀)
ရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ နေပြည်တော်သတင်းစာတိုက်များရှိ သတင်းစာပို့မော်တော်ယာဉ်များနှင့် ရုံးလုပ်ငန်းသုံးမော်တော်ယာဉ်များ မောင်းနှင်ရန် ယာဉ်မောင်း-၅ (လစာနှုန်းကျပ် ၄၁၀၀၀-၁၀၀၀-၄၆၀၀၀) ရာထူးနေရာများအတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) အသက် ၂၅ နှစ်မှ ၄၅ နှစ်အတွင်း အမျိုးသားများ လျှောက်ထားနိုင်သည်။
(၃) မှတ်ပုံတင်ထားသည့် မည်သည့်ယာဉ်ကိုမဆို မောင်းနှင်ခွင့်ရှိသည့် ယာဉ်မောင်း (င)လိုင်စင် ရှိရမည်။
(၄) ယာဉ်မောင်းသက် အနည်းဆုံး(၃)နှစ် ရှိရမည်။
(၅) ပညာအရည်အချင်းအနည်းဆုံး အလယ်တန်းအောင်မြင်ရမည်။
(၆) လုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်လွှာများကို ၁၄-၂-၂၀၁၃ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။ နေပြည်တော်၌ လူတွေ့၊ လက်တွေ့ စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

Apex Gas & Oil Public Company Limited
တည်ထောင်ပြီးဖြစ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက်အမှတ် (4334)ဖြင့် Apex Gas & Oil Public Company Limited အား အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်ပါသည်။

၎င်းအများပိုင်ကုမ္ပဏီသည် ဆီသင်္ဘောများဝယ်ယူပြီး နိုင်ငံတကာအဆင့်မီ စက်သုံးဆီနှင့် ဂက်(စ်)စသည့် ဆက်စပ်ပစ္စည်းများကို ဝယ်ယူတင်သွင်း၍ အဆင့်မြင့်ကုန်ချောများထုတ်လုပ်ပြီး ပြည်တွင်းတွင် လက်လီလက်ကားဖြန့်ဖြူးခြင်း၊ ကိုယ်စားလှယ်ပေးခြင်း၊ မြန်မာပြည်အတွင်းတွင် Petrol Station နှင့် Gas Station များ မရှိသေးသည့်မြို့နယ်များတွင် Station များ တည်ဆောက်ခြင်း၊ စက်သုံးဆီများလိုအပ်နေသည့် နေရာဒေသ/ဆိုင်များသို့ အရောက်ပို့ဆောင်ပေးခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရန် ရည်ရွယ်၍ တည်ထောင်ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

စက်သုံးဆီနှင့် ဂက်(စ်)လုပ်ငန်းအား လက်ရှိလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ အတွက်(AGO) Company ၏ သီလဝါဆိပ်ကမ်းရှိ Great Petroleum Terminal တွင် ဝယ်ယူလိုလျှင်သော်လည်းကောင်း၊ သိုလှောင်လိုလျှင်သော်လည်းကောင်း၊ နိုင်ငံခြားမှတင်သွင်းလျှင်သော်လည်းကောင်း စီစဉ်ဆောင်ရွက်ပေးနိုင်ပါသည်။ ထို့အပြင် စက်သုံးဆီနှင့် ဂက်(စ်)လုပ်ငန်းများကို မြို့နယ်ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ Station ဖွင့်လှစ်လိုလျှင်သော် လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်လိုသူများ E-mail Address ceo@apexgasnoil.com နှင့် website: www.apexgasnoil.com သို့ အဆိုပြု တင်ပြနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ရုံးခန်းလိပ်စာ - အမှတ် (၅၁)၊ ရွှေဟင်္သာကွန်ဒို(အေ)၊ အခန်းအမှတ် ၁၀၀၃၊ ၆မိုင်၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းအားကစား

မြန်မာအားကစားသမားများ စခန်းသွင်းလေ့ကျင့်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများ အောင်မြင်မှုရရှိစေရေးအတွက် အားကစားသမားများအား နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ဇန်နဝါရီ ၂၃ ရက် နံနက် ၇ နာရီက အားကစားလေ့ကျင့်ရေးစခန်းသို့ ရောက်ရှိစစ်ဆေး၍ အားကစားသမားများအနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်များများ ဆွတ်ခူးနိုင်စေရေးအတွက် မိမိတို့အားကစားနည်းအလိုက် ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်ဆိုသကဲ့သို့ စိတ်ပါဝင်စားစွာ လေ့ကျင့်ကြိုးစားကြရန် အားပေးစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အားကစားလေ့ကျင့်ရေးစခန်း အစည်းအဝေးခန်းမ၌ အားကစားနည်းအလိုက် အုပ်ချုပ်သူနှင့် နည်းပြများအား ထပ်မံတွေ့ဆုံပြီး အားကစားသမားတစ်ဦးချင်း၏ တိုးတက်မှု အခြေအနေများကို သိရှိအောင် လေ့လာထားကြရန်မှာကြားကာ ဘော်လီဘော၊ လက်ဝှေ့၊ တိုက်ကွမ်ဒိုနှင့် ပိုက်ကျော်ခြင်း အားကစားသမားများ၏ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

မြားပစ်အခြေခံ သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၇

ကာကွယ်ရေး ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် တပ်မတော်မြားပစ် ကော်မတီနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့ ကြီးမှူးဖွင့်လှစ်သော မြားပစ်အခြေခံ သင်တန်းအမှတ်စဉ် (၁/ ၂၀၁၃) သင်တန်းဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၁) ယာဉ်သိုလှောင်ရေး တပ်ရင်း (တပ်ရင်းခန်းမ)၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်မြားပစ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်မြင့်သိန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဒုတိယရုံးအဖွဲ့မှူး ညွှန်ကြားရေးမှူး ဦးကျော်ဦးက သင်တန်းဖွင့်စကားပြောကြားရာတွင် ၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။

ယင်းနောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် လက်ရွေးစင်နည်းပြများနှင့် ကစားသမားများက မြားပစ်လက်တွေ့သရုပ်ပြသကြပြီး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ဒုတိယရုံးအဖွဲ့မှူး ညွှန်ကြားရေးမှူးဦးကျော်ဦးက ပစ်မှတ်စက်ဝိုင်းရှိ အမှတ်ပေးပုံစနစ်ကို ရှင်းလင်းပြသသည်။ **(ဝဲပုံ)**

အဆိုပါ သင်တန်းတွင် အခြေခံ Compoundနှင့် Recurve မြားပစ်အားကစားနည်းများကို နံနက် ၈ နာရီခွဲမှ ၁၁ နာရီခွဲအထိ တစ်ချိန်နှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ တစ်ချိန် တစ်နေ့ နှစ်ချိန်ဖြင့် ရက်သတ္တပတ်လေးပတ်အကြာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် (ကျိုက္ကဆံ) မြားပစ်ကစားကွင်း၌ သင်ကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြင်းစီးအသင်း နှစ်(၄၀)ပြည့်အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်မြင်းစီးအသင်း နှစ် (၄၀) ပြည့်အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ (Rangon EQUESTRIAN and Country Club 40th Anniversary 2013)ကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီမှ စတင်၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရန်ကုန်မြင်းစီးအသင်း၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဗိုလ်မှူးကြီး စန်းမောင်(ငြိမ်း)၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်း၊ ရန်ကုန်မြင်းစီးအသင်းဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မြင်းစီးအားကစားဝါသနာရှင် ၂၀၀၀၀ ကျော် တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဗိုလ်မှူးကြီး စန်းမောင်က အမှာစကားပြောကြားပြီး First Generation ရန်ကုန်မြင်းစီးအသင်း ဥက္ကဋ္ဌ ဦးငြိမ်းကျော်က နှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် နှစ်(၄၀) ခရီးမျိုးဆက် ပထမမှ ပဥ္စမငါးခု Generation မြင်းစီးအားကစား မောင်မယ်တို့က စုပေါင်း Parade စီး၍ လည်းကောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ ရွှေ၊ ငွေ၊ ကြေး တံဆိပ်ရရှိခဲ့ကြသောလက်ရွေးစင် မြင်းစီး အားကစားသမားများက Dressage နှင့် Show Jumping အားကစားနည်းများကိုလည်းကောင်း၊ ရန်ကုန်မြင်းစီးအသင်း၏ မျိုးဆက်သစ်လူငယ်များက Horse Gameများကို လည်းကောင်း အသီးသီး သရုပ်ပြသကြသည်။

ဆက်လက်၍ ကုန်းနှီးမဲ့ ဒုန်းစီးပြိုင်ပွဲနှင့် ကုန်းနှီးပါ ဒုန်းစီးပြိုင်ပွဲများကို ကျင်းပပြီး Laurel Art Academyမှ ရန်ကုန်မြင်းစီးအသင်း မြင်းစီးအားကစား မောင်မယ်များကလည်း ပြဇာတ်များ၊ အကပဒေသာနှင့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ရန်ကုန်မြင်းစီးအသင်း နှစ် (၄၀) ပြည့် အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ၊ သရုပ်ပြပွဲနှင့် သရုပ်ပြသသည့် မြင်းစီးအားကစားမောင်မယ်များအား ရန်ကုန်မြင်းစီးအသင်း ဥက္ကဋ္ဌ First Generation ဦးငြိမ်းကျော်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်မြင်းစီးအသင်း နှစ် (၄၀) ပြည့်အထိမ်းမှတ် မြင်းစီးအားကစားပြိုင်ပွဲနှင့် သရုပ်ပြသကြသော မြင်းစီးအားကစားမောင်မယ်များ၊ ဧည့်သည်တော်များအား ဂုဏ်ပြုသည့်အနေဖြင့် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြကြောင်း သိရှိရသည်။

(မောင်ကျော်)

မန်ယူ၊ မန်စီးတီး၊ အာဆင်နယ်တို့ နိုင်ပွဲကိုယ်စီရခဲ့တဲ့ အက်ဖ်အေပွဲစဉ်

မိုးမြင့်လင်းလက် - စုစည်းသည်

အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲစဉ်တွေကို ဇန်နဝါရီ ၂၆ ရက်မှာ ဆက်လက် ယှဉ်ပြိုင်ကစားတဲ့အခါ အသင်းကြီးတွေ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ကြပြီဖြစ်ပါတယ်။ ပရီမီယာလိဂ် အပြင် အက်ဖ်အေဖလားရယူရေးမှာပါ ပြိုင်ဆိုင်မှုစစ်မျက်နှာသစ် ဖွင့်လှစ်နေရပြီဖြစ်တာမို့ ရာသီကုန်ချိန်မှာ ဖလားလက်မဲ့ မဖြစ်စေဖို့အတွက် ထိပ်တန်းအသင်းကြီးတွေ အားမာန်အပြည့်ကိုယ်စီနဲ့ ယှဉ်ပြိုင်နေလျက်ရှိပါတယ်။

မန်ယူ ၄-၁ ဖူလ်ဟမ်

မန်ယူတို့ ပွဲစတင်ကတည်းက တိုက်စစ်ဖွင့်ကစားခဲ့တာမို့ ပွဲစချိန် နှစ်မိနစ်မှာပဲ ဝါရင့်တောင်ပံကစားသမားဂစ်က ပယ်နယ်တီပြစ်ဒဏ်ဘော ကန်သွင်းယူပြီး ဦးဆောင်ဂိုးရရှိခဲ့ပါတယ်။ မန်ယူတို့ ဂိုးထပ်မံသွင်းယူနိုင်ရေးကြိုးစားခဲ့ပေမယ့် ဖူလ်ဟမ်တို့က မာမာတင်းတင်း တုံ့ပြန်ကစားခဲ့လို့ ပထမပိုင်းပွဲချိန်ပြီးတဲ့အထိ ဂိုးထပ်မံမသွင်းနိုင်ခဲ့ပါဘူး။ ဒုတိယပိုင်း ပွဲချိန် မိနစ် ၅၀မှာ တိုက်စစ်မှူး ရွန်နေက မန်ယူအတွက် ဒုတိယဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး မန်ယူတို့ ထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာမှ ပွဲချိန် ၅၂ မိနစ်နဲ့ ၆၆ မိနစ်မှာ ဟာနန်ဒက်ဇ်က တစ်ဦးတည်းနှစ်ဂိုးဆက်တိုက်သွင်းယူခဲ့တာမို့ မန်ယူတို့ လေးဂိုးရရှိခဲ့ပါတယ်။ ဖူလ်ဟမ်ဟာ ချေပဂိုးတွေရရှိဖို့ ကြိုးစားခဲ့ပေမယ့် ပွဲချိန် ၇၇ မိနစ်မှာ မက်စ်က တစ်ဂိုးသွင်းယူခဲ့တာကလွဲပြီး ပွဲချိန်ပြည့်တဲ့အထိ ဂိုးတွေ မသွင်းယူနိုင်ခဲ့တာကြောင့် ပွဲအပြီးမှာ မန်ယူတို့ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရပြီး အက်ဖ်အေဖလား နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

စတုတ် ၀-၁ မန်စီးတီး

စတုတ်တို့က အိမ်ကွင်းမှာ အဝင်အထွက်ရဲရဲနဲ့ကစားခဲ့တာမို့ မန်စီးတီးတို့ အကျပ်တွေ့ပြီး ဂိုးရရှိရေး ခက်ခဲတာဖြစ်တယ်။ မန်စီးတီးဟာ ပထမပိုင်း ပွဲချိန်အတွင်းမှာ ဂိုးသွင်းခွင့်တွေ ရရှိခဲ့ပေမယ့် စတုတ်တို့ရဲ့ ဟန့်တားကာကွယ်နိုင်မှုနဲ့ မန်စီးတီးတိုက်စစ်မှူးတွေ ဆန္ဒစောနေမှုတို့ကြောင့် ဂိုးမသွင်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ မန်စီးတီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၈၅ မိနစ်မှာ ဇာဘလက်တာက သွင်းယူပေးနိုင်ခဲ့လို့သာ မန်စီးတီးတို့ တစ်ဂိုး-ဂိုးမရှိနဲ့ ကံကောင်းစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဘရိုက်တန် ၂-၃ အာဆင်နယ်

အာဆင်နယ်အတွက် ဂီရော့က ပွဲချိန်၁၆ မိနစ်မှာ အဖွင့်ဂိုး သွင်းယူနိုင်ခဲ့ပေမယ့် ၃၃ မိနစ်မှာတော့ ဘာနက်စ်က ဘရိုက်တန်အတွက် ချေပဂိုး သွင်းယူခဲ့တာမို့ ပထမပိုင်းပွဲချိန်အတွင်း တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယပိုင်းပွဲချိန် ၅၆ မိနစ်မှာ ဂီရော့က တစ်ဂိုးထပ်မံသွင်းယူခဲ့တာမို့ အာဆင်နယ်တို့ ဦးဆောင်ဂိုးရရှိခဲ့ပါတယ်။ ဘရိုက်တန်တို့က ချေပဂိုးရရှိရေး တန်ပြန်ထိုးဖောက်ခဲ့တာမို့ ပွဲချိန် ၆၂ မိနစ်မှာ အူလ်လိုရာက ချေပဂိုးပြန်သွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အနိုင်ရရှိရေးအတွက် ကစားအားတင်ခဲ့တဲ့ အာဆင်နယ်ဟာ ပွဲချိန် ၈၅ မိနစ်မှာ တိုက်စစ်မှူး ဝေါကော့သ်က အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့လို့ ပွဲအပြီးမှာ အာဆင်နယ်က သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဘော်လ်တန် ၁-၂ အဲဗာတန်

ပရီမီယာလိဂ်မှာ ခြေစွမ်းပြနေတဲ့ အဲဗာတန်ဟာ အခုပွဲမှာလည်း ပွဲချိန် ၁၈ မိနစ်တွင် ပီနားရဲ့ သွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၂၇ မိနစ်တွင် ဆာဒဲလ်က ဘော်လ်တန်အတွက် ချေပဂိုးပြန်သွင်းယူပေးခဲ့တာမို့ တစ်ဂိုးစီဖြစ်နေခဲ့ပါတယ်။ အဲဗာတန်တို့ ဂိုးရရှိရေး နေရာစုံက ထိုးဖောက်ကစားခဲ့ပေမယ့် ပွဲချိန် မိနစ် ၉၀ရောက်မှသာ ဟိုက်တင်ဂါရဲ့ဂိုးနဲ့ ကံကောင်းစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ။

အခြားပွဲရလဒ်များ

ဒါဘီ	၀-၃	ဘလက်ဘန်း
ဟက်ဒါဖီးလ်	၁-၁	လက်စတာစီးတီး
ဟားလ်	၀-၁	ဘန်စလေ
မစ်ဒယ်ဘရော့	၂-၁	အယ်ဒါရှော့
နော့ဝှစ်	၀-၁	လူတန်
ကျူပီအာ	၂-၄	MK ဒွန်း
ရက်ဒင်း	၄-၀	ရှက်ဖီးလ်

အားကစားသတင်း အတိုအထွာ

❑ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း အသက် ၃၇ နှစ်အရွယ်ရှိ ဒေးဗစ်ဘက်ဟမ်းက ဂျရတ်၊ အက်ရှ်လေကိုးနှင့် ပီတာခရော့ချ်တို့ကို အမေရိကန်သို့ သွားရောက်ကစားရန် တိုက်တွန်းလိုက်သည်။

❑ စပါးတောင်ပံကစားသမား ဒေးဗစ်ဘန့်လေအား ဘလက်ဘန်းနှင့် ရက်ဒင်းတို့က စိတ်ဝင်စားလျက်ရှိရာ အငှားချထားရန် ဆွေးနွေးသွားမည်ဖြစ်သည်။

❑ ဗီလာအသင်းမှ အသက် ၂၂ နှစ်အရွယ် တိုက်စစ်မှူး ဘန်တီကီအား စပါး၊ မန်စီးတီး၊ အာဆင်နယ်နှင့်လီဗာပူးတို့က အပြိုင်ခေါ်ယူလျက်ရှိသည်။

❑ ဗီလာအသင်းမှ နောက်ခံကစားသမားစတီဖင်ဝါနော့အား ဝက်စ်ဟမ်းသို့ အလွတ်ပြောင်းရွှေ့ခွင့် ပြုမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ ဘလက်ပူးအသင်းမှ တောင်ပံကစားသမား တွမ်အင့်သည် လီဗာပူးက ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းဖြင့်ခေါ်ယူရန် ကြိုးစားနေရာ ရက်ဒင်းအသင်းကလည်း အပြိုင်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

❑ စတုတ်ဂိုးသမားဘီဂိုဗစ်သည် လာမည့်နွေရာသီတွင် မန်ယူသို့ ပြောင်းရွှေ့ရန် ဆွေးနွေးလျက်ရှိသော်လည်း မန်စီးတီး၊ အာဆင်နယ်နှင့် လီဗာပူးတို့ကလည်း စိတ်ဝင်စားလျက်ရှိရာ ခေါ်ယူရေး ပြင်ဆင်လျက်ရှိသည်။

❑ မန်ယူအသင်းကွင်းလယ်ကစားသမား ကာရစ်အား စာချုပ်သစ် ထပ်မံချုပ်ဆိုရန် မန်ယူနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။ ကာရစ်၏ လက်ရှိစာချုပ်မှာ ၂၀၁၄ ခုနှစ်အထိ ဖြစ်သည်။

❑ နယူးကာဆယ်အသင်းသည် အိုင်ဗရီကို့စ်တိုက်စစ်မှူး ဝဲလ်ဖရစ်ဘိုနေအား ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်းဖြင့် စာချုပ်ရန် ဆွေးနွေးလျက်ရှိသည်။

❑ မန်ယူနည်းပြ ဖာဂူဆန်က ဝါရင့်ကစားသမားဂစ်နှင့် ပေါလ်စခိုးတို့ကို တိုက်စစ်မှူး ဗန်ပါစီအား နွေးထွေးစွာဆက်ဆံသင့်ကြောင်း တိုက်တွန်းလျက်ရှိသည်။

❑ ချယ်လ်ဆီးအသင်းတွင် နည်းပြအဖြစ် ရေရှည်တာဝန်ယူရန် စဉ်းစားထားခြင်းမရှိကြောင်း၊ သို့သော် အောင်မြင်မှုများရရှိရန် စွမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း နည်းပြ ဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားသည်။

❑ ပြီးခဲ့သည့် သီတင်းပတ်က ချယ်လ်ဆီးကစားသမား အီဒင်ဟာဇက်၏ မတော်တဆဖြစ်ရပ်အတွက် လာမည့်လ၌ အက်ဖ်အေက ပွဲပယ်ပြစ်ဒဏ်ချမှတ်မည်ဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

❑ ကိုရင်သီယန်အသင်းမှ ဘရာဇီးကစားသမား ပေါလင်ဟိုအား အင်တာမီလန်က ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းဖြင့် ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။

မောင်ချစ်ကြည် – ရေးသားသည်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အစားအသောက်များအတွင်း ဆိုးဆေးအန္တရာယ် မြင့်မားလာ

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်တွင်း၌ ရောင်းချလျက်ရှိသည့် ငါးဈေးကွက်အတွင်း ငါးအချို့အား ရောင်းပန်းလှစေရန်အတွက် ဆိုးဆေးအသုံးပြုမှုများ ပြုလုပ်ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

"အခု စစ်ဆေးတွေ့ရှိရတာက အင်းစိန်က ဈေးတွေမှာတွေ့တာပါ။ ဆိုးဆေးကို အသုံးပြုတယ်ဆိုတာက ငါးတွေရဲ့ ပင်ကိုအရောင်ထက် ပိုပြီး ရောင်းပန်းလှစေဖို့ ဖြစ်ပါတယ်။ အဓိကကတော့ ငါးပုဏ္ဏားနဲ့ ငါးမြွေထိုးတွေကို ဆိုးကြပါတယ်" ဟု စားသုံးသူကာကွယ်ရေးအသင်း၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်များ၏ ဈေးများ အတွင်းစစ်ဆေးခြင်း ကူညီဆောင်ရွက်ခဲ့သူ တစ်ဦးကပြောကြားသည်။

စားသုံးသူကာကွယ်ရေးအသင်းအနေနှင့် ယခုလဆန်းပိုင်းမှ စတင်ကာ ရန်ကုန်မြို့အတွင်း ဈေးများ၏ စားသောက်ကုန်ရောင်းချရာ နေရာများကို ကွင်းဆင်းကာ အစားအသောက်များအား စစ်ဆေးကြည့်ရှုခဲ့ရာ ယခုကဲ့သို့ ကျန်းမာရေးနှင့် မညီညွတ်သည့် စားသောက်ကုန်အမျိုးအစားများကို တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အများစုမှာ ဆိုးဆေးအသုံးပြုမှု အဓိကပြဿနာနှင့် ကြုံလျက်ရှိကြောင်း အသင်းမှ တာဝန်ရှိသူက ပြောပြသည်။

"ကျွန်တော်တို့ အသင်းအနေနဲ့တော့ဈေးတွေထဲ ရှောင်တခင်ဝင်စစ်ဆေးတာတွေလုပ်ပါတယ်။ နောက်ပြီး စားသုံးသူတွေက မသင်္ကာလို့ တိုင်ကြားလာခဲ့ရင်လည်း စစ်ဆေးပေးပါတယ်။ ဒါပေမယ့်လည်း ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ထိရောက်တဲ့ အရေးယူမှုတွေ ဘာတွေတော့ လောလောဆယ်မှာ မရှိသေးပါဘူး။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းထဲမှာပါဝင်တဲ့ ဆိုးဆေးအမျိုးအစားတွေ၊ အသုံးပြုတဲ့ဓာတုပစ္စည်းတွေနဲ့ သုံးစွဲတဲ့ပမာဏအလိုက် အကျိုးအပြစ် စတာတွေကို ဓာတ်ခွဲစမ်းသပ်ဖို့ ကြိုးစားပေးနေပါတယ်" ဟု အဆိုပါအသင်း၏ ဥက္ကဋ္ဌဦးဗအုပ်ခိုင်က ပြောပြသည်။

အဆိုပါအသင်းမှ စစ်ဆေးတွေ့ရှိခဲ့ရာတွင် ဈေးအများစု၌ ဓာတုဗေဒဆိုးဆေးများ အသုံးပြုထားသည့် အစားအသောက်များ ရောင်းချလျက်ရှိနေသည်ကို တွေ့ရှိခဲ့ရပြီး ဝယ်ယူသူများအနေနှင့်လည်း ရောင်းချသူများဘက်မှ ရောင်းပန်းလှစေရန် ပြင်ဆင်ပေးထားသည့် အစားအသောက်များကို ဂရုပြုသင့်ကြောင်း အဆိုပါအသင်းမှ သိရှိရသည်။

"ကျွန်တော်တို့ကတော့ စားသုံးသူ အန္တရာယ်တွေ ဘာတွေမသိပါဘူး။ ဒီဈေးမှာတော့ ဆိုးဆေးနဲ့လွတ်တဲ့ ဈေးသည်က နည်းပါတယ်။ ဝက်သားဆိုလည်း မနက်အသားတွေရောက်တာနဲ့ ပရဆေးဆိုင်က ဝယ်ထားတဲ့ ဆိုးဆေးထုပ်ထဲက ဆေးအနီရောင်မှုန့်ကို ရေဖျော်ပြီး ဝက်သားတွေပေါ် သုတ်ထားလိုက်တယ်။ ပန်းသွေးရောင်ဝက်သားကိုမှ ဝယ်သူက ကြိုက်တာလေ၊ ဖြူဖြူဖျော့ဖျော့အသားဆိုရင် ဘယ်သူမှ မဝယ်ဘူး။ ကြက်သားသည်လည်း ဒီအတိုင်းပဲ။ ဆေးဝါလေးနည်းနည်းဖျန်းတယ်။ ငါးသည်တွေလည်း အဲဒီလိုပါပဲ။ ငါးမြွေထိုး၊ ငါးပုဏ္ဏားဆိုရင် အဝါရောင်ဆိုးဆေး၊ ငါးဖယ်ခြစ်ဆိုရင် ဆေးနီ၊ ပုစွန်တုပ်ဆိုရင် ယမ်းစိမ်းရောင် နည်းနည်းတော့ သုံးကြရတယ်။ ကျန်းမာရေးနဲ့ ထိခိုက်တယ်ဆိုတာတွေ ဘာတွေထက် ဒီအမှုန့်ထဲမှာ ဘာတွေပါတယ်ဆိုတာမျိုး ဘယ်လိုလုပ်သိမလဲ"ဟု တာမွေမြို့နယ်ရှိ ဝက်သားရောင်းချသူတစ်ဦးက ဈေးအတွင်းလက်ရှိအခြေအနေအား ပြောကြားသည်။

(ခင်ရတနာ)

စစ်တွေမြို့တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးဆောင်ရွက်

စစ်တွေ ဇန်နဝါရီ ၂၇

စည်းကမ်းမဲ့ ယာဉ်မောင်းများ၊ တန်ပိုမော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်စီးသူများ၊ ဦးထုပ်မဲ့ဆိုင်ကယ်စီးနင်းသူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသူများ စစ်တွေမြို့တွင် တစ်နှစ်ထက်တစ်နှစ် များပြားလာ၍ မကြာခဏဆိုသလို ယာဉ်တိုက်မှုနှင့် ဘေးအန္တရာယ်များကို ကြုံတွေ့နေကြရသည်။

ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာစေရေးအတွက် ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ရခိုင်ပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့သည် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သင်တန်းများပို့ချခြင်း၊ ဟောပြောပွဲများပြုလုပ်ပေးခြင်း၊ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို စစ်ဆေးခြင်း၊ စည်းကမ်းမဲ့ယာဉ်မောင်းများအား သတိပေးခြင်း၊ လိုင်စင်မဲ့ဆိုင်ကယ်စီးသူများ၊ ဦးထုပ်မဲ့ဆိုင်ကယ်စီးသူများအား အသိပေးခြင်း၊ လိုအပ်ပါက အပြစ်ပေးအရေးယူခြင်းနှင့် လမ်းသွားလမ်းလာများအားလည်း စနစ်တကျသွားလာကြရန် ပညာပေးခြင်းများကို ယခင်ကထက် အလေးပေးဆောင်ရွက်နေကြောင်း သိရသည်။

ဇန်နဝါရီ ၂၂ ရက် ညနေပိုင်းက ရခိုင်ပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စစ်တွေမြို့ ဦးဥတ္တမ ပန်းခြံရှေ့ လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို စစ်ဆေးဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။ ဇန်နဝါရီ ၂၄ ရက်တွင်လည်း စစ်တွေ တက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေးဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

လေးဝတီ-ထွန်းစောခိုင်

အဆင့်မြင့်ဈေးနှင့် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ရာတွင် မြို့ပြအင်ဂျင်နီယာရပ်များနှင့်အညီ စနစ်တကျတည်ဆောက်

နေပြည်တော် ဇန်နဝါရီ ၂၇

နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် လမ်း၊ တံတားနှင့် ရေပေးဝေရေးလုပ်ငန်းများ တင်ဒါချထားပေးမှုနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၂) ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက အမှာစကားပြောကြားရာတွင် ကျေးလက်လမ်း၊ တံတား၊ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ဒါများခေါ်ယူရာ၌ နယ်မြေလုံခြုံရေးခက်ခဲသော်လည်း ဒေသခံကုမ္ပဏီများက တင်ဒါများတင်လာသည့်အတွက် ဝမ်းသာပါကြောင်း၊ တင်ဒါရရှိသည့် ကုမ္ပဏီများအနေဖြင့် မိမိတို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင် စေတနာထား ဆောင်ရွက်ရန်လိုကြောင်း၊ ဆောင်ရွက်သွားမည်ဟုလည်း ယုံကြည်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ KZEN ကုမ္ပဏီ ဒါရိုက်တာဦးကံလှနှင့် တော်ဝင်စိုးညွန့်ကုမ္ပဏီ ဒါရိုက်တာဦးစိုးညွန့်ဝင်းတို့က ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

အေးမြသာယာ အဆင့်မြင့်ဈေးနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်သူ ပြည်နယ်သားများ စားဝတ်နေရေး၊ ရောင်းဝယ်ဖောက်ကားရေး၊ ခရီးသွားပြည်သူများ အဆင်ပြေစေရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုကိုရည်ရွယ်၍ မြစ်ကြီးနား အေးမြသာယာ အဆင့်မြင့်ဈေးနှင့် တပ်ကုန်းရပ်ကွက်တွင် အဆင့်မြင့်အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရန်အတွက် ယခုကဲ့သို့ တင်ဒါခေါ်ယူခြင်းဖြစ်ကြောင်း၊ အဆင့်မြင့်ဈေးနှင့် ယာဉ်ရပ်နားစခန်းများကို တည်ဆောက်ရာတွင် မြို့ပြအင်ဂျင်နီယာရပ်များနှင့်အညီ စနစ်တကျတည်ဆောက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် အဆင့်မြင့်ဈေးနှင့် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ရန်အတွက် တင်ဒါရယူထားသည့် မဉ္ဇူသာကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ညောင်အင်းဟောက်နှင့် တည်ဆောက်ရေးအင်ဂျင်နီယာ ဦးထွန်းထွန်းလှိုင်တို့က အဆောက်အအုံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးပိုမီး၊ အခြားမီး၊ သုံးပြီးသတိ အမြဲရှိ

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမင်းဇော်(ညွှန်ကြားရေးမှူးချုပ်၊ အမှတ်-၃ အခြေခံပညာဦးစီးဌာန)-ဒေါ်အေးအေးမွန်တို့၏သားကြီး

ဒေါက်တာကောင်းထက် M.B., B.S (Ygn)

(လက်ထောက်ဆရာဝန်၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး)

နှင့်

ရန်ကုန်မြို့နေ ဦးရှောစိန်-ဒေါ်ကွီနီတို့၏ တတိယသမီး

ဒေါက်တာသင်းလဲ့ဝေ M.B., B.S (Ygn)

တို့၏ ၂၆-၁-၂၀၁၃ရက် (စနေနေ့)တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် ဇနီးအားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးအောင်ချိန်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ်-၃ အခြေခံပညာဦးစီးဌာန)နှင့် ဦးကျော်သိန်းတို့အားလည်းကောင်း၊ ၂၇-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်မြင့်ဆွေ(ငြိမ်း) [ကာကွယ်ရေးဦးစီးချုပ်-လေ(ငြိမ်း)]နှင့်ဇနီး ဒေါ်မေရီတင်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်အားလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲ ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၁၈)မှ သူငယ်ချင်းမိသားစုများနှင့်တကွ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်မကြွရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော မိဘသဖွယ်ဖြစ်သော အကြီးအကဲနှင့်ဇနီး မိသားစုများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်ဒေါ်ရီရီသန့်နှင့် ရီရီသန့်မြန်မာမှုမင်္ဂလာတေးအဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာအိသဲထိုက်၊ ဒေါက်တာမြတ်ထက်သင်း၊ မင်္ဂလာအောင်စံပယ်ပန်းကလပ်နှင့် လက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မစုနန္ဒာထက်နှင့် မသီတာ၊ မင်္ဂလာသတို့သားအရန် ဒေါက်တာအောင်မော်နှင့် မောင်ဖြိုးကျော်အောင်၊ မင်္ဂလာသတို့သမီးအရန် မသင်းစန္ဒီထွန်းနှင့် မခိုင်သဇင်ထက်၊ မိတ်ကပ်ဆံပင် ဒီဇင်ဘာနှင်း၊ ပန်းအလှဆင် Eternal Floral၊ မင်္ဂလာဝတ်စုံစီစဉ်ပေးပါသော မမဇူဇူ(Zu Zu Collection)၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော တော်ဝင်သူမေဦးမောင်၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ဝဏ္ဏခွာနီး၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကောင်းထက်-ဒေါက်တာသင်းလဲ့ဝေ

အာရှနဂါး
ချောင်းဆိုး/ရှူကျပ်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

BLT Air-Con Express
ကျိုက်ထီးရိုး 9000
ချောင်းသာ 10000

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သော်ကြာ)
Ph:209200,430480,544383

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

RUBY
519100
09-51-77212, 535100

အမြန်ရောင်းမည်

မြောက်ဒဂုံ၊ ၃၄ရပ်ကွက်ရှိ ပေ(၄၀×၆၀) နှစ်ကွက်တွဲ ခြံခတ်ပြီး၊ နေအိမ်သုံးလုံးပါ၊ ဂရန်အမည်ပေါက်၊ ရေမီးစုံ၊ ကြိုးဖုန်း။

(ညှိနှိုင်း) **ဖုန်း-၀၉-၇၃၀၀၂၄၀၅၊ ၀၉-၄၉၂၁၀၉၀၃**

ပျောက်ဆုံးကြောင်း

မထိပ်ထိပ်ထွဋ် ၁၂/တတန(နိုင်)၀၇၉၁၁၀၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၈၁၂၇၅

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၅/၁၅(ခ)၊ မြေကွက်တည်နေရာအမှတ် ၉၀/ဂ၊ စေတနာသုခလမ်း၊ (၃)ရပ်ကွက်၊ဒေါ်စိန်မှတ် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်စိန်မှတ်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၅၇၉၅/၁၁-၁၁-၉၇နှင့် အမှားပြင်စာချုပ်အမှတ် ၂၄၉/၁၇-၁-၂၀၁၃ တို့ဖြင့် ပိုင်ဆိုင်ခဲ့သူ (၁) ဒေါ်နုနု ၁၂/ကမရ(နိုင်)၀၂၆၆၇၃၊ (၂) ဦးစိုးညွန့် ၁၂/ကမရ(နိုင်)၀၃၆၆၆၂၊ (၃)ဒေါ်အေးအေးသန်း ၉/ညဥန(နိုင်)၀၉၉၉၉၉တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၃၁၁/၇-၆-၂၀၁၂ ဖြင့် ရရှိသူ ဦးမျိုးကိုကို ၁၂/ဒဂန(နိုင်)၀၃၅၂၀၄က အမည်ပြောင်း လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျန်စစ်သားရိပ်မွန်စက်မှုဇုန်အပိုင်း(၁) မြေတိုင်းရပ်ကွက်အမှတ် ၁၄၃/၁၊ စက်မှုမြေကွက်အမှတ်(၆)ကို မူလဝယ်ယူခွင့်ရရှိသူ ဒေါ်ရည်မွန်စိုးဝင်း ၁၂/ရကန(နိုင်)၀၅၇၃၂၁နှင့် စက်မှုမြေကွက်အမှတ် (၇)ကို မူလဝယ်ယူခွင့်ရရှိသူ ဦးအောင်မျိုး ၉/မထလ(နိုင်)၀၁၀၄၇၂တို့ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင် ဝယ်ယူထားသူ ဒေါ်သန္တာစိုး ၁၃/ကတန(နိုင်)၀၀၈၉၆၁က ပိုင်ရှင်အမည်ပြောင်းလဲ၍ စက်မှုမြေကွက်အမှတ်(၆+၇) နှစ်ကွက်ပေါင်း၍ မြေချပါမစ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစန်းလွင်၏သမီး မှတ်ပုံတင်အမှတ် ၁၂/သဃက(နိုင်)၁၆၄၉၇၂ မယွန်းလွင်ဦး (ခ)မယွန်းလွင်လွင်ဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မယွန်းလွင်ဦး(ခ)မယွန်းလွင်လွင်ဦး

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆F၅၊ မြေကွက်အမှတ် ၃၄၊ မြေကွက်တည်နေရာ အမှတ် ၇၃၊ သရက်တော ၂လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးအုန်းမြင့်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးအုန်းမြင့်နှင့်ဇနီး ဒေါ်တင်မမတို့ ကွယ်လွန်သဖြင့် (၁) ဦးသိန်းထွဋ် ၁၂/ကမတ(နိုင်)၀၃၇၈၈၀၊ (၂)ဒေါ်စန္ဒာမြင့် ၁၂/ကမတ(နိုင်)၀၃၇၇၉၈၊ (၃)ဒေါ်မာလာမြင့် ၁၂/ကမတ(နိုင်)၀၀၀၂၈၇တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေဘို-မြစ်ကြီးနားကားလမ်း ကတ္တရာခင်း ကိုးပင်ချောင်းတံတား ပြုပြင်ဆောက်လုပ်

စစ်ကိုင်း ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ကသာခရိုင် ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံ လူနာဆောင်အဆောက်အအုံသစ် ဆောက်လုပ်မည့်မြေနေရာနှင့် ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော လူနာများအား ကြည့်ရှုအားပေးကာ ဆေးငွေပဒေသာပင် ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကောလင်း-မြေနီလမ်း ကတ္တရာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်မော်ကျေးရွာ မဟာဝိသုဒ္ဓါရာမ သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် သမန္တာကျေးရွာ မူလတန်းလွန်ကျောင်း နှစ်ထပ်အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျောက်တန်းကျေးရွာ ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင် (၀/၀) မှ (၁၆၈/၀)ထိ ကတ္တရာခင်းကျင်းနေမှုနှင့် တံတားများ တည်ဆောက်ပြုပြင်နေမှုတို့ကို တာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ ရွှေဘို-မြစ်ကြီးနားကားလမ်း ကတ္တရာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး ဥတုန်းပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ ရောက်ရှိရာ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျေးရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေဘိုမြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်း တံတားအမှတ်(၀/၇)ကိုးပင်ချောင်း တံတား ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

ကမ္ဘာလှည့်ခရီးသည်များလိုက်ပါသည့် ဇိမ်ခံသင်္ဘော မြင်းမူဆိပ်၌ ကျောက်ချရပ်နား

မြင်းမူ ဇန်နဝါရီ ၂၇

၂၀၁၃ ခုနှစ် ဇန်နဝါရီ ဒုတိယပတ်မှစ၍ ကမ္ဘာလှည့်ခရီးသည်များ စီးနင်းလိုက်ပါလာသည့် ဇိမ်ခံသင်္ဘော Road to mandalay ပုဂံ-ရွှေကြက်ယက် ခရီးစဉ်အား ပုဂံမှ ရွှေကြက်ယက်သို့ မတက်တော့ဘဲ မြင်းမူမြို့အထက် ယိုးဒယားရွာသစ်ရေကြောင်း၊ ဝါရှင်တန်ရေကြောင်း၊ ရွာသစ်ကြီး ကျောက်တစ်လုံးရေကြောင်းတွင် ရေယာဉ်များခုတ်မောင်းရန် ရေကြောင်းကျဉ်း၍ သောင်တင်မှာစိုးသဖြင့် အဆိုပါရေယာဉ်သည် မြင်းမူ သင်္ဘောဆိပ်နှင့် တည့်တည့် ရေလယ်ကောင်ကျောက်ချပြီး ယာယီရပ်နားစခန်း ပြုလုပ်ထားရှိသည်။

ပုဂံမှ မြင်းမူဆိပ်ကမ်းသို့ ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီရောက်ပြီး မြင်းမူဆိပ်ကမ်းမှ ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ပုဂံသို့ထွက်ခွာသည်။ အဆိုပါသင်္ဘောပေါ်တွင် နိုင်ငံစုံမှ ကမ္ဘာလှည့်ခရီးသည် ၅၀ ကျော်ပါရှိကြောင်း သိရှိရသည်။

ဇန်နဝါရီ ၂၄ ရက် နံနက်ခင်းက ကုမ္ပဏီမှ တာဝန်ခံဦးစိုးစိုး ဦးဆောင်၍ ကုမ္ပဏီဝန်ထမ်းများက Road to mandalay ဆိုက်ကပ်ထားသည့် မြင်းမူမြို့ပေါ်မှ သံဃာတော်များအား ဆွမ်းခဲဖွယ်များ ဆက်ကပ်လှူဒါန်းပြီးနောက် ကုမ္ပဏီမှစီစဉ်ပေးမှုဖြင့် ကမ္ဘာလှည့်ခရီးသည်များသည် မြင်းမူမြို့တွင်း ဆိုက်ကားများစီးပြီး မြို့မဈေးသို့ ဈေးဝယ်ထွက်ခဲ့သည်။ မြင်းမူဆိပ်ကမ်း ယာယီရပ်နားစခန်း ပြုလုပ်ထားသည့်အတွက် ဆိပ်ကမ်းမျက်နှာစာ အမှိုက်သရိုက်များ ရှင်းလင်းထားခြင်း၊ ယာယီမီးတိုင်များစိုက်ပြီး မီးပေးထားခြင်း၊ ဆိပ်ကမ်းအတက်အဆင်း မြေသားလှေကားထစ် လက်ကိုင်တန်းများ ပြုလုပ်ပေးထားခြင်းနှင့် ဖုန်မထရန် ရေဖျန်းခြင်းများ ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။ **ကိုကိုနိုင်(မြင်းမူ)**

ချောင်းဦးမြို့နယ် ဆူးလေကုန်းကျေးရွာတွင် အသေးစားငွေစုငွေချေးသမဝါယမအသင်းဖွဲ့စည်း

ချောင်းဦး ဇန်နဝါရီ ၂၇

ချောင်းဦးမြို့နယ် ဆူးလေကုန်းကျေးရွာ အသေးစား ငွေစုငွေချေး သမဝါယမအသင်းဖွဲ့စည်းခြင်း အခမ်းအနားများကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြသန်းနှင့် ဖွဲ့စည်းရေးတာဝန်ခံများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်နှင့် ကျေးရွာပြည်သူများ၊ အသင်းသားများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်မြသန်းက ကျေးရွာများတွင် အသေးစား ငွေစုငွေချေး သမဝါယမအသင်းများ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နည်းလမ်းနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး ဆူးလေကုန်းကျေးရွာ အသေးစားငွေစုငွေချေး သမဝါယမအသင်းကို အမှုဆောင်ဒါရိုက်တာငါးဦးနှင့် အသင်းသား ၄၄ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ကြသည်။

ချောင်းဦးမြို့နယ် သမဝါယမအသင်း ဦးစီးဌာနမှ မြို့နယ် ဦးစီးအရာရှိ ဒေါ်မြသန်းနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ သမဝါယမအသင်းသစ်များ သွားရောက်ဖွဲ့စည်းခဲ့ရာ ဇန်နဝါရီလအထိ ကျေးရွာသမဝါယမအသင်း ၃၆ သင်းရှိပြီဖြစ်ကြောင်း သိရှိရသည်။ **ချောင်းဦး (ပြန်/ဆက်)**

ကသာ-ချောင်းဝ မီးရထားလမ်းဖွင့်လှစ်ရေး ဒေသခံများ မျှော်လင့်နေ

ကသာ-ဗန်းမော် မီးရထားလမ်း စီမံကိန်း အောင်မြင်ပြီးစီးပါက သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်လာပြီး လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့လာမည်ဖြစ်သလို ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာမည်မှာ ဧကန်ပင်ဖြစ်သည်။ ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ ကူးလူးဆက်သွယ်နိုင်မည့် ချစ်ကြည်ရေးရထားလမ်းကြီး တစ်ခုလည်း ဖြစ်သည်။

ကသာ-ဗန်းမော် မီးရထားလမ်း စီမံကိန်း၏ နိဒါန်းအဖြစ် ကသာမှ ၁၇ မိုင်ခန့်ဝေးသည့် မိုးတားကြီးကျေးရွာသို့ မီးရထားလမ်းဖောက်လုပ်မှုကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရာ ၂၀-၂-၂၀၁၀ ရက်တွင် မိုးတားကြီး ဘူတာရုံဖွင့်ပွဲအခမ်းအနားကျင်းပပြီး မိုးတားကြီးမှ ကသာသို့ နေ့ချင်းပြန် လူစီးရထားကို ယနေ့ထက်တိုင် ပုံမှန်ပြေးဆွဲနိုင်ခဲ့သည်။

ကသာမြို့ မြောက်ဘက် တောတောင်ထူထပ်ပြီး ချောင်းမြောင်းများပေါများသည့် အရပ်ဒေသတွင် ဤကဲ့သို့ မီးရထားလမ်းကြီးတစ်ခု ပေါ်ပေါက်လာမည်ဟု စိတ်ကူးပင်ဝေးစွ၊ အိပ်မက်ပင် မမက်ဖူးသည့် ကသာနယ်သားတို့အနေဖြင့် ဝမ်းသာပီတိဖြစ်ကြရသလို နိုင်ငံတော်အစိုးရ၏ စေတနာကိုလည်း သဘောပေါက်နားလည်ခဲ့ကြသည်။

မိုးတားကြီးဘူတာရုံ ဖွင့်လှစ်နိုင်ခဲ့ပြီးနောက် မိုးတားကြီးနှင့် ကိုးမိုင်ခန့်သာဝေးသည့် ချောင်းဝကျေးရွာသို့ မီးရထားလမ်း ဆက်လက်ဖောက်လုပ်ခဲ့ရာ ၂၀၁၁ ခုနှစ် ဧပြီလတွင် သံလမ်းအချောခင်းခြင်း၊ ချောင်းဝဘူတာရုံနှင့် ဝန်ထမ်းနေအိမ် ဆောက်လုပ်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း တွေ့ရှိရသည်။

ထိုသို့ သံလမ်းခင်းခြင်း၊ ဘူတာရုံဆောက်လုပ်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ဒေသခံများက ချောင်းဝ-ကသာ မီးရထား မကြာမီပြေးဆွဲတော့မည်ဟု မျှော်လင့်တောင့်တခဲ့ကြသည်။ ချောင်းဝကျေးရွာမှ ကသာမြို့သို့ မီးရထားပြေးဆွဲမည်ဆိုပါက အထူးတလည် ဆောင်ရွက်စရာ မလိုပါ။ လက်ရှိပြေးဆွဲနေသည့် မိုးတားကြီး-ကသာ လူစီးရထားကို ချောင်းဝကျေးရွာမှ စတင်ထွက်ခွာရန် ပြောင်းလဲသတ်မှတ်လိုက်ရုံသာ ဖြစ်သည်။

မျှော်သာမျှော် မပေါ်လာဆိုသကဲ့သို့ နှစ်နှစ်ခန့် ကြာမြင့်သည့်တိုင် ချောင်းဝဘူတာရုံကို **(အောက်ဝဲပုံ)** ဖွင့်လှစ်နိုင်ခြင်းမရှိသေး၊ ရထားလည်း ပြေးဆွဲနိုင်ခြင်း မရှိသေးပါ။ ရထားလမ်းပေါ်သို့ ချုံနွယ်များပင်တက်နေကြပြီး မြေသားတာပေါင်အချို့ ပြိုသည့်နေရာပြို၊ ပျက်သည့်နေရာပျက်ဖြစ်နေသည်ကို တွေ့မြင်နေရသည်။ မီးရထားလမ်းပိုင်းများ ဖောက်လုပ်ရာတွင် တစ်ဘူတာပြီး တစ်ဘူတာ ဆင့်ကဲဆင့်ကဲ ဖွင့်လှစ်ပြေးဆွဲလေ့ရှိပါလျက် ယခု အားလုံးပြီးပြည့်စုံပြီဖြစ်သည့် ချောင်းဝဘူတာကို ဖွင့်လှစ်နိုင်ခြင်း မရှိသေးသည်မှာ ဒေသခံများအတွက် အားပျက်စရာဖြစ်နေသည်။

ပြည်သူကို ဗဟိုပြု၍ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို အလေးဂရုပြုဆောင်ရွက်နေသည့် ယနေ့ခေတ်တွင် ကသာနယ်သား ဒေသခံများ၏ မျှော်လင့်တောင့်တချက်ကို မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် ရင်ဖွင့်တင်ပြလိုက်ရပါသည်။ **စမ်းဦး(ကသာ)**

မိခင်ဌာနသို့ အမြန်ဆက်သွယ်နိုင်ရန်

စက်မှုညွှန်ကြားရေးဦးစီးဌာန (ယခင်စက်မှုစီမံကိန်းဦးစီး)မှ ပင်စင်ခံစားခဲ့ကြသော ပင်စင်စားများအား တိုးမြှင့်ပင်စင်ခံစားခွင့်ဆောင်ရွက်ရာတွင် စုံစမ်းဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ်မရ၍ ကျန်ရှိနေသည့်ပင်စင်စားများ ရှိနေပါသည်။ ယခုအခါ ပင်စင်ဦးစီးဌာနမှ ပင်စင်စားအရေးအတွက် အတိအကျလိုအပ်လျက်ရှိပါသဖြင့် မိခင်ဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၃၁-၁-၂၀၁၃ရက်မတိုင်မီ အမြန်ဆက်သွယ်ပါရန် အကြောင်းကြားပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၅၅၁၀၁၃၊ ၀၆၇-၄၀၈၃၀၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
နေပြည်တော်(ပုဗ္ဗသီရိမြို့)

အခြေခံယာဉ်မောင်းသင်တန်း စနေ/တနင်္ဂနွေ(အထူး)ကို ၂-၂-၂၀၁၃ရက်တွင် ဖွင့်လှစ်ပါမည်။ ၂၈-၁-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။ **(ခ)** လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါသည်။ နယ်မှသင်တန်းတက်ရောက်လိုသူများအတွက် နေထိုင်စားသောက်ရေး စီစဉ်ပေးပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၅၁၀၀၃၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပဌမအကြိမ်မြောက်
စက်မှုလက်မှုသိပ္ပံ အင်းစိန် EGTI(Civil)
ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကျင်းပနိုင်ရန်
အကြိုညှိနှိုင်းဆွေးနွေးပွဲဖိတ်ကြားခြင်း

အင်းစိန် စက်မှုလက်မှုသိပ္ပံကျောင်းတွင် (၂၀၀၀ မှ ၂၀၀၂)ခုနှစ်အတွင်း EGTI(Civil) ဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ သူငယ်ချင်းအပေါင်းတို့ ကျေးဇူးရှင်ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲပြုလုပ်ရန်အတွက် ၃-၂-၂၀၁၃ရက် မွန်းလွဲ ၂း၀၀နာရီတွင် အကြိုညှိနှိုင်းဆွေးနွေးကြရန် မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

ဦးသက်လွင် ဖုန်း- ၀၉-၅၀၆၅၆၆၅ ဦးညီညီမောင် ဖုန်း-၀၉-၈၆၃၀၈၄၉
ဦးကျော်သန်း ဖုန်း- ၀၉-၅၀၅၅၅၁၃ ဦးစိုးဝင်း ဖုန်း-၀၉-၅၀၈၄၉၁၃
ဦးမြင့်အောင် ဖုန်း- ၀၉-၅၀၈၈၉၅၀ ဦးမင်းမင်းထွန်း ဖုန်း-၀၉-၄၂၈၁၂၀၆၄၆

Cummins Generator

(Open Type) 450/500 K.V.A

အမြန်ဝယ်လိုသည်။

09 5077453, 09 73154952

ငှားမည်

မဟာဗန္ဓုလလမ်းမပေါ်တွင် Money Changer ဖွင့်ရန် နေရာငှားမည်။ **ဆက်သွယ်ရန်**

ဖုန်း-၀၉-၇၃၀၉၉၀၄၁

မွေးသက္ကရာဇ်နှင့်ဖခင်အမည်မှန်

တောင်ငူမြို့နယ်၊ ဆိတ်ဖူးတောင်ကျေးရွာနေ မနန်းဇင်မီမီကျော် ၇/တငန(နိုင်)၁၈၂၄၈၅ ၏ မွေးသက္ကရာဇ်မှာ ၁၃-၆-၁၉၉၁ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိုင်းကျော်ညွန့်ဖြစ်ပါသည်။
မနန်းဇင်မီမီကျော် (ဆိတ်ဖူးတောင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံ/ဆေးခန်းများ တွင် လူနာများကို ဆေးဝါးကုသမှုပေးနိုင်ရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၉-၁-၂၀၁၃
တင်ဒါပိတ်မည့်ရက် - ၈-၂-၂၀၁၃
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
အမှတ် (၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၅၄၄၂၇၉၊ ၅၅၆၀၅၁

အမည်မှန်

ဦးလွှမ်းခေါင် ၁/ဝမန(နိုင်)၀၃၄၇၄၉၏သား ဖားကန့်အထက ဆဋ္ဌမတန်း(A)မှ မောင်ဒေါင်ခေါင်အား သန်းခေါင်စာရင်းအရ မောင်ခေါင်ဒေါင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ခေါင်ဒေါင်

ဖခင်အမည်မှန်

ကလေးခရိုင်၊ ကလေးမြို့နယ်၊ သံဖိုအခြေခံပညာအလယ်တန်းကျောင်းခွဲ အဋ္ဌမတန်းမှ မဗန်ထနေဆွေး၏ဖခင်အမည်မှန်မှာ ဦးဒေးဗစ်ဖြစ်ပါကြောင်း။
ဦးဒေးဗစ် ၅/ကလထ(နိုင်)၁၅၈၉၇၅

ကြော်ငြာ

သီဟိုဠ်စွယ်တော်ရှင်သိမ်အောင်မော်ကွန်း

မြတ်စွာသာသနာ ၂၅၀၀ ကျော်ကာလာပြီး ၅၆ နှစ်၊ မြန်မာကောဇာ ၁၃၇၄ ခုနှစ် သက္ကရာဇ်ဝယ် ရတုဟေမန် မြောက်လေပြန်၍ နှင်းသွန်းကျစို လပြာသိုဝယ် ခွာညိုပန်းမွေး၊ သင်းပျံ့အေးသည့်၊ နက္ခတ်တာရာ၊ ထွန်းပသာ သည့် ဆန်းလ ၆ရက် ညဦးဝင်စ ကြာသပတေးနေ့ အခါသမယ၊ သာယာ လှမော ပန်းတွေပေါ်သည့် သီလရန့် မွေးပျံ့လှိုင်ကြွယ်၊ စန္ဒကူးမြိုင် သာသနာ့ ရိပ်သာ မြို့ထားဝယ်တွင်၊ ကြင့်ရာသီလက်ကိုတည်ကာ၊ သုဘမိန်မှာ စန်း တနင်္လာနှင့်၊ ဇီဝါလာဘ၊ ဥစ်ဂြိုဟ်သောရီ၊ တူမှာမှီ၍၊ မကာရတွင် ဥစ် အင်္ဂါနှင့်၊ တနင်္ဂနွေ ဗုဒ္ဓဟူး ပထနီပူးသည်၊ အာရီအိမ်မှာ ဂြိုဟ်သောကြာက၊ ရန်မျိုးအောင်ခါ၊ ကောင်းကင်ကြန္တီ တနင်္ဂနွေနေမင်း၊ ဂုရုချဉ်းသား၊ ကြီးမြတ် လှစွာ၊ မင်္ဂလာအခါ၌၊ သံဃာ့ရာဇာ ထေရ်မြတ်မဟာ၊ သူတော်စင်သူတော် မြတ်များ အစထား၍ ပဒေသရာဇ်၊ မြို့စား၊ နယ်စား၊ သူဌေးသူကြွယ်၊ မင်းပေါင်းစုံညီ၊ ကြွချီလာခါ၊ လေးဖြာပရိသတ်ပေါင်း၊ သောင်းသောင်း ဝမ်းသာ၊ ထိုသောအခါဝယ်၊ မြတ်ဘုရားသာသနာ ငါးထောင်မကရှည်ကြာ အောင်၊ သံဃာတော်များ၊ ကံကြီးကံငယ် ဥပုသ်ပြုရာ ဝိသုံဂါမ သိမ်တော်မြတ် ကို သမုတ်သည့်မင်္ဂလာ၊ အောင်မြင်ပြီးမြောက်၊ အခါရောက်ပါသည်။

သိမ်တော်မြတ်တွင်၊ သီဟိုဠ်သမ္မတမင်းမြတ် ဆက်လှူအပ်သည့်၊ ဗုဒ္ဓရှင် တော်မြတ် လက်ဝဲအောက်စွယ်တော်၊ ကိန်းဝပ်စံပယ်တော်မူသည်ကို နှောင်း လူအများ၊ သိစိမ့်သောငှာ၊ မော်ကွန်းမင်္ဂလာ၊ ရေးထိုးပါသည်။ သုံးဘုံလူတို့၊ ပဒုမ္မာကြာနှင့် ရေတွေ့သည့်ပမာ ရွှင်လန်းဝမ်းမြောက်စွာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရာသည်။

နိဗ္ဗာန်ရွှေပြည်မြတ်သို့ ရောက်ကြပါစေသော်၊ ရောက်ကြပါစေသား။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိပ်ဖွင့်တင်ဒါ လေလံတင်ရောင်းချရန် ကြေညာခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍မရတော့သည့် အောက်ပါ ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်-

တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၄/၂၀၁၂-၂၀၁၃/မမ	(၁) ဆီပျက်(၉၃၄၀)ဂါလန်	(1) Lot
	(၂) တာယာအမျိုးမျိုးအဟောင်းအပျက် (၄၀၈)ခုအပါအဝင်ပစ္စည်း(၁၄)မျိုး	(1) Lot

တင်ဒါပိတ်ရက်/အချိန် – ၅.၂.၂၀၁၃(အင်္ဂါနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၈.၁.၂၀၁၃)ရက်နေ့မှစ၍ရုံးချိန် အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း–၂၉၁၉၉၁၊ ၂၉၁၉၉၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၂၅၃၊မြေကွက်တည်နေရာအမှတ် ၂၅၃၊ (၈၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးအောင်ကြည်အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးအောင်ကြည်ထံ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့်ရရှိသူ ဦးမျိုးလွင်ဦး ၁၂/အစန(နိုင်)၀၆၃၇၅၆၊ ဦးအောင်နိုင်ဦး ၁၂/အစန(နိုင်)၁၃၆၃၄၈၊ ဒေါ်မေယုမော် ၁၂/အစန(နိုင်)၀၆၉၅၈၉က ဖခင်ဦးအောင်ကြည်နှင့် မိခင်ဒေါ်ကျင်ရီတို့၏သေစာရင်း၊ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ပါရမီထူးခြားဂယာဘုရားဖူးသွားလျှင်. . . လိုအင်နိဗ္ဗာန် ပြည့်စုံစေရန်ပါရမီဖြည့်မည် စိတ်ရည်သန်လျက်ရင်မှာကြည်နူး **ဧကာဓိထူး**"

ဧကာဓိထူး အပြည်ပြည်ဆိုင်ရာအိန္ဒိယဘုရားဖူးအဖွဲ့

မြတ်ဗုဒ္ဓ၏ဖွားပွင့်၊ဟောစံ၊(၇)ညအိပ်-(၈)ရက်ခရီး (၇)သိန်း(စရိတ်ငြိမ်း)။ ဖွားပွင့်၊ဟောစံ၊အာဂရာ၊တပ်ချ်မဟာ၊နယူးဒေလီ၊(၁၄)ညအိပ်-(၁၅)ရက်ခရီး (၉)သိန်း(စရိတ်ငြိမ်း)။**ပတ်(စ်)ပို့သက်တမ်း(၆)လအထက်ရှိသူများ(၅)သောင်းကျပ်လျှော့ပေးပါမည်**။၂၀၁၃ မေလအထိ ခရီးစဉ်များစီစဉ်ထားပါသည်။ မိသားစုလိုက်၊အုပ်စုလိုက်သွားလိုပါကစီစဉ်ပေးပါသည်။ဝန်ဆောင်မှုများအတွက်စိတ်ပူစရာ မရှိစေရန်နှင့်စိတ်လက်ကြည်နူးစွာဘုရားဖူးနိုင်ရန်စီစဉ်ထားပါသည်။ ရပ်ဝေး၊ ရပ်နီးမှ လိုက်ပါမည့်မိဘပြည်သူများ (၂)လကြိုတင်စာရင်းပေးသွင်းရပါမည်။ အထက်မြန်မာပြည်မှဘုရားဖူးများ မန္တလေးမြို့ရုံးခွဲတွင် စာရင်းပေးသွင်းရုံဖြင့်ဗုဒ္ဓဂယာသို့တိုက်ရိုက်သွားရောက်နိုင်ရန်စီစဉ်ထားပါသည်။**သာသနာ့ဝန်ထမ်းများအားသိန်းကျပ်လျှော့ပေးပြီးကုသိုလ်ဖြစ်ပို့ဆောင်ပေးလျက်ရှိပါသည်**။

ရုံးချုပ်-အမှတ်(၂၆၄)ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)ကျောက်တံတားမြို့နယ်၊ ရန်ကုန်ဖုန်း-၀၁-၃၇၇၈၁၄၊၀၁-၃၇၈၄၆၅။
မန္တလေး-အမှတ်(၁၃၅)၊၈၅လမ်း၊၃၃×၃၄လမ်းကြား၊ဖုန်း-၀၉-၄၃၁၁၅၅၉၈။ မိုးကုတ်မြို့၊ ဖုန်း-၀၉-၄၀၂၅၀၅၅၇၃။
မော်လမြိုင်မြို့ ၊ ဖုန်း-၀၉-၇၃၇၆၀၉၁၁။လားရှိုးမြို့ ၊ ဖုန်း-၀၉-၄၇၃၀၃၀၀၅။ တာချီလိတ်မြို့၊ ဖုန်း-၀၉-၅၂၄၀၈၄၆။
ဘားအံမြို့၊ ဖုန်း- ၀၉-၇၃၇၆၀၈၂၉။ လှိုင်းဘွဲ့မြို့ ၊ ဖုန်း-၀၉-၅၆၆၀၃၀၄၊

ရုံးဝန်ထမ်းများအတွက်သင်္ကြန်တွင်း(၇)ညအိပ်(၈)ရက်ခရီးစဉ်များစီစဉ်ထားပါသည်။
ဖေဖော်ဝါရီလနှင့်မတ်လအတွက် လက်မှတ်စောင်ရေအနည်းငယ်သာကျန်ပါတော့သည်။

ဦးမောင်လှိုင်၊ ဦးကံမြင့်

(ရာထူးဝင် နှင့် အင်္ဂလိပ်စာသင်တန်းများ)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ တတိယအတွင်းဝန် ရာထူးများ
ထွေ/အုပ် ဒု-ဦးစီးမှူးရာထူးများ အတွက်
မြန်မာစာ/ဗဟုသုတ/အင်္ဂလိပ်စာ တန်းခွဲများ အပ်နှံတက်ရောက်နိုင်ပါပြီ။
အမှတ် ၁၅၉၊ ဒု-ထပ်(ယာ)၊ ၃၈လမ်း(အလယ်)၊ကျောက်တံတားမြို့နယ်၊
ဖုန်း- ၀၉၅၀ ၉၃၆၇၄၊ ၀၉ ၇၃၂၄၁၀၅၉

ကျောင်းသားရှိရင် ကျောင်းသားသုံးအဘိဓာန်ရှိရမယ်။

သာလှန် ကျောင်းသားသုံး အင်္ဂလိပ် – မြန်မာ **အဘိဓာန်**

သာလှန်စာအုပ်တိုက် ဖုန်း–၀၁–၂၉၉၂၂၈၊ ၂၄၂၄၁၈၊ ၂၄၂၀၃၈

LCCI-EDI (UK) မှ ချီးမြှင့်သောထူးချွန်သင်တန်းကျောင်းဆုရ

စီးပွားပန်းခင်း

ပညာရေးဝန် ဆောင်မှုလုပ်ငန်း

LCCI စာရင်းကိုင်သင်တန်း Level 1-2-3-4

AutoCount & MYOB Computerised Accounting

February တန်းခွဲလက်ခံပြီ(၁၅.၂.၂၀၁၃)အတွင်းအပ်နှံသူများ10 % Disscount ရမည်။

သင်တန်းကြေး (50000/-Ks) (၃) ကြိမ်ခွဲသွင်းနိုင်သည်

မြို့ထဲ =(၃၀၃) (၄လွှာ)၊(၄၂)လမ်းထိပ်၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်။
လှည်းတန်း=တိုက်(၂၃)၊ အခန်း (A-4)၊ လှည်းတန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်။
09-5118647-73009869-73013432-73028433

အိမ်အရောက်ပို့ဒိန့်ဈေး

ရွှေဘိုပေါ်ဆန်းမွှေး ထူးထူးရှယ် { အဟောင်း = ၄၀၀၀၀ / အသစ် = ၃၂၀၀၀ }
ဖျာပုံပေါ်ဆန်းမွှေး ထူးထူးရှယ် { အဟောင်း = ၃၅၀၀၀ / အသစ် = ၂၇၀၀၀ }

ဝမ်းစာလှောင်ဆန်များအား
တစ်အိတ်ဝယ်လျှင် တစ်အိတ်ပို့ ပေးပါသည်။

: 09-73077711, : 09-73077722 , : 09-73077733
682844 682944 682928 686212

WW-25/01/13

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်–သုဝဏ္ဏ၊ မြေတိုင်းရပ်ကွက် အမှတ် ၃၀၊ မြေကွက်အမှတ် ၁၆၂၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက၊ စတုရန်းပေ၄၈၀၀၊ (အလျား ၆၀× အနံ ၈၀)ရှိ ဦးဆန်ခုပ် AB- ၀၇၂၁၇၂ အမည်ပေါက်သော မြေငှားဂရန်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူ မည်သူမဆို ခိုင်လုံ သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန် မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သရဖီတင်ညွန့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ
တိုက် ၁၀/၁၂၊ အခန်း ၁၀၄/F ပထမထပ်၊ ၃၅ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉-၇၃၁၁၇၄၂၃

အိတ်ဖွင့်လေလံတင်အရောင်းကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များရှိ ကတ္တရာပီပါခွံအလုံး ၁၃၀၀၀အား ၁၄-၂-၂၀၁၃ ရက် ၁၃:၀၀ နာရီတွင် တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံးခန်း၌ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တွဲဖက်ပြည်နယ် အင်ဂျင်နီယာမှူးကြီးရုံး၊ လားရှိုးမြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ဖုန်း-၀၈၂-၂၅၂၂၆၊ ၀၈၂-၂၃၈၇၄၊ ၀၉-၅၀၄၈၆၅၁

မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။
☎ - ၀၉-၄၄၈၀၂၅၇၄၂
၀၉-၇၃၂၃၄၆၅၆
၀၉-၇၃၂၂၉၉၆၅

သင့်သွေးဖြင့် အသက်ကယ်ပါ

သချာကျော်ရှိန် M.Sc. (Maths). Final

၇-၈-၉-၁၀ တန်း
နွေ(၃)လပြတ်နှင့်ပုံမှန်တန်းများ
သချာနှင့်ဘာသာစုံ 3.3.2013 စမည်။
နှစ်စဉ်ဝင်ခွင့်အများဆုံးရသော **မဟာကျော်**နည်းဖြ
နိုင်ငံခြားရေးတတိယအတွင်းဝန်၊ ထွေအုပ်၊ အမျိုးသားစီမံကိန်း၊ ဒုတိယဦးစီးမှူး၊
PGDMA,J.O, L.O, Feb,5 စမည်။
၃၆၃၊ မဟာဗန္ဓုလလမ်း၊ (ဆိပ်ကမ်းသာလမ်းထောင့်)
Ph: 09-51-18995

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈စီ၊ မြေကွက်အမှတ် ၁၀၇၀/က၊ ဧရိယာ ၀ဒသမ၀၁၈ဧက၊ မြေပိုင်မြေအမျိုးအစား မြေပေါ်ရှိ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျာဝတီလမ်း၊ အမှတ် (၆၂/ဘီ) ဟုခေါ်တွင်သောမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြမြေယာစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ရှင် ဒေါ်စွန်ကျင် ၁၂/စခန(နိုင်)၀၂၄၅၄၈ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း	ဦးသန့်ဇော်
အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)	တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁/၂၀၀၅)

အမှတ် ၄၆ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်မြတ်စိုး ၅/မရန(နိုင်) ၁၂၅၈၁၁၈၏ မှတ်ပုံတင်ကတ်သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

မောင်မြတ်စိုး
ဖုန်း-၀၉-၄၃၁၆၂၄၀၀၊ ၀၉-၄၀၀၅၂၆၀၇၆

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြဝတီ၊ ဦးပိုင်အမှတ် ၅၃ᵃ၊ ဧရိယာ ၀ ဒသမ ၀၃၇ ဧကရှိ အစိုးရမြေမျိုးမြေကွက်အား အမည် ဒေါ်စန္ဒာကျော် ၉/တကန(နိုင်)၀၀၀၄၈၅၊ အဖအမည် ဦးကျော်ဝေပိုင်ဆိုင်ကြောင်း အထောက် အထားများတင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပညာမြင်းမိုရ်၏စည်းကမ်း၊ပညာ၊အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။

ပညာမြင်းမိုရ်

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ်
ကက-၁၃/၀၉/၀၁၆

ပုဂ္ဂလိကအထက်တန်းကျောင်း နှင့်
ကျောင်းသားသီးသန့် ကျောင်းသူသီးသန့်အဆောင့်မြင့်ဘော်ဒါ

- ကျောင်းကြီးတက်ရန်မလို၊ကျူရှင်ထပ်တက်ရန်မလို၊တစ်နေရာတည်းတွင် ပြီးပြည့်စုံသည့်ကျောင်း
- နေ့တက်သင်တန်း၊ဘော်ဒါ၊ကျောင်းချိန်လွှတ် ညနေပိုင်းဝိုင်း (Grade 9,10,11) ကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
- နေ့တက်သင်တန်းနှင့်ဝိုင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။ ကျောင်းကားကြို/ပို့စီစဉ်ပေးသည်။

၅-တန်းမှ ၁၀-တန်းအထိ
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြို အ ပ် လ က် ခံ ပါ ပြီ ။

၅၉/၃၈၊ သိရိဂုက်အိမ်ရာ၊ဝေဇယန္တာလမ်း၊သဃ်န်းကျွန်း၊ရန်ကုန်မြို့(အောင်ရတနာဆေးရုံဝင်း)
Phone - 09 73004720, 09 5001158, 09 500 2947, 01 561321

ပန်းဧကရီ အဆင့်မြင့်ခရီးသွားလုပ်ငန်း
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) (နေ့စဉ်)
☎ :09-73098523, 09-420247006
❋ အင်္ဂလာင်းတော်ကဿပ (သီးသန့်) Feb 8/9
❋ ပုပ္ပါး ပုဂံ၊ ပခုက္ကူ (၃)ရက် Feb 9, Mar 23
❋ မန္တလေးပြင်ဦးလွင်မုံရွာ(၅)ရက် Feb8,Mar23
❋ ရွှေစက်တော်ဖွင့်ပွဲ (ဇာထူး၊ဈေး) Feb 13/14

အသိအမှတ်မပြုခြင်း

ကျွန်မ၏သား ကိုစည်သာဇော်ဝင်းသည် မိခင်၏စကားကို နားမထောင်ဘဲ အိမ်ထောင်တစ်ခုကို ပြုကွဲစေသဖြင့် ယနေ့မှစ၍ မိသားစုအဖြစ် မသတ်မှတ်တော့ပါ။ နောင်ဖြစ်လာမည့် ယင်း၏ ကိစ္စအဝဝကို လုံးဝ တာဝန်မယူနိုင်ပါကြောင်း အများသိစေအပ်ပါသည်။

ဒေါ်သန်းသန်းဆွေ
၁၃/ကလန(နိုင်)၀၀၁၂၆၄
ရပ်ကွက်(၂)၊ မိုင်းရယ်မြို့

ကြော်ငြာ

အစ်မတော်စောမွန်လှဘုရား စိန်ဖူးတော်နှင့် ရွှေထီးတော် အသစ်တင်လှူဖို့နိုးဆော်အပ်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှသစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မြတာဘက်စေတီတော် ၁၁-၁၁-၂၀၁၂ရက်က လျှေင်ဒဏ်ကြောင့် စိန်ဖူးတော်နှင့် ရွှေထီးတော်ပျက်စီးနေပါသဖြင့် အစ်မတော်စောမွန်လှနှင့် မြနန်းနွယ်၊ နဂါးမယ်တော်ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်များမှစုပေါင်းပြီး အသစ်တစ်ဖန် စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူမည့်ပွဲ၌ ပါဝင်ကုသိုလ်ပြုဖို့ နှိုးဆော်အပ်ပါသည်။

နဂါးကိုးကောင်ဆရာတော်နှင့် အကျိုးတော်ဆောင်

ဖုန်း- ၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၀၂၅၂၃၃၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ မင်းကြီးညိုရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၆)၊ မင်းကြီးညိုအရှေ့၊ ခြံမြေကွက်အမှတ် ၅၂၇၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေပေးပါမစ်ရ ခြံမြေကွက်နှင့် ယင်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်မမလေး(ခ)ဒေါ်အေးအေးခိုင် ၇/တငန(နိုင်)၀၄၁၆၀၉ထံမှ ကျွန်ုပ်၏အမှုသည်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကြည်လင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၉၉)
၁၅/၈၆၊ ဘုရားလမ်း၊ တောင်ငူမြို့၊ ဖုန်း-၀၉-၅၃၅၁၃၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
အကျိုးတူလုပ်ကွက်(အသစ်)များနှင့်ပတ်သက်သည့်
ကြေညာချက် (၁/၂၀၁၃)
နေပြည်တော် ၁၃၇၄ ခုနှစ် ပြာသိုလဆန်း ၁၄ရက်
(၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၅ရက်)

၈-၁-၂၀၁၃ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁/၂၀၁၃ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ရတနာနယ်မြေအသီးသီးတွင် နိုင်ငံတော်နှင့်အကျိုးတူ ကျောက်မျက်၊ ကျောက်စိမ်းလုပ်ကွက်(အသစ်)များ လုပ်ကိုင်ရန် အဆိုပြုလွှာများတင်ပြလျှောက်ထားမှုကို လက်ခံဆောင်ရွက်ခြင်းအား ၂၉-၁-၂၀၁၃ရက်မှစတင်၍ ရပ်နားထားမည်ဖြစ်ကြောင်းနှင့် အဆိုပြုလွှာများအား ပြန်လည်လက်ခံဆောင်ရွက်ပေးမည့်ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ပြောင်းလဲခေါ်ပါရန်

လားရှိုးမြို့၊ အထက(၆)၊ အဋ္ဌမတန်း(ဂ)တွင် ပညာသင်ကြားနေသော ဦးဝင်းမင်းညွှန့်၏သား မော်စိုးအုပ်ကောင်းအား မောင်စိုးအုပ်မင်းနှင့် တတိယတန်း(က)မှ မောင်သီဟသူအား မောင်သီဟမင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မြေကွက်ရောင်းမည်

အင်းစိန်မြို့နယ်တွင်းရှိ ပေ (၅၁×၅၇) မြေကွက်ပေါက်ဈေးကို ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

ဖုန်း-၀၉-၄၂၀၀၇၇၇၄၂

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ ၁၉ လမ်း၊ မြေကွက်အမှတ် (၆၆၄)၊ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားဦးချစ်လှိုင် အမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်မာမာချိုက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရတနာလှိုင်
၁၄/မအပ(နိုင်)၂၁၇၆၄၇
အမှတ် (၆၆၄)၊ ၁၉ လမ်း၊
ပေါင်းလောင်း(၂)၊ ရွာကောက်ရပ်၊
ပျဉ်းမနားမြို့

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)
(၈၈)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊
သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုနှင်းပွဲ
ဖိတ်ကြားလွှာ

ရွှေကျင်မြို့နယ်အသင်း (ရန်ကုန်)၏ (၈၈)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုနှင်းပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက် (၈၀)နှင့်အထက် အသင်းဝင်များနှင့် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီးများစာရင်းကို အသင်းရုံးသို့ ပေးပို့ကြပါရန်နှင့် အသင်းဝင်များ စုံညီစွာတက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

နေ့ရက်	- ၁၇-၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန်	- နံနက် ၉ နာရီ
နေရာ	- ရွှေကျင်မြို့နယ်အသင်းမွေ့ရုံ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်)

ချမ်းသာဆောက်လုပ်ရေးမှ ကံစမ်းမဲလက်ဆောင်ပေးပါမည်။

ဝမ်းနည်းကြေကွဲခြင်း
ဦးစံဖေ(ခ)ဂေါ်ရှမ်ပီ
ဂေါ်မျိုးနွယ်ရန်လင်းဘုံကျောင်း၊ နာယကကြီး
မဟာရွှေဘုရင်ဆောက်လုပ်ရေး၊ နာယကကြီး
အသက်(၉၇)နှစ်

ဦးမြင့်ရွှေ ဥက္ကဋ္ဌ (World Mark Industry Co., Ltd.)-ဒေါ်ခင်စန်းကြူ (ဒုဥက္ကဋ္ဌ World Mark Industry Co.,Ltd.)၏ဖခင် ဦးစံဖေ(ခ)ဂေါ်ရှမ်ပီသည် ၂၄-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

World Mark Industry Co.,Ltd. မှ ဝန်ထမ်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ဖော်ထုတ်လုပ်ကွက်(အသစ်)များနှင့်ပတ်သက်သည့်
ကြေညာချက် (၂/၂၀၁၃)
နေပြည်တော် ၁၃၇၄ ခုနှစ် ပြာသိုလဆန်း ၁၄ ရက်
(၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်)

၁။ ၈-၁-၂၀၁၃ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၁/၂၀၁၃ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ မိုင်းရှူးရတနာနယ်မြေ၊ နန့်ယားဆိပ်ရတနာနယ်မြေတို့တွင် ဖော်ထုတ်လုပ်ကွက်(အသစ်)များ လုပ်ကိုင်ခွင့်လျှောက်ထားမှုကို ဆက်လက်လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ မိုးညှင်းရတနာနယ်မြေ၊ ခန္တီးရတနာနယ်မြေတို့တွင် ဖော်ထုတ်လုပ်ကွက်(အသစ်)များ လုပ်ကိုင်ခွင့်လျှောက်ထားမှုကို လက်ခံဆောင်ရွက်ခြင်းအား ၂၉-၁-၂၀၁၃ ရက်မှစတင်၍ ရပ်နားထားမည်ဖြစ်ကြောင်းနှင့် ဖော်ထုတ်လုပ်ကွက်(အသစ်)များ လုပ်ကိုင်ရန် အဆိုပြုလွှာများ တင်ပြလျှောက်ထားမှုအား ပြန်လည်လက်ခံဆောင်ရွက်ပေးမည့်နေ့ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

MCC Training Institute
နှင့်
Rangsit University
တို့ပူးပေါင်းစီစဉ်သင်ကြားမည့်
Bachelor of Technology
(Computer Game Multimedia)

- **Game** စိတ်ဝင်စားသော လူငယ်တိုင်းအတွက် **(Passion to Business)** ဝါသနာမှ စီးပွားရေးပုံစံ ပြောင်းနိုင်ဖို့-
- **Player to Developer** ဂိမ်းကစားသူမှ ဂိမ်းတီထွင်သူဖြစ်လာဖို့-
- မိမိတို့ရဲ့ တီထွင် ၊ ကြံဆ ၊ စိတ်ကူးစိတ်သန်းတွေကို အခြေခံပြီး ဂိမ်းပညာရပ်များမှ တစ်ဆင့် မြန်မာကို ကမ္ဘာသို့ ထိုးဖောက်နိုင်စေဖို့-
- နိုင်ငံတကာမှာ အရှိန်အဟုန်ဖြင့် ကြီးထွားလာသော **Game Industry** များတွင်ကျွမ်းကျင်ပြီး ၊ အရည်အချင်းပြည့်ဝသော **Game Degree** ဘွဲ့ရပညာရှင် တစ်ယောက်အဖြစ် အလုပ်ဝင်နိုင်ဖို့-

Opening Date: 30 January 2013

MCC.i Yangon Campus
သိမ်ကြီးဈေး (C) ရုံ၊တတိယထပ်
01-245762, 249152, 246634, 3955121

ဝမ်းနည်းကြေကွဲခြင်း
ဦးစံဖေ(ခ)ဂေါ်ရှမ်ပီ
ဂေါ်မျိုးနွယ်ရန်လင်းဘုံကျောင်း၊ နာယကကြီး
မဟာရွှေဘုရင်ဆောက်လုပ်ရေး၊ နာယကကြီး
အသက် (၉၇)နှစ်

အမေရိကန်နိုင်ငံ၊ လော့အိန်ဂျလိ(စ်)မြို့နေ ဦးစံဖေ(ခ)ဂေါ်ရှမ်ပီသည် ၂၄-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဂေါ်မျိုးနွယ်ရန်လင်းဘုံကျောင်း

ဝမ်းနည်းကြေကွဲခြင်း
ဦးစံဖေ(ခ)ဂေါ်ရှမ်ပီ
ဂေါ်မျိုးနွယ်ရန်လင်းဘုံကျောင်း၊ နာယကကြီး
မဟာရွှေဘုရင်ဆောက်လုပ်ရေး၊ နာယကကြီး
အသက် (၉၇)နှစ်

ဦးမြင့်ရွှေ(ဥက္ကဋ္ဌ၊ မဟာရွှေဘုရင်ဆောက်လုပ်ရေး)-ဒေါ်ခင်စန်းကြူ၊ ဦးသိန်းရွှေ (ဒုဥက္ကဋ္ဌ၊ မဟာရွှေဘုရင်ဆောက်လုပ်ရေး)-ဒေါ်ရင်ရွှေ၊ ဦးကြည်လင်း (M.D၊ မဟာရွှေဘုရင်ဆောက်လုပ်ရေး)-ဒေါ်ခင်ခင်၏ဖခင် ဦးစံဖေ(ခ)ဂေါ်ရှမ်ပီသည် ၂၄-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မဟာရွှေဘုရင်ဆောက်လုပ်ရေးမှ ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

မိဘသဖွယ် အမြဲသွန်သင်ဆုံးမလမ်းညွှန် ပြသပေးခဲ့သော ကျေးဇူးရှင် အန်ကယ်ဦးကျော်မြင့်(ခ)ဦးဂျိုး အသက် (၇၆)နှစ်သည် ၁၇-၁-၂၀၁၃ ရက် နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Pine Hill (ကလော)မှ ဝန်ထမ်းများ

အထူးကျေးဇူးတင်ရှိခြင်း
ဦးထိုက်စု
အသက် (၆၃)နှစ်

ဦးထိုက်စု မကျန်းမာစဉ်ကစ၍ ကွယ်လွန်ပြီး ရက်လည်သည်အထိ မေတ္တာ စေတနာကြီးမားစွာဖြင့် အထူးမေတ္တာပို့ပေးကြသော အနန္တကျေးဇူးရှင် မုတ်ကျွန်းဆရာတော် (ချင်းမိုင်)၊ သာသနာ့ကူမဆရာတော်(ပခုက္ကူ)၊ အောင်ဆန်းဆရာတော်၊ မဟာမဇ္ဈိမာရုံကျောင်းဆရာတော် (သန်လျင်)၊ အထွေထွေရောဂါကုသမားတော်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ အာရှတော်ဝင်ဆေးရုံရှိ ဆရာဝန် ဆရာမများ၊ သူနာပြုဆရာမကြီးများနှင့် ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ ဆေးနှင့်တကွ လိုအပ်သည့်ကိစ္စအဝဝတို့ကို အချိန်မရွေး စိတ်စေတနာမေတ္တာအပြည့်အဝဖြင့် ကူညီပေးကြသော နှစ်ဖက်သောညီအစ်ကိုမောင်နှမနှင့် ချစ်သော တူ တူမတို့အားလည်းကောင်း၊ သွေးလှူဒါန်းပေးခဲ့သော သွေးလှူရှင်တို့အားလည်းကောင်း၊ လေပြေညင်း အခမဲ့အောက်ဆီဂျင်ကုသိုလ်ပြုအဖွဲ့အားလည်းကောင်း၊ ကား၊ သက်န်းများ၊ ပန်းခြင်းများ၊ ဝတ္ထုငွေများ၊ လှူဖွယ်အစုစုတို့ဖြင့် ကုသိုလ်ပြုသော ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသူများအားလည်းကောင်း၊ နာရေးတွင်ပို့ဆောင်ပေးကြသူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။ ဧည့်ဝတ်မကျေပျက်ကွက်သည်များကို မေတ္တာရှေ့ထား၍ ခွင့်လွှတ်ပေးကြပါရန် ရိုသေစွာတောင်းပန်အပ်ပါသည်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

ရင်ထဲတွင်အမြဲကျေးဇူးတင်လျက်
ကျန်ရစ်သူမိသားစု

(၁၈)လပြည့် လွမ်းဆွတ်သတိရခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ
ကိုထက်အောင်လှိုင်(ခ)ကိုပြည့်ကျော်ဦး
(သိန်းထူးထွန်း စက်သုံးဆီရောင်းဝယ်ရေး)
ဘုရင့်နောင်ပွဲရုံတန်း
(၂၇-၇-၂၀၁၁ မှ ၂၇-၁-၂၀၁၃)

သားလေးရေ····

သဘာဝ သင်္ခါရကို အန်တုပြီး ပြန်လှလို့ထားချင်တယ် သားလေးရယ်၊ တစ်ရက်၊ တစ်ပတ်၊ တစ်လမှသည် တစ်နှစ်ပြည့်လို့ ခြောက်လကျော်သည့် ယနေ့ထိတိုင် တစ်ရက်မှ မေ့မရ သတိရလွမ်းဆွတ်နေခဲ့ရပါတယ်။ သားလေးရဲ့ပုံရိပ်များက မေမေ့ရင်ထဲ ထာဝရ ရှင်သန်နေဆဲပါကွယ်···

သားလေးကိုရည်စူးပြီး နေ့စဉ်၊ လစဉ် ကောင်းမှုအစုစု ပြုပေးလျက်ပါကွယ်။ ဒီနေ့လည်း သန်လျင်မြို့၊ မဟာမဇ္ဈိမာရုံကျောင်း၌ ကျောင်းတိုက်မှ သံဃာတော်အပါး ၁၀၀ကျော်ကို ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုလှူဖွယ်အစုစုလှူဒါန်းခြင်း၊ ပုသိမ်မြို့၊ မဏိရံသီကျောင်းတိုက်၊ ဆွမ်းစားကျောင်းဆောင်တစ်ခန်းလှူဒါန်းမှုတို့ ကုသိုလ်ယူလျက်ရှိပါတယ်ကွယ်။ ပြုပြုသမျှ ကုသိုလ်အမှု ဒါနအစုစုကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုပါ သားလေးရယ်···

သားလေးရေ အမျှ···အမျှ···အမျှ···

ချစ်မေမေ	- **ဒေါ်အေးမိစံ**
ချစ်ဇနီး	- **မဘောဘီနှင့် ချစ်သမီး-အိမ့်ခြူးပန်**
ချစ်ညီ	- **ဗိုလ်ကြီးဇေယျာနိုင်၊ ဗိုလ်လောင်းခိုင်ခန့်ကျော်**
ချစ်ညီမ	- **မဝေရည်မွန်ကျော်-စိုင်းပြေဖြိုးပိုင်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျန်စစ်သားရိပ်မွန် စက်မှုဇုန်အပိုင်း(၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၃/၁)၊ စက်မှုမြေကွက်အမှတ်(၁၃)ကို မူလဝယ်ယူခွင့်ရရှိသူ ဒေါ်ခင်ယင်းမာ ၁၂/တမန(နိုင်)၀၆၆၇၉၇နှင့်စက်မှုမြေကွက်အမှတ်(၁၄)ကို မူလဝယ်ယူခွင့်ရရှိသူ ဦးတင်မောင်လတ် ၁၂/တမန(နိုင်)၀၇၄၀၉၁တို့ထံမှ စာချုပ်စာတမ်းဖြင့်တရားဝင်ဝယ်ယူထားသူ ဒေါ်ယဉ်ယဉ်ဦး (NSN-၀၁၆၀၀၁)က ပိုင်ရှင်အမည်ပြောင်းလဲ၍ စက်မှုမြေကွက်အမှတ်(၁၃+၁၄) နှစ်ကွက်ပေါင်း၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် (၂/၁၆၀)၊ မြေကွက်တည်နေရာအမှတ် ၄၁၁၊ အောင်သိဒ္ဓိလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်မြင့်စိန် ၁၂/ဒပန(နိုင်)၀၀၄၂၁၃ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်စိန်(မိခင်)နှင့် ဦးစိန်လှိုင်(ဖခင်)တို့ ကွယ်လွန်တို့မှ သားသမီးများဖြစ်သော ၁။ ဒေါ်သန်းသန်းဆင့် ၁၂/ဒပန(နိုင်) ၀၀၄၂၁၄၊ ၂။ ဒေါ်ဝင်းဝင်းဌေး ၁၂/ဒပန (နိုင်)၀၀၄၂၁၆၊ ၃။ ဒေါ်ဝင်းဝင်းအေး ၁၂/ဒပန(နိုင်)၀၀၀၃၄၁၊ ၄။ ဦးအောင်လှိုင်မြင့် ၁၂/ဒပန(နိုင်)၀၄၂၇၀၂၊ ၅။ ဒေါ်နီလာဝင်း ၁၂/ဒပန(နိုင်)၀၀၀၃၄၀တို့မွေးဖွားခဲ့ပြီး အမှတ်စဉ် (၂)မှ(၅)အထိ (၄)ဦးတို့သည် အထွေထွေကိုယ်စားလှယ်လွှဲစာ (၁၈၉၃၆/၁၂) အရဒေါ်သန်းသန်းဆင့်၁၂/ဒပန(နိုင်)၀၀၄၂၁၄ အားပေးအပ်၍ ၄င်းမှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ဆုတောင်းအမျှဝေခြင်း

ဒုတိယဗိုလ်မှူးကြီးမြင့်ဦး (ငြိမ်း)

ကြည်း-၁၁၂၇၂ (D.S.A-9)

အသက် (၆၈)နှစ်

ကျေးဇူးရှင်ဖေဖေ ၂၃-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ သမီးများလက်ပေါ်တွင် ကွယ်လွန်သွားတဲ့အတွက် အထူးဝမ်းနည်းကြေကွဲရပါတယ်…

ဖေဖေ့အားရည်စူးပြီး ပြုသမျှကုသိုလ်အစုစုကို အမျှပေးဝေပါတယ်…

ဖေဖေကောင်းရာ ဘုံဘဝရောက်ပါစေ…

ချစ်သမီးများ-

သမီးကြီး - ကိုလင်းနိုင်ဝင်း (Engineer, CE Technology Co., Ltd.)-
မထားထားနု (ငယ်တာတာ)Engineer

သမီးလတ် - ကိုသိန်းသန်းထိုက် (Purchasing Manager, Kaung Kyaw Say Co., Ltd.)-မဆွေဆွေနု
(ငယ်တာတူး)Chairman Awaiyor Micro Finance Co-operative Ltd.

သမီးငယ် - မခင်မိုးဖြူ (မွေးတုံး)၊ လက်ထောက်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ညေယျာနန္ဒ

ချောင်းဦးမြို့နယ်၊ ညောင်ပင်သာရွာ

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်

သာသနဓဇ ဓမ္မာစရိယ၊ တိပိဋက ဝိနယဓရ

သက်တော်(၆၆)နှစ်၊ သိက္ခာတော် (၄၆)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ညောင်ပင်သာရွာ၊ ဇေယျာရန်နိုင်ကျောင်းတွင် သီတင်းသုံးနေသော ဦးအောင်ဖေ-ဒေါ်ခင်ပုတို့၏သား ဘဒ္ဒန္တညေယျာနန္ဒသည် (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၁၁ရက်)၂၂-၁-၂၀၁၃ရက်(အင်္ဂါနေ့) ည ၉း၄၅ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင် အထူးကုဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃၊ ၄၊ ၅ရက်) ၂၀၁၃ခုနှစ် မတ် ၂၉၊ ၃၀၊ ၃၁ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ညောင်ပင်သာရွာ၊ ဇေယျာရန်နိုင်ကျောင်းတိုက်၌ အန္တိမဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဆရာတော် ဦးဇဋိလ၊ ဦးအာစိဏ္ဏနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ
ဓမ္မာရုံကျောင်းစာသင်တိုက်၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်၊ ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ ဦးဝင်းမင်းနိုင်(M.D, ဝင်းမြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေး)-ဒေါ်အေးအေးမာ (M.D, ဧရာရိုးမထာဝရကုမ္ပဏီ)တို့၏ဖခင် ဦးဝင်းဖေတင်(သန်လျင်) အသက်(၇၆)နှစ်၊ မန်းရေနံ မြေစီမံကိန်းမန်နေဂျာ (ငြိမ်း)သည် ၂၂-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁း၄၅ နာရီတွင် ဝိတိုရိယ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝင်းမြန်မာ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်
ဧရာရိုးမထာဝရ ကုမ္ပဏီဝန်ထမ်းများ

အထူးကျေးဇူးတင်ရှိခြင်း

ဦးမောင်သန်း(ကတိုး၊ ကော့နှပ်)

မော်လမြိုင်အသင်း(ရန်ကုန်)

အသက်(၇၈)နှစ်

၁၀-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားသောဖခင်ကြီး ဦးမောင်သန်း နာမကျန်းဖြစ်စဉ်က ဆွေမျိုးရင်းနှင့်မခြား ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ပြည်တွင်းပြည်ပမှ ဆရာဝန်ကြီးများ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဝန်ထမ်းများနှင့် သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် အသေးစိတ်ကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှစေတနာထက်သန်စွာဖြင့် လူအားအလှူပစ္စည်းအားများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ အီးမေးလ်များဖြင့်သော်လည်းကောင်း၊ အားပေးနှစ်သိမ့်ပေးခဲ့ကြသော မိတ်ဆွေများအားလည်းကောင်း၊ မော်လမြိုင်အသင်း၊ ကျိုက်သုတ်ဂေါပကအဖွဲ့၊ ကတိုးကော့နှပ်ရွာနှင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအားလည်းကောင်း၊ ဝမ်းနည်းကြေကွဲခြင်းများစွာဖြင့် မှတ်တမ်းတင်ပေးကြပါသော မိတ်ဆွေ သူငယ်ချင်းများ၊ အဖွဲ့အစည်းများ၊ ဝန်ထမ်းများအပါအဝင် ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူ သားသမီး၊ မြေးများ

ဝမ်းနည်းကြေကွဲခြင်း

ဦးဘွတ်ကလီးယားနား(တောင်ငူ)

အသက်(၈၇)နှစ်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း)ဦးဝင်းတင့်-ဒေါ်ခိုင်နွယ်ထူးတို့၏ဖခင် ဦးဘွတ်ကလီးယားနားသည် ၂၁-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း)ရုံးအဖွဲ့များ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

ဦးဘွတ်ကလီးယားနား(တောင်ငူ)

အသက်(၈၇)နှစ်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း)ဦးဝင်းတင့်-ဒေါ်ခိုင်နွယ်ထူးတို့၏ဖခင် ဦးဘွတ်ကလီးယားနားသည် ၂၁-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(အုပ်ချုပ်ရေး)
ညွှန်ကြားရေးမှူး(အုပ်ချုပ်မှု)နှင့်အုပ်ချုပ်မှုဦးစီး

အထူးဝမ်းနည်းကြေကွဲခြင်း

သံတောင်ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်အားသီ(ခ)ဦးစောဖဲရှ်မိုး အသက်(၆၃)နှစ်သည် ၂၄-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ယခင်သံတောင်ငြိမ်းချမ်းရေးအဖွဲ့ ယခုအသွင်ပြောင်း
အထူးပြည်သူ့စစ်အဖွဲ့ဥက္ကဋ္ဌ ဦးစောဝွယ်မှူး၊ ဒုဥက္ကဋ္ဌ ဦးစောသန်းမြင့်၊
တပ်မှူး ဦးကျော်ဝေ၊ အတွင်းရေးမှူး ဦးမြင့်ဇော်၊ အရာရှိ၊ အရာခံစစ်သည်များ
ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့်ဆက်ဆံရေးတာဝန်ခံ ဦးစောလှထွန်း မိသားစု၊
ဒုတာဝန်ခံ ဦးဝင်းချိုမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးဝေလင်း (Chief Auditor)

Mandalay Shweyi Co., Ltd

အသက်(၅၆)နှစ်

ထားဝယ်မြို့နေ (ဗိုလ်ကြီးဟန်ပ)-ဒေါ်တင်စိုးတို့၏သား၊ တိုက် (17/G-3)၊ မဟာမြိုင်အိမ်ရာ၊ မြောက်ဒဂုံမြို့နယ်နေ အလယ်တန်းပြဆရာမ ဒေါ်ခင်ခင်ဌေး(အ·မ·က ၂၅၊ ဗဟန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဇွန်ဇွန်ခက်ဝေ(Manager, Waaneiza Worldwide Trading Co.,Ltd.)နှင့် ဗိုလ်လောင်းဟိန်းထက်ဝေယံ(အလုပ်သင်ဆရာဝန်၊ DSMA)တို့၏ဖခင်သည် ၂၃-၁-၂၀၁၃ရက် နံနက်၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Waaneiza Worldwide Corporate Company
ကုမ္ပဏီဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်စိုး(တိုက်ကြီးမြို့)

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၆/၅၈၊ အခန်းခြောက်လွှာ၊ ၁၆ လမ်း(အောက်လမ်း)၊ လမ်းမတော်မြို့နယ်နှင့် သုံးဆယ်မြို့၊ မင်္ဂလာလမ်းနေ ဒေါ်အေးအေး(ရွှေမြင့်မိုရ် စိုက်/ဆေးဆိုင်)၏ခင်ပွန်း ဦးမြင့်စိုး အသက်(၆၁)နှစ်သည် ၂၃-၁-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့ဩဘာလုပ်ငန်းစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်သူဇာ

အသက် (၇၂)နှစ်

အန်ကယ် ဦးခင်မောင်လွင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) ဇနီးဒေါ်ချိုသူဇာလွင်၊ ဦးစိုးသူလွင်၊ ဒေါ်ယဉ်သူဇာလွင်တို့၏မိခင်၊ အန်တီ ဒေါ်ခင်သူဇာသည် ၁၆-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်မောင်နီ-ဒေါ်ခင်ခင်ဝင်း
ရွှေပုလဲရတနာ

ရပ်ပျိုဖခင်ကြီး ဒေါက်တာဘိုကြီးအား တစ်နှစ်ပြည့်သတိရအောက်မေ့လွမ်းဆွတ်ခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံဒါယကာကြီး မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီး ရပ်ပျိုဖခင်ကြီး သုဓမ္မမဏိဇောတဓရ သီဟသုဓမ္မမဏိဇောတဓရ ဒေါက်တာဘိုကြီး(လူမှုထူးချွန်)ကွယ်လွန်သွားသည်မှာ ၂၈-၁-၂၀၁၃ရက်တွင် တစ်နှစ်ပြည့်မြောက်သွားပြီးဖြစ်သော်လည်း ယနေ့တိုင် ရပ်ပျိုမိသားစုနှင့် ချစ်တပည့်ဝန်ထမ်းများက ဆရာကြီး၏ မေတ္တာ၊ စေတနာ၊ ကရုဏာအပြည့်ထား၍ ပြုစုစောင့်ရှောက်ပေးခဲ့မှုနှင့် လူမှုအရေး၊ နိုင်ငံအရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရပ်ရေးရွာရေးတို့ပါမကျန် ပါဝင်ထမ်းရွက်ပေးခဲ့သည်ကို ယနေ့တိုင်အမှတ်ထင်ထင် မေ့မရဖြစ်ကြရပါသည်။ သို့ပါ၍ ဆရာကြီးအားရည်စူး၍ ရွှေဘိုမြို့ချမ်းသာကြီးဘုရား အရှေ့ဘက်စောင်းတန်းတွင် ၂၈-၁-၂၀၁၃ရက်နှင့်၂၉-၁-၂၀၁၃ရက်များ၌ (၂)ညတိုင်တိုင် ဓမ္မသဘင်ဆင်ယင်ကျင်းပပူဇော်ကြမည်ဖြစ်ပြီး ရဟန်းသံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ကွမ်း၊ ဆေး၊ ဝတ္ထုကပ်လှူပြု၍ ရေစက်သွန်းချကာ ဆရာကြီးအားအမျှူးထား၍ အမျှပေးဝေပါသည်။

ကြည်သာဝမ်းမြောက် သာဓု…သာဓု…သာဓု…ခေါ်ဆိုနိုင်ပါစေသော်…

ကျန်ရစ်သူမိသားစု
ချစ်ဇနီး ဒေါ်တင်နုနှင့်သားသမီးများ
ရပ်ပျိုတိုင်းရင်းဆေးမိသားစုနှင့်ဝန်ထမ်းများ

ကြော်ငြာ

ဒေါ်လှချို (ရွှေဘို)
အသက်(၈၄)နှစ်

ရွှေဘိုမြို့၊ မြို့ကစ်စုရပ်နေ (ဦးသိန်းဟန်)၏ဇနီး၊ ဦးတင်ဝင်း-ဒေါ်ကြူကြူ (စက်မှု-၂၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးမင်းအောင်(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်မြင့်မာလာဌေး(အကောက်ခွန်)၊ (ဒေါ်မူမူ၊ အထက-၃၊ မြောက်ဒဂုံ)၊ ဦးထွန်းထွန်း (ကျောက်မျက်)-ဒေါ်သီတာဦးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၁-၂၀၁၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၆၂၆၊ မင်းရဲကျော်စွာလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဖွားရ (မုံရွာမြို့)
အသက်(၈၃)နှစ်

မုံရွာမြို့၊ အမှတ် ၄၂ (မြင့်သီဂီတိုက်)၊ ရှမ်းတောရပ်နေ ဦးတိုးရွှင်၏ဇနီး၊ ဆေးတက္ကသိုလ်(မကွေး) အရိုးရောဂါပညာဌာန တွဲဖက်ပါမောက္ခ ဌာနမှူး ဒေါက်တာစန်းလှိုင်-ဒေါ်မို့မို့ခင်တို့၏မိခင်သည် ၂၄-၁-၂၀၁၃ရက် နံနက် ၉း၃၅ နာရီတွင် တိုင်းပြည်သူ့ဆေးရုံကြီး မကွေးမြို့၌ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၃ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ဝင်း
အသက်(၈၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ခြံအမှတ် ၂၀ (ပြင်/ထိန်းဝင်း)နေ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ ဦးတင်အောင်၊ ဒေါ်ကေသီဝင်း၊ (ဦးစိုးအောင်)-ဒေါ်နန်းမြင့်လေး၊ ဦးချစ်ကိုကို(အမှုဆောင်အရာရှိ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)-ဒေါ်နီလာဝင်း၊ ဦးဝင်းမြင့်(ညွှန့်ချုပ်၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန)-ဒေါ်စန္ဒာဝင်း၊ ဒေါ်မာလာဝင်းတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၇-၁-၂၀၁၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် မရမ်းကုန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၃ရက် (စနေနေ့)တွင် အထက်ပါ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ဝင်း
အသက်(၈၀)

မန္တလေးမြို့၊ ၇၇လမ်း၊ ၃၃×၃၄ကြား၊ အမှတ် ၂၀၉နေ (ဦးလှမြင့်၊ ရုံပိုင်ချုပ်၊ ငြိမ်း)-ဒေါ်ခင်သိန်းတို့၏သား၊ (ဗိုလ်မှူးကျော်မြင့်၊ ငြိမ်း)-ဒေါ်ရီရီမြင့်၊ ဦးသန်းလှိုင်-(ဒေါ်ကြည်ကြည်)၊ (ဒေါ်နီနီ)၊ (ဒေါ်ခင်ညွန့်ညွန့်)တို့၏ညီမောင်၊ ဒေါက်တာဒေါ်သန်းသန်း၊(ဦးဝင်းမြင့်-ဒေါ်နွယ်နွယ်အေး)၊ ဒေါက်တာဦးခင်မောင်ထူး-ဒေါက်တာဒေါ်ဌေးဌေးနွယ်၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်ထွေးရီ၊ ဒေါ်လီလီ၊ ဦးတင်မောင်မောင်-ဒေါ်သက်သက်မြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ခြံအမှတ် ၂၀(ပြင်/ထိန်းဝင်း)နေ ဒေါ်ခင်သိန်း၏ခင်ပွန်းသည် ၂၇-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် မရမ်းကုန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၃ရက် (စနေနေ့)တွင် အထက်ပါ မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်နိုင်
KK H_2O သောက်ရေသန့်၊ နောင်ချိုမြို့
အသက်(၄၃)နှစ်

နောင်ချိုမြို့၊ ဈေးရပ်ကွက်၊ နယ်မြေ(၆)နေ ဦးညွန့်လွင်-ဒေါ်ခင်ချိုတို့၏သားငယ်၊ ဦးအောင်နိုင်-ဒေါ်စန္ဒာတို့၏ညီ၊ ဒေါ်သီသီလွင်၏မောင်၊ ဦးရဲမင်းအောင်-ဒေါ်ရီရီလွင်(USA)တို့၏အစ်ကို၊ ကျောက်မဲမြို့၊ (၃)ရပ်ကွက်နေ ဦးကျော်ဦး-ဒေါ်မူမူကြိုင်တို့၏သားသမက်၊ ဦးစည်သူဦး-ဒေါ်အိအိခိုင်မွန်၊ မောင်ကျော်လွင်ဦးတို့၏အစ်ကို၊ ဒေါ်ဝင်းမေဦး၏ခင်ပွန်း၊ မမေသန့်ဖြူ၏ဖခင်သည် ၂၅-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှ ကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ရွှေ (တွံတေး၀)
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇၅၊ ရတနာသိပ္ပံလမ်း၊ သီရိရတနာရိပ်သာ၊ ဘောက်ထော်နေ (ဦးကြန်-ဒေါ်သစ်)တို့၏သမီး၊ ဦးစုခွန်း(မြန်မာ့ရေနံ၊ ငြိမ်း)၏ဇနီး၊ (ဦးအေးကို)-ဒေါ်တင်တင်ဦး၊ ဒေါက်တာကျင်ကျင်ဦး(U.S.A)၊ ဦးသိန်းဆွေ၊ ဦးဝေလင်းအောင် (C/E, SB Maritime Co., Ltd.) - ဒေါ်သန်းသန်းအေး၊ ဒေါက်တာချောချောတို့၏မိခင်၊ဦးခိုင်ကြီးစိုး-ဒေါက်တာဆွေဆွေအေး၊ဒေါက်တာမျိုးမင်းသာ၊ ကိုစိန်လှိုင်ထွန်း(American Embassy)-မမြတ်သန္တာအောင်(ခ) ဖူးဖူးတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၇-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်စီ (မေတ္တာမွန်ပုံနှိပ်တိုက်)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၉၁၊ ဝေဇယန္တာဥယျာဉ်ရိပ်သာ ၁လမ်း၊ သဃ်္ဃန်းကျွန်းနှင့် အမှတ် ၂၂၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ (ဦးထွန်းအောင်-ဒေါ်ခိုင်)တို့၏သမီး၊ (ဦးစိုးနိုင်၊ ကြေးမုံ)၏ဇနီး၊ ဦးမောင်မောင်နိုင်-ဒေါ်အေးအေးမူ(မေတ္တာမွန်ပုံနှိပ်တိုက်)တို့၏မိခင်၊ မောင်ရဲမင်းမောင်(Hawaii Pacific University U.S.A)၊ မအိမ့်သူမောင်(B.C.Sc)တို့၏အဘွားသည် ၂၆-၁-၂၀၁၃ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ရီလေးချို (ပျဉ်းမနား)
B.Com., B.Ed., D.T
အထက်တန်းပြ၊ အထက(၁)(၂)(ပျဉ်းမနား)၊အလယ်တန်းကျောင်းအုပ်(ငြိမ်း)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ တိုက်အမှတ် ၂၅(ပထမထပ်)နေ ဦးထွန်းရွှေ၏ဇနီး၊ ဒေါက်တာဦးအောင်ဆန်းဝင်း (မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါက်တာဒေါ်မြင့်အေး၊ ဦးမောင်မောင်လေး (Roswell English Center)-ဒေါက်တာဥမ္မာ(ပါမောက္ခ၊ဇီဝကမ္မဗေဒဌာန၊ ဆေး-၂)၊ ဦးကောင်းကောင်းဇော်-ဒေါ်ယုမာချို(မြို့နယ်စာရင်းစစ်အရာရှိ၊ ဆိပ်ကမ်းမြို့နယ်စာရင်းစစ်ရုံး)၊ ဦးဉာဏ်သာရွှေ(Managing Director, United Integrated Engineering Pte., Ltd.Singapore)-ဒေါ်ကြူကြူနွဲ့တို့၏မိခင်၊ ဒေါက်တာလွဲ့လွဲ့ဝင်း၊ ဒေါက်တာဇင်ဇင်ဝင်း၊ မောင်ဉာဏ်လင်းပြည့်၊မောင်လင်းဝင်းထက်ဉာဏ်၊ မောင်သန့်အောင်ထက်ဉာဏ်၊ မောင်ဘုန်းဟန်ထက်တို့၏အဘွားသည် ၂၇-၁-၂၀၁၃ရက် နံနက် ၁း၂၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိယာမကြီး

ဒေါ်ခင်ရွှေ
အသက်(၇၉)နှစ်

ရွှေပြည်သာမြို့၊လိမ်ကုန်းရွာနေ(ဦးဖိုးအေး-ဒေါ်မယ်ကြဲ)တို့၏သမီး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မြေတိုင်း(၃)၊ ပန်းခြံ ၁၀၊ စိန်စီဂုဏ်ရောင်လမ်း၊ အမှတ် ၃၀၂-ကနေ ဦးစံရင်(သစ်အုပ်၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီး၊ (ဦးသာလှိုင်-ဒေါ်မြဝင်း)တို့၏သမီးချွေးမ၊ အလုံမြို့နယ်နေ ဦးလှဦး(N.T.T ကုမ္ပဏီ)-ဒေါ်နုနုလှိုင်(အုပ်ချုပ်ရေး၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးအေးသိန်း(လ/ထ မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ဖြူဖြူလှ(အထက-၆၊ အလုံ)၊ ဦးဝင်းဌေး-ဒေါ်မြမြချစ်၊ ဦးဌေးအောင်-ဒေါ်ဖြူဖြူသွယ်၊ ဒေါ်မြင့်မြင့်စိန်၊ (မောင်မျိုးဇော်ထွန်း)၊ ဦးအောင်ဇော်လင်း(ရတနာကဖီး)-ဒေါ်ယဉ်ယဉ်ထွေးတို့၏မိခင်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၂၇-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၀၀း၁၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ဦးစံရင် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

သတင်းထောက်သောင်းညွန့်(ဖျာပုံ) အသက်(၆၅)နှစ်

ဖျာပုံမြို့၊ အမှတ် ၁၀၈၊ ၁၁လမ်း၊ (၁၀)ရပ်ကွက်နေ (ဦးတင်မောင်-ဒေါ်စိန်ညွန့်)တို့၏သားကြီး ဦးသောင်းညွန့်သည် ၂၄-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သတင်းထောက်ဦးကျော်လှ၊ (သား)ကိုဝင်းကျော်နှင့်သမာဓိမိသားစု၊
ကုန်သည်ကြီးလမ်း၊ တောင်ငူမြို့

ဝမ်းနည်းကြေကွဲခြင်း

ငမိုးရိပ်ရပ်ကွက် သဗ္ဗသိဒ္ဓိလူမှုကူညီရေးအဖွဲ့ဝင် တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်သန့်၏ဖခင် ဦးသန်းရွှေသည် ၂၆-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ငမိုးရိပ်ရပ်ကွက် လူမှုကူညီရေးအဖွဲ့မှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၅လမ်းနေ ဦးအောင်ကျော်စိုး (၄၇)နှစ်သည် ၂၆-၁-၂၀၁၃ရက် ညနေ ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Poly Ice Co., Ltd. မိသားစု

Plastic World Ltd. မိသားစု

ဒေါ်အေးသန့်
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးအောင်သင်-ဒေါ်ရင်နု)တို့၏ သမီး၊ (ဦးဘနီ)၏ဇနီး၊ ဒေါ်ကြည်ကြည်၏အစ်မ၊ ဒေါ်မူမူခင်၊ ဦးဝင်းမြင့်-ဒေါ်ကြင်သိန်း၊ ဦးတင်ထွဋ်-ဒေါ်အေးသန်း၊ ဦးဇော်ဝင်း-ဒေါ်အမာနီ၊ ဦးမင်းထွဋ် (လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တော၊ ကော့သောင်းခရိုင်)-ဒေါ်သန်းသန်းဆွေထွန်းတို့၏မိခင်၊မငြိမ်းချမ်းမြေ့၊ မောင်ကောင်းဇော်ဆက် (ခေတ္တ-ဂျပန်)၊ မောင်ပြည့်သူအောင် (ခေတ္တ-ဂျပန်)၊ မယဉ်ဝါဝါရှင်း (BE Civil၊ လှိုင်သာယာ)၊ မောင်မြတ်ဘုန်းမြင့်(First Year GTC၊ လှိုင်သာယာ)တို့၏အဘွားသည် ၂၇-၁-၂၀၁၃ရက် မွန်းလွဲ ၁၂း၀၃နာရီတွင် အမှတ် ၂၉-အေ၊ အနီးဃာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ရီလေးချို (ပျဉ်းမနား)
B.Com, B.Ed, D.T
အထက်တန်းပြ၊ အထက(၁)(၂)
(ပျဉ်းမနား)
အလယ်တန်းကျောင်းအုပ်(ငြိမ်း)
အသက်(၈၈)နှစ်

ပျဉ်းမနားမြို့နေ (စိန်ရွှေရတနာကုန်သည် ဦးမောင်လေး-ဒေါ်အေးချို)တို့၏သမီးကြီး၊ (ဒေါက်တာမျိုးအောင်ကျော်လွင်)-ဒေါက်တာမျိုးအေး၊(စာရေးဆရာ ဦးစိန်လွင်လေး-ဒေါ်သန်းရီလေး)၊ ဦးလွင်မိုး(ဒု-ထွေ/ဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်တင်မြ၊ (ဒေါက်တာဇော်လွင်ထွေး) - နော်ထူးဖောညွန့်၊ ဦးသောင်းမြင့်(ညွှန်မှူး၊ စီမံ၊ ငြိမ်း၊ ရေနံဓာတု)-ဒေါ်ခင်စောမူ(အထကပြ၊ ငြိမ်း)တို့၏အစ်မကြီး၊ တူ၊ တူမ ၂၂ယောက်တို့၏ကြီးကြီးသည် ၂၇-၁-၂၀၁၃ရက် နံနက် ၁း၂၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု

ဦးကျော်ထူး (အထက၊ အုန္ခဲ)
အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန္ခဲစံပြကျေးရွာနေ (ဦးဘထုံး-ဒေါ်တွတ်ရီ)တို့၏သား၊ (ဦးအောင်သာ-ဒေါ်သန်းကြည်)တို့၏သားသမက်၊(ဦးအောင်ဂိုး)၊ (ဦးဦးမြင့်) - ဒေါ်မြင့်မြင့်သန်း၊ (ဦးညွန့်လွင်)-ဒေါ်မြင့်မြင့်စိုး၊ ဦးသက်ထွဋ်တို့၏ညီမောင်၊ ဒေါ်သန်းအေး (မြို့နယ်စာရင်းရုံး၊ ကဝမြို့)၏ခင်ပွန်း၊ ဗိုလ်ကြီးကျော်လင်းဦး၊ကိုကျော်လင်းထူး၊ မဆုမွန်ထူးတို့၏ဖခင်သည် ၂၆-၁-၂၀၁၃ရက် (စနေနေ့) ည ၁၁း၄၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် ၆၂၅(က)၊ သောင်တပင်လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အုန္ခဲကျေးရွာရှိနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်ကျော်စိုး (ကညန)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ဘုရင့်နောင်အိမ်ရာစခန်း၊ ၅လမ်း၊ တိုက် ၄၅/၄၆၊ အခန်း ၁၂နေ (ဦးသန်းအောင်)-ဒေါ်လှပျော်တို့၏သားလတ်၊ ဦးဇော်ဝင်း-ဒေါ်ယဉ်ယဉ်အောင်(အလက-၁၊ နေပြည်တော်)၊ ဦးအောင်သန်းထိုက်-ဒေါ်ချိုချိုစန်း (အထက-၁၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်လွင်လွင်အောင်(အထက-၅၊ ကမာရွတ်)တို့၏ညီမောင်၊ ဦးအောင်ဇော်မျိုး၏အစ်ကို၊ မောင်ရဲဇော်အောင် UM-II,FP (1)၊ မနှင်းသဒ္ဒါထိုက်(အမက-၁၄၊လှိုင်)တို့၏ဦးလေးသည် ၂၆-၁-၂၀၁၃ရက် (စနေနေ့)ညနေ ၄း၀၅နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၈-၁-၂၀၁၃ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဇေက (မဟာဂန္ထဝါစကပဏ္ဍိတ)
ဓမ္မမိတ္တ(ပေါက်ခေါင်း)
ပညာဇောတာရုံစာသင်တိုက်၊ ပေါက်ခေါင်းမြို့
သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၄၄)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ဘန့်ပြင်ကျေးရွာနေ ခမည်းတော် ဦးသိန်းမောင်-မယ်တော် ဒေါ်အုန်းရှင်တို့၏သားတော်၊ ပေါက်ခေါင်းမြို့၊ ပညာဇောတာရုံစာသင်တိုက်ကြီး၏ တိုက်အုပ်စာချဆရာတော် ဘဒ္ဒန္တဇေက (မဟာဂန္ထဝါစကပဏ္ဍိတ)သည် (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၁၀ရက်) ၂၁-၁-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁၀း၄၅နာရီ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၁ရက်) ၁၁-၂-၂၀၁၃ရက် (တနင်္လာနေ့)တွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ပေါက်ခေါင်းမြို့မှတပည့်များ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်သိန်း(ခ)ဗိုလ်ကြီးသန့်ဇင် (ငြိမ်း)
B.E.M.E BC (၈၉၀၁)၊ B.Sc (Eng:)
ENGINEERING NEW COURSE 1948-49
အထွေထွေမန်နေဂျာ၊ မြန်မာဆေးဂဲ In'l. Ltd. (ငြိမ်း)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဥဿဖရားလမ်း၊ အမှတ် ၇၂၆နေ (ဦးဘကျော်-ဒေါ်လှခင်)တို့သား၊ (ဦးဘိုကျော်-ဒေါ်စန်းစန်းရီ)တို့၏သားသမက်၊ဒေါ်ဥမ္မာကျော်၏ခင်ပွန်း၊(ဦးသန်းအောင်-ဒေါ်ခင်ကြည်)၊ (ဒေါ်တင်အေး)၊ ဦးလှမြိုင်(ကိုဆောင်း)(အယ်ဒီတာချုပ်၊ ငြိမ်း၊ လုပ်သားပြည်သူ့နေ့စဉ်)-(ဒေါ်မြင့်မြင့်)၊ (ဗိုလ်ကြီးစံတင်-ဒေါ်တင်မြင့်)တို့၏ညီမောင်၊ ဦးထင်ကျော်-(ဒေါ်အေးအေးမြင့်)တို့၏အစ်ကို၊ ဦးဇေယျာကျော်(UNITEAM)-ဒေါ်အေးအေးမြင့်၊ (ဦးတေဇာကျော်-ဒေါ်ဖြူဖြူကြည်)၊ ဦးစန္ဒာကျော်-ဒေါ်သီတာလှိုင်၊ ဦးဒေဝါကျော်-ဒေါ်ခင်ဆွေမြင့်တို့၏အစ်ကို၊ တူ၊ တူမ ၂၅ယောက်တို့၏ဦးကြီးသည် ၂၅-၁-၂၀၁၃ရက် (သောကြာနေ့)ညနေ ၄း၀၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်သိန်း(ခ)ဗိုလ်ကြီးသန့်ဇင် (ငြိမ်း)
B.E.M.E BC (၈၉၀၁)၊ B.Sc (Eng:)
ENGINEERING NEW COURSE 1948-49
အထွေထွေမန်နေဂျာ၊ မြန်မာ့ဆေးဂဲ In'l. Ltd. (ငြိမ်း)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ဥဿဖရားလမ်း၊ အမှတ် ၇၂၆နေ(ဦးဘကျော်-ဒေါ်လှခင်)တို့၏သား၊ (ဦးဘိုကျော်-ဒေါ်စန်းစန်းရီ)တို့၏သားသမက်၊ ဒေါ်ဥမ္မာကျော်၏ခင်ပွန်း၊ ဦးလှမိုး(M.D, မိုးပြည့်သစ္စာဆောက်လုပ်ရေး)-ဒေါ်အောင်ဥမ္မာ(LAVENDER BEAUTY SPA)၊ ဦးဉာဏ်မော်ထူး (Maintenance Engineer,Baxter Bioscience,S'pore Branch)-ဒေါ်ဝင်းရွှေဝါ(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မသန့်သစ္စာ(1^{st} year, Geo:)၊ မမိုးပြည့်ခင် (Grade-9,A၊ အထက-၂၊ ကမာရွတ်)၊ မဖူးငုံဉာဏ်(Primary-4)၊ မခင်သက်ထားဉာဏ်(Primary-3) (YUHUA Primary School,S'pore)တို့၏အဘိုးသည် ၂၅-၁-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄း၀၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်မောင်ဝင်း (ရန်ကုန်)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၅လမ်း၊ အမှတ် ၂၃နေ ဒေါ်ဝင်းဝင်းမြိုင်၏ခင်ပွန်း၊ ဦးမျိုးမင်းခိုင်(S.R Shipping)-ဒေါက်တာအေးစုမွန်ဝင်း(အထက၊ သာပေါင်း)၊ ဦးထွန်းထွန်းဝင်း(Graphic Designer, Capital Hypermarket)-ဒေါ်ချောစုဟန်၊ ဦးထွန်းထွန်း- Dr. သက်စုမွန်ဝင်း(ထန်းတပင်ဆေးရုံ၊ တောင်ငူ)တို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၅-၁-၂၀၁၃ရက် (စနေနေ့)နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၁၃ရက် (တနင်္လာနေ့)တွင် တောင်ငူခရိုင်၊ ထန်းတပင်မြို့၊ ဗိုလ်ချုပ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့ အထက်ပါနေအိမ်သို့ တစ်လပြည့်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအုန်းသွင် (ကိုခင်ဦး)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်းသွယ်(၁)၊တိုက်အမှတ် ၃/၂နေ(ဦးအုန်းထွေး-ဒေါ်ခင်သန်း-ဒေါ်တင်လှ)တို့၏သား၊ဒေါ်ခင်မိမိ၏ခင်ပွန်း၊ ဦးဝင်းရွှေ (ရန်ကုန်သရဖူကုမ္ပဏီ)-ဒေါ်ရင်ရင်ဆွေ(YESB)၊ ဦးစိန်ဝင်း(အာရှတော်ဝင်)တို့၏အစ်ကို၊ ဦးစိုးမြင့်ဦး-ဒေါ်ကြူကြူမာသိမ်း(စင်ကာပူ)၊ ကိုမျိုးသိန်းနိုင်-မအေးအေးမင်း(မမင်း) (တင်ဝင်းထွန်းကုမ္ပဏီ)၊ မောင်ရဲစိုးမြတ်-မဝင်းစန္ဒာမင်း(စင်ကာပူ)၊ ကိုမြင့်မြတ်-မဇင်မာလွင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည်၂၇-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဝင်းကြည်(ခ)
ဒေါ်အေးအေး
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ကြာပဒုမ္မမာလမ်း၊ အမှတ် ၁၃၁၃နေ (ဦးဖိုးတွတ်-ဒေါ်ငွေတင်)တို့၏သမီးကြီး၊ ဦးလှမြင့်၏ဇနီး၊ ဒေါ်ခင်စန်းဝင်း၏အစ်မ၊ ဦးထိန်လင်းဦး-ဒေါ်အေးထွမ်း၊ဦးလကျာ်ဝင်း-ဒေါ်ရီရီဝင်း၊ ဦးထိန်ဝင်းဦး-ဒေါ်နီလာ၊ ဦးထိန်မင်းဦး-ဒေါ်မြတ်မျိုးနွယ်၊မကြည်ကြည်ဆွေ၊ ကိုကျော်လပြည့်-မနော်ဝါးထူးတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၇-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ကမ္ဘာ့စီးပွားရေးဖိုရမ် တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး မြန်မာနိုင်ငံက အဓိကကဏ္ဍမှ ပါဝင်မည့်ကိစ္စများ ဆွေးနွေးခဲ့

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် နှစ်စဉ်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဒုတိယသမ္မတဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှထွက်ခွာ၍ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်သို့ရောက်ရှိရာ လေဆိပ်၌ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်းနှင့် သံရုံးအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် နံနက် ၂ နာရီတွင် ဗန်ကောက်မြို့မှ ဇူးရစ်မြို့သို့ ဆက်လက်ထွက်ခွာလာပြီး ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီ မိနစ် ၅၀ တွင် ဇူးရစ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးမောင်ဝေနှင့်အဖွဲ့ ရုံးဝန်ထမ်းများက ကြိုဆိုခဲ့ကြသည်။

ဒုတိယသမ္မတဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့မွန်းလွဲပိုင်းတွင် ဇူးရစ်မြို့မှ ထွက်ခွာခဲ့ရာ ညပိုင်းတွင် ဒါးဗို့စ်မြို့သို့ ရောက်ရှိခဲ့သည်။

ဒုတိယသမ္မတသည် ဇန်နဝါရီ ၂၅ ရက် နံနက် ၁၁ နာရီခွဲတွင် ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်သဘာပတိ Professor Klaus Schwab အား အစည်းအဝေးကျင်းပရာ ဒါးဗို့စ်မြို့ ကွန်ဂရက်စင်တာရှိ ၎င်း၏ ရုံးခန်း၌ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကိစ္စ၊ မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ် ဇွန်လတွင် ကျင်းပမည့် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်အတွက် ကြိုတင်ပြင်ဆင်နေမှုကိစ္စ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❄



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဆွစ်ဇာလန်နိုင်ငံ ဒုတိယသမ္မတ H.E. Mr. Didier Burkhalter အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကမ္ဘောဇအသင်း ခြေစွမ်းပြပြီး နိုင်ပွဲဆက်

တောင်ကြီး ဇန်နဝါရီ ၂၇

MNL Myanmar ၂၀၁၃ အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနိုင်ပွဲရသွားပြီး မကွေးနှင့် မနောမြေတို့ သရေကျသွားသည်။

(KBZ ကွင်း)

ကမ္ဘောဇ - **သုံးဂိုး**
(နူနက်ဇ်၊ ကျော်ဇေယျာဝင်းနှင့် စိုးမင်းဦး-တစ်ဂိုးစီ)
ရောဝတီယူနိုက်တက် - **ဂိုးမရှိ**

ပွဲစဉ်(၃)တွင် နေပြည်တော်ကို အနိုင်ကစားပြီး နိုင်ပွဲစတင်ရရှိခဲ့သည့် ကမ္ဘောဇအသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြပြီး နိုင်ပွဲဆက်ခဲ့သည်။ နိုင်ပွဲလုံးဝမရသေးဘဲ သုံးပွဲဆက်သရေကျထားသည့် ရောဝတီအသင်းမှာ အဝေးကွင်းတွင် ကမ္ဘောဇအသင်းကို ဂိုးပြတ်ရှုံးနိမ့်ကာ ပထမဆုံး ရှုံးပွဲဖြင့် စတင်ရင်ဆိုင်ခဲ့ရသည်။ ကမ္ဘောဇအသင်းမှာ နိုင်ပွဲဆက်ရေးအတွက် နိုင်ငံခြားသားကစားသမားလေးဦး အပါအဝင် ဝင်းမင်းထွဋ်၊ စိုးမင်းဦး၊ ကျော်ဇေယျာဝင်း၊ ကျော်ဇင်ထက်တို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး ပွဲစပြီး မကြာခင်မှာပင် နူနက်ဇ်က ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သည်။

ဂိုးရပြီးနောက်ပိုင်းတွင် ကမ္ဘောဇအသင်း ကစားပုံပိုကောင်းလာပြီး

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်

ရောဝတီကို ဖိကစားနိုင်ခဲ့သည်။ ၃၅ မိနစ်တွင် ကွင်းလယ်လူ ကျော်ဇေယျာဝင်းက ရောဝတီနောက်ခံလူ ဇော်ဇော်ဦးအမှားမှတစ်ဆင့် ဒုတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရောဝတီတို့ ချေပဂိုးရရန် ကြိုးစားသော်လည်း ဆန္ဒစောနေ၍ အရာမထင်ခဲ့ပေ။ ကမ္ဘောဇအသင်းအတွက် ပွဲသိမ်းဂိုးကို ၈၆ မိနစ်တွင် တိုက်စစ်မှူး စိုးမင်းဦးက သွင်းယူပေးခဲ့သည်။

(သုဝဏ္ဏကွင်း)

မကွေး - **နှစ်ဂိုး**
(မူရီလို-ပယ်နယ်တီနှင့် ကိုကိုနိုင်)
မနောမြေ - **နှစ်ဂိုး**
(အက်စလေ)

ပွဲစဉ်(၄)အပြီးတွင် ဇေယျာရွှေမြေက ပထမ၊ ရန်ကုန်က ဒုတိယ၊ ကမ္ဘောဇက တတိယနေရာတို့တွင် ရပ်တည်နေသည်။ **(မြန်မာ့အလင်း)**

ကမ္ဘောဇနှင့် ရောဝတီတို့ ဂိုးရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။

စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်ယူရေး အဆင့်မြင့်နည်းလမ်းများ သုတေသနပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၂၇

ဆန်စက်လုပ်ငန်းများနှင့် အဆင့်မြင့်ဆန်၊ ဆန်ထွက်ပစ္စည်းများ ထုတ်လုပ်မှုတို့တွင် လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိစေရေး၊ အနီးအနားရှိ ကျေးရွာများအား လျှပ်စစ်မီးပေးဝေနိုင်ရေးအတွက် စပါးခွံမှတစ်ဆင့် လျှပ်စစ် ဓာတ်အားရရှိနိုင်ရေးအတွက် အဆင့်မြင့်သုတေသနလုပ်ငန်းများ စတင်လုပ်ကိုင်လျက်ရှိပြီး လာမည့် ၂၀၁၄ ခုနှစ်အတွင်း စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

"ကျေးလက်ဒေသတွေမှာတော့ တစ်နိုင်တစ်ပိုင် လျှပ်စစ်မီးကို စပါးခွံကနေတစ်ဆင့် ထုတ်လုပ်ပြီး မီးပေးနိုင်ကြပါတယ်။ လက်ရှိမှာ အဲဒီစနစ်ကို ပိုပြီးတိကျတဲ့ သုတေသနဆောင်ရွက်မှုတွေ ပြုလုပ်ဖို့အတွက် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ တစ်သန်းခွဲထည့်ဝင်ပေးထားတဲ့အတွက် ၂၀၁၃ ခုနှစ်အတွင်းမှာပဲ စမ်းသပ်မှုတွေပြုလုပ်ပြီး ဓာတ်အား ရရှိရေးလုပ်ငန်းတွေကို နှစ်ကုန်ပိုင်းမှာ စတင်ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက ပြောကြားသည်။

စပါးခွံမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေးစီမံကိန်းအား ယခုလက်ရှိတွင် ညောင်တုန်းမြို့နယ် ဒို့လယ်သမားဆန်စက်နှင့် ဒေးဒရဲမြို့နယ်ရှိ စံပြ ဆန်စက်တို့တွင် စတင်စမ်းသပ်လည်ပတ်မှုပြုလုပ်ရန် လျာထားလျက်ရှိပြီး အဆိုပါ စီမံကိန်းအား ဂျပန်နိုင်ငံရှိ NEDO စီမံကိန်းမှ အဓိကပံ့ပိုးကူညီပေးထားပြီး အခြားဂျပန်ကုမ္ပဏီတစ်ခုမှ အမေရိကန်ဒေါ်လာ လေးသိန်းကျော် ပူးပေါင်းထည့်ဝင်ထားကြောင်း သိရှိရသည်။ စပါးခွံသည် လယ်ယာလုပ်ငန်းများအတွင်း စွန့်ပစ်ပစ္စည်းဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် လောင်စာထုတ်လုပ်နိုင်သည့် စွမ်းအင်တစ်မျိုးအဖြစ် အသွင်ပြောင်းလဲနိုင်ကြောင်းသိရှိကြပြီး လွန်ခဲ့သည့် ၁၅ နှစ်ခန့်က စတင်ကာ မြန်မာနိုင်ငံ ကျေးလက်ဒေသအချို့တွင် တစ်နိုင်တစ်ပိုင် လျှပ်စစ်မီးထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း ကချင်ပြည်နယ် ထီးချိုင့်ကျေးရွာမှ မီးအလင်းရရှိရေးဆောင်ရွက်သူတစ်ဦးကပြောပြသည်။

ယခု လက်ရှိတွင် စတင်သုတေသနပြုစမ်းသပ်လျက်ရှိသည့် အခြေအနေများ ပြီးစီးသွားပါက ရန်ကုန်၊ ပဲခူးနှင့် နေပြည်တော်တို့ရှိ ဆန်စက်များနှင့် အခြားဆန်ထွက်ကုန်များ ထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသွားနိုင်ရန်ရည်ရွယ်ထားပြီး လေ့လာ စမ်းသပ်မှုများအတွက် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်အချို့နှင့် ဂျပန်နိုင်ငံမှ နည်းပညာကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

သွန်းဝသန်

အချပ်ပိုပါရှိ

ယနေ့ထုတ်မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (၈) မျက်နှာပါရှိပါသည်။

မြန်မာ့အလင်းသတင်းစာဖတ်ပြည်သူများသို့ အသိပေးခြင်း

နေပြည်တော် ဇန်နဝါရီ ၂၇

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ၏ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၅)တွင် မန္တလေးနှင့်အထက်မြန်မာပြည်သတင်းနှင့် ကြော်ငြာများကို သီးသန့်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ မန္တလေးမြို့မှ ကြော်ငြာထည့်သွင်းလိုသည့် မိဘပြည်သူများအနေဖြင့် မိမိတို့ကြော်ငြာများကို တစ်ရက်ကြိုတင်၍ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် (၂၀×၂၀)လမ်းကြားနှင့် (၈၂×၈၃) လမ်းကြားရှိ ကိုယ်ပွားသတင်းစာတိုက်ကြော်ငြာဌာန ဖုန်း-၀၂-၃၂၅၅၀ npepresshouse.mdy@gmail.com သို့ဖြစ်စေ၊ ရန်ကုန်မြို့တွင် ကြော်ငြာထည့်သွင်းလိုသူများအနေဖြင့် ပုဇွန်တောင်မြို့နယ် (၅၂) လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ကြေးမုံသတင်းစာတိုက်တွင် ဖွင့်လှစ်ထားသော မြန်မာ့အလင်းကြော်ငြာဌာန၊ ရွှေဂုံတိုင် မြန်မာ့အလင်းပုံနှိပ်တိုက်နှင့် မြန်မာ့အလင်းသတင်းစာတိုက်ကြော်ငြာဌာန ဖုန်း-၀၁-၅၄၅၈၃၄ သို့ ဆက်သွယ်ပေးပို့ဆောင်ရွက်နိုင်ပါကြောင်းနှင့် သတင်းစာပါ စာလုံးအရွယ်အစားကိုလည်း အများပြည်သူတို့၏အကြံပြုချက်အရ ယခုအခါ (၁၁) ပွိုင့်ဖြင့် ပြောင်းလဲဆောင်ရွက်နေပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **(မြန်မာ့အလင်း)**

သတင်းအညွှန်း

တစ်ဦးပျက်စီးရာ ပျက်စီးကြောင်းကို တစ်ဦးကလိုလားပြီး မေတ္တာတရား မထားနိုင်ပါက ပဋိပက္ခ သဏ္ဌာန် ဖြစ်ပေါ်နေလိမ့်မည် (ခေါင်းကြီး) စာ-၂

တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ လန်ဒန်မြို့၌ ကျင်းပ စာ-၄

ဆီးချိုဝေဒနာရှင်များ ကျောက်ကပ်ကျန်းမာရေး အထူးဂရုစိုက်ရန်လို စာ-၅

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း သဘာဝတစ်စိတ် တစ်ဒေသရှုမြင်ခြင်း (ဆောင်းပါး) စာ-၁၀

အစားအသောက်များအတွင်း ဆိုးဆေး အန္တရာယ် မြင့်မားလာ စာ-၁၄

နိုင်ငံတကာဘောလုံးပွဲ အနိုင်အရှုံး

၂၇-၁-၂၀၁၃

အင်္ဂလန်အက်ဖ်အေဖလား

ဘရင့်ဖို့ဒ်	၂-၂	ချယ်လ်ဆီး
လိဒ်	၂-၁	စပါး

အီတလီစီးရီးအေ

ကာတာနီးယား	၂-၁	ဖီအို
ဘိုလော့ဂ်နာ	၃-၃	ရိုးမား
အတ္တလန်တာ	၀-၁	အေစီ
ပါးမား	၁-၂	နာပိုလီ
ကာဂလီ	၁-၁	ပါလာမို
ဆမ်ဒိုးရီးယား	၆-၀	ပက်စ်ကာရာ
အူဒီးနိစ်	၁-၀	ဆီနာ

ပြင်သစ်လိဂ်

စိန့်အီသီယန်	၃-၀	ဘက်စတီယာ

စပိန်လာလီဂါ

ရီးရဲမက်ဒရစ်	၄-၀	ဂီတာဖေး